# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည်။ Established in 1957


**ယောက်ျားအာဇာနည်**

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)


၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၅ ရက်၊ တနင်္လာနေ့။ Monday, 19 February 2018 ၉၂၀၅


ရွှေတိဂုံစေတီတော် စေတီယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ပူဇော်ပွဲနှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ


စာမျက်နှာ » ၃


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုစာဖြင့် တည်ခင်းဧည့်ခံ


စာမျက်နှာ » ၅


မြန်မာနိုင်ငံ၏ ပထမဦးဆုံး မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းပြီးစီးပါက အိမ်ထောင်စုပေါင်း ၂၁၀၀၀ ကို လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်မည်


စာမျက်နှာ » ၂၁


# အများပြည်သူကြားမှ ထွက်ပေါ်လာသည့်အသံကို အများပြည်သူဆီသို့ ဆက်လက်ဖြန့်ချိနိုင်အောင် ဆောင်ရွက်သည့် အစီအစဉ်တစ်ရပ်အဖြစ် ခရေ FM - ထန်းတပင် လူထုရေဒီယို ဖွင့်ပွဲကျင်းပ

## ရေဒီယိုသာမက မိုဘိုင်းဖုန်းဖြင့်လည်း 104.8 MHz မှ ဖမ်းယူနားဆင်နိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ခရေ FM - ထန်းတပင် လူထုရေဒီယို ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ခရေ FM - ထန်းတပင် လူထုရေဒီယိုတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အတွင်းသဲဖြူကျေးရွာ စုပေါင်းအားမာန်ရုံး၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်ဖွင့်လှစ်ပေးသည်။

ထန်းတပင် လူထုရေဒီယိုဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မိမိတို့သည် အစိုးရမီဒီယာမှ အများပြည်သူနှင့်ဆိုင်သော မီဒီယာအဖြစ် အသွင်ကူးပြောင်းနေပါကြောင်း၊ ယင်းသို့ ကူးပြောင်းနိုင်ရန်အတွက် ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များတွင် အများပြည်သူ၏အသံများများပါရန် ထည့်သွင်းပါကြောင်း၊ ထိုသို့ထည့်သွင်းရာတွင် အစီအစဉ်တစ်ခုအနေဖြင့် ရေဒီယိုနှင့် ရုပ်မြင်သံကြားတွင် မြန်မာနိုင်ငံအနှံ့အပြားရှိ တိုင်းရင်းသားများ၏ အသံများ၊ တိုင်းရင်းသားများ၏ အစီအစဉ်များအနေဖြင့် ထုတ်လွှင့်နေမှုများရှိပါကြောင်း၊ ဒါတွေသည် အများပြည်သူကြားမှ ထွက်ပေါ်လာသည့်အသံကို


စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ခရေ FM - ထန်းတပင် လူထုရေဒီယိုမှ တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။


KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by FinanceAsia 2017

ကြေးမုံ

# ပြည်သူ့အကျိုးပြု မီဒီယာကဏ္ဍတစ်ခု

ဒီမိုကရေစီခေတ်ကာလတွင် လွတ်လပ်သည့် သတင်းမီဒီယာများ ရှင်သန်ဖွံ့ဖြိုးတိုးတက်နေသည်။ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် ဒီမိုကရေစီစနစ် အသားတကျဖြစ်ထွန်းနေသည်။ လွတ်လပ်ခြင်းတည်းဟူသော ဒီမိုကရေစီအနှစ်သာရနှင့်အညီ လွတ်လပ်သောမီဒီယာများလည်း လိုက်ပါဖွံ့ဖြိုးတိုးတက်ရမည်သာ ဖြစ်သည်။ လွတ်လပ်သည်ဆိုရာ၌ စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီစံနှုန်းများနှင့်အတူ မီဒီယာကျင့်ဝတ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အတူယှဉ်တွဲဖြစ်ပေါ်ကြသည်။ မြန်မာနိုင်ငံတွင် ပုံနှိပ်မီဒီယာနှင့် အီလက်ထရွန်နစ် မီဒီယာဟူ၍ ဖြစ်ထွန်းခဲ့သည်။

မီဒီယာတို့၏ အခြေခံသဘောတရားတွင် အများပြည်သူအကျိုးစီးပွားကို ရှေးရှုရမည်ဟု ခံယူထားပါသည်။ အများပြည်သူအကျိုးစီးပွားဟုဆိုရာ၌ ထိုနိုင်ငံရှိပြည်သူများ ကိုယ်စိတ်နှလုံးချမ်းမြေ့ပျော်ရွှင်ပြီး အသိအမြင်ဗဟုသုတများ တိုးပွားစေရေး အနှစ်သာရများပါဝင်နေသည်။ ၎င်းတို့မှာ အသိပညာ ဖြည့်ဆည်းပေးရန်၊ ဖျော်ဖြေပေးရန်တို့ ဖြစ်ပါသည်။ ထိုတာဝန်များကို ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသည်ကို မြန်မာနိုင်ငံ၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှု သမိုင်းကြောင်းတွင် တွေ့ရပါသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဆောင်ရွက်နေဆဲနိုင်ငံဖြစ်သော်လည်း မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှာ ဒီမိုကရေစီဖြစ်ထွန်းပြီးနိုင်ငံများကဲ့သို့ လိုက်ပါဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းမှု စတင်သည်နှင့် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန်ပြောင်းလဲအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရပါသည်။ ဒီမိုကရေစီခေတ်ကာလနှင့် လိုက်လျောညီစွာ လွတ်လပ်ပွင့်လင်းလာခဲ့ပါသည်။ တစ်ချိန်က မီဒီယာလောကသားများအပေါ် ဖိနှိပ်မှုရှိခဲ့သည့် စာပေစိစစ်ရေးထိန်းချုပ်ထားမှုများကို ဖျက်သိမ်းပြီး လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုခဲ့သဖြင့် မြန်မာ့မီဒီယာလောကအတွက် အပြောင်းအလဲဖြစ်ပေါ်လာခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် အဆိုပါမီဒီယာစိစစ်မှု အဟန့်အတားကြီးကို ဖျက်သိမ်းပေးခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် ဧပြီလတွင် လွတ်လပ်သော ပုဂ္ဂလိကပုံနှိပ်မီဒီယာလောကကြီး စတင်ရှင်သန်ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ထို့နောက် ပုဂ္ဂလိကရုပ်သံလုပ်ငန်းမှာလည်း အားကောင်းမောင်းသန်ပေါ်ပေါက်လာသည်ကို တွေ့ရပါသည်။

ယခုထပ်မံ၍ ပြည်တွင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိက ရုပ်သံလောက အပြောင်းအလဲတစ်ခုကို ဝမ်းမြောက်ဖွယ် မြင်တွေ့လိုက်ရသည်။ ယင်းမှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် လက်ရှိထုတ်လွှင့်နေသည့် ရုပ်သံလိုင်းများ ထပ်မံဆောင်ရွက်နိုင်ရန် မြန်မာအသံနှင့် ရုပ်မြင်သံကြားနှင့် Content Provider ငါးဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာန၏ မူလရည်မှန်းချက်များဖြစ်သည့် ပြည်သူတို့အား သတင်းအချက်အလက်ပေးရန်၊ အသိပညာဖြည့်ဆည်းပေးရန်၊ ဖျော်ဖြေပေးရန်တို့ ဖြစ်သည်။

မီဒီယာတို့၏ မူလအခြေခံ သဘောထားရပ်တည်ချက်မှာ အများပြည်သူအကျိုးစီးပွားကို ရှေးရှုရမည်ဟုဆိုထားသဖြင့် ပြည်သူများအား မှန်ကန်သော သတင်းအချက်အလက်များ ပြန်ကြားပေးခြင်း၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စေရေးအတွက် ဖျော်ဖြေပေးခြင်း၊ အကျိုးစီးပွားဖြစ်ထွန်းစေမည့် အသိပညာ ဗဟုသုတများ မျှဝေပေးခြင်းတို့ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့်အတူ လက်တွဲ၍ ယခုကဲ့သို့ ရုပ်မြင်သံကြား မီဒီယာလုပ်ငန်း ငါးခုပေါ်ထွက်လာခြင်းကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမည်ဖြစ်သလို ပြည်တွင်းမီဒီယာကဏ္ဍမှ ဖွံ့ဖြိုးတိုးတက်မှုတစ်ခုဖြစ်ပါကြောင်း။ ။

# အစာအိမ်၊ အူလမ်းကြောင်း၊ အသည်းရောဂါနှင့်ပတ်သက်ပြီး အကျိုးရှိသော ဆွေးနွေးပွဲကြီးဖြစ်




**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

5th Myanmar GI & Liver International Scientific Meeting and ASEAN Perspective in Liver Diseases (APLD) ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel ၌ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ပြုလုပ်သော 5th Myanmar GI & Liver International Scientific Meeting and ASEAN Perspective in Liver Diseases (APLD) ဆွေးနွေးပွဲကြီးသည် မြန်မာနိုင်ငံရှိ ဆရာဝန်များအတွက် အသိပညာအသစ်များ၊ နည်းပညာအသစ်များနှင့် အတွေးအမြင်အသစ်များ ရရှိအောင် ဆောင်ကြဉ်းပေးမည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း၌ ဆေးရုံများတွင် တက်ရောက်ကုသခဲ့သော လူနာများ၏ ၁၀ ရာခိုင်နှုန်းခန့်သည် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါ လူနာများဖြစ်ပြီး နှစ်စဉ် တိုးတက်များပြားလာသည်ကို တွေ့ရှိရကြောင်း။

အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါဖြစ်ပွားမှုကို စောစီးစွာ ထောက်လှမ်းသိရှိပြီး ထိရောက်မှန်ကန်စွာ ကုသပေးရန်လိုအပ်သည်သာမက ရောဂါ၏ ကနဦးလက္ခဏာများစွာကို ပြည်သူများ သိရှိရန်နှင့် ရောဂါဖြစ်ပွားစေသည့် အကြောင်းအချက်များကို သိရှိပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်လာစေရန် ကျန်းမာရေး ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါ အပါအဝင် ရောဂါရှာဖွေ စမ်းသပ်ရေးနှင့် ကုသရေးဆိုင်ရာ စက်ပစ္စည်းကိရိယာများကို နှစ်စဉ် ဝယ်ယူထောက်ပံ့ပေးလျက်ရှိကြောင်း။

ဤဆွေးနွေးပွဲကြီး၌ ကမ္ဘာတစ်ဝန်းရှိ ထင်ရှားကျော်ကြားသော ပညာရှင်များနှင့် ပြည်တွင်းမှ အတွေ့အကြုံရင့်ကျက်သော ပညာရှင်များ ပါဝင်သည့်အပြင် ဆွေးနွေးသည့်အစီအစဉ်အကြောင်းအရာ စုံလင်သည်ကို တွေ့ရှိရသည့်အတွက် အစာအိမ်၊ အူလမ်းကြောင်း၊ အသည်းရောဂါနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံအတွက် အဘက်ဘက်မှ အကျိုးရှိသော ဆွေးနွေးပွဲကြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း အစာအိမ် အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့ နာယက ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်းနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်စိုးထွန်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း၊ ပါမောက္ခ ဒေါက်တာကျော်စိုးထွန်း၊ Baylor College of Medicine, Houston, Texas,USA မှ Professor F.Blaine Hollinger နှင့် University of Paris-East, France မှ Professor Daniel Dhumeaux တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၁ နာရီက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆရာဝန်၊ သူနာပြုဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများက ဆရာဝန်၊ သူနာပြုနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ချက်ချင်းဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ချက်ချင်း မဆောင်ရွက်နိုင်သည့် ကိစ္စများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဆေးရုံအတွင်း အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ CT Scan ထားရှိမည့်အခန်းနေရာ၊ အရေးပေါ်လူနာဆောင်၊ ဖျားနာဆောင်၊ သားဖွားလူနာဆောင်တို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရောဝတီလင်းပိုင်များ ယမန်နှစ်ထက် ခုနစ်ကောင် တိုးလာ

**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးမှ ကချင်ပြည်နယ် ဗန်းမော်အထိ ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)တို့ပူးပေါင်း၍ ဧရာဝတီလင်းပိုင်ကောင်ရေ သုတေသနစစ်တမ်းပြုလုပ်ရာတွင် ယမန်နှစ်ထက် ယခုနှစ်တွင် ခုနစ်ကောင် တိုးလာကြောင်း သိရသည်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်ခဲ့သော ဧရာဝတီလင်းပိုင် သုတေသနစစ်တမ်းတွင် ၆၉ ကောင် တွေ့ရှိခဲ့ပြီး ယခုနှစ် စစ်တမ်းကောက် ခရီးစဉ်တွင် ၇၆ ကောင် တွေ့ရှိခြင်းဖြစ်သည်။

မန္တလေးမှ ဗန်းမော်အထိ ယခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ ၁၇ ရက်အထိ ဧရာဝတီလင်းပိုင် သုတေသနစစ်တမ်းကောက်ရာတွင် ယမန်နှစ်က မင်းကွန်းနှင့် ကျောက်မြောင်းကြားတွင် ၂၅ ကောင် တွေ့ရှိခဲ့ပြီး ယခုနှစ်တွင် သားပေါက်တစ်ကောင်အပါအဝင် ၂၆ ကောင် တွေ့ရှိခဲ့သည်။ လင်းပိုင် ထိန်းသိမ်းရေးဇရိယာအဖြစ် တိုးချဲ့နိုင်ရေး ဆောင်ရွက်နေသော ထီးချိုင့်မြို့နယ်နှင့် ရွှေကူမြို့နယ်အကြားတွင် ယမန်နှစ်က ၃၇ ကောင် တွေ့ရှိခဲ့ပြီး ယခုနှစ်တွင် ၃၇ ကောင် တွေ့ရှိခဲ့သည်။ အဆိုပါဇရိယာကြားတွင် ၂၀၁၇ ခုနှစ်အတွင်း လင်းပိုင်နှစ်ကောင် သေဆုံးခဲ့ပြီး ယခုနှစ် စစ်တမ်းခရီးစဉ်တွင် သားပေါက်နှစ်ကောင် ပေါက်ထားသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ဗန်းမော်ဘက်တွင်လည်း ယမန်နှစ်က ခုနစ်ကောင်သာ တွေ့ရှိခဲ့ပြီး ယခုနှစ်တွင် ၁၃ ကောင် တွေ့ခဲ့သည်။ ဗန်းမော်ဘက်တွင်တွေ့ရသော လင်းပိုင်များတွင် ယမန်နှစ်က စစ်တမ်းတွင် မတွေ့ခဲ့သော အကောင်များ အပါအဝင် အရွယ်ရောက် သားပေါက် တစ်ကောင်ကိုလည်း တွေ့ခဲ့ရကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ ဒုတိယစီမံကိန်းမန်နေဂျာ ဦးကျော်လှသိန်းက ပြောသည်။

အဆိုပါခရီးစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ လေးဦး၊ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်ဦး၊ ရေလုပ်သား နှစ်ဦးနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ ဝန်ထမ်းများ ပါဝင်သည်။ ယခုခရီးစဉ်တစ်လျှောက်တွင် တရားမဝင် ရှော့တိုက်ငါးဖမ်းဆီးသော စက်လှေ ၁၇ စင်းကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာမြို့နယ်များတွင် ဥပဒေနှင့်အညီ အရေးယူခဲ့ကြောင်း သိရသည်။

ထို့အပြင် ခရီးစဉ်တွင်ပါဝင်သော ဧရာဝတီလင်းပိုင်နှင့် အကျိုးတူပူးပေါင်းငါးဖမ်းမှုဓလေ့၌ ကျွမ်းကျင်သော ရေလုပ်သား နှစ်ဦးက ထီးချိုင့်မြို့နယ်နှင့် ရွှေကူမြို့နယ်အကြားရှိ ဒေသများတွင် ဒေသခံအချို့ကို ဧရာဝတီလင်းပိုင်များနှင့် အကျိုးတူငါးဖမ်းနည်းကို လေးရက်ကြာ သင်ကြားပေးခဲ့ကြောင်း၊ အဆိုပါ ဇရိယာသည် လင်းပိုင်ထိန်းသိမ်းရေး တိုးချဲ့ဇရိယာထဲတွင် ပါဝင်ပြီး လင်းပိုင်ကြည့်ရန်နှင့် ခရီးစဉ်များဖော်ဆောင်ရန် ကောင်းမွန်သော ဒေသဖြစ်ကြောင်း သိရသည်။ **ညီတူး**

## ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လျာထားငွေများ ညှိနှိုင်းဆွေးနွေး

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၈။** ။ ကျောင်းကုန်းမြို့နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။ ပြည်ထောင်စုဘတ်ဂျက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ ပထမဦးစားပေး လျာထားငွေများ၊ တိုင်းဒေသကြီးဘတ်ဂျက်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်ထဲရေးဝန်ကြီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ ပထမ၊ ဒုတိယ၊ တတိယ ဦးစားပေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွှေတိဂုံစေတီတော် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ စေတိယင်္ဂဏဩဝါဒါစရိယ ဘွဲ့တံဆိပ်ကပ်လှူပူဇော်မည့် ဆရာတော်ကြီးများနှင့် စေတိယင်္ဂဏစာလျှောက်မေးပွဲ နှစ်(၁၀၀)ကာလအတွင်း အောင်မြင်တော်မူခဲ့ကြသည့် ပြည်တွင်း ပြည်ပမှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ သိရီပဝရဓမ္မာစရိယ(သ. စ. အ)ပါဠိပါရဂူ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး စေတိယင်္ဂဏ ပဝရသိရီမဟာဓမ္မာဂုရုဘွဲ့တံဆိပ်တော် ကပ်လှူခံယူတော်မူမည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ပဓာနနာယက ယောဆရာတော် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်နာယက လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသနှင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်း စာသင်တိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသကိုယ်စား တပည့် အရှင်ဝိလာသအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက စေတိယင်္ဂဏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပူဇော်ပွဲအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ လှူဒါန်းသော အလှူတော်ငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကိုယ်စား ပူဇော်ပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးတင်ဦးက လက်ခံယူသည်။



ထို့နောက် အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့က စေတိယင်္ဂဏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ရတုပိုဒ်စုံဖြင့် သီကျူးပူဇော်ကြပြီး စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်စာမေးပွဲဆိုင်ရာ အမေးအဖြေများကို ဆရာတော် သံဃာတော်များက ပြုလုပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက(သ. စ. အ) ပါဠိပါရဂူ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်)ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာ တရားနာကြားကာ ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဂေါပကအဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများက ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စေတိယင်္ဂဏဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဘွဲ့ခံ ဆရာတော်ကြီးများနှင့် စေတိယင်္ဂဏ စာလျှောက်မေးပွဲ အနှစ်(၁၀၀)ကာလအတွင်း အောင်မြင်တော်မူခဲ့ကြသည့် ပြည်တွင်း ပြည်ပမှ ဆရာတော် သံဃာတော် စုစုပေါင်း ၂၉၄ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြကြောင်း သိရှိရသည်။

**သတင်း- ကိုကိုဇော်၊ ဓာတ်ပုံ- ဇော်မင်းလတ်**

# ထာဝရဆေးပဒေသာပင်၊ ထာဝရဆွမ်းပဒေသာပင်နှင့် ဆွမ်းအလှူဒါနအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ထာဝရဆေးပဒေသာပင်၊ ထာဝရဆွမ်းပဒေသာပင်နှင့် ဆွမ်းအလှူဒါနအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ သီတင်းသုံးတော်မူရာ မဟာနာယက ကျောင်းတော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြပြီး ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ ထာဝရဆေးပဒေသာပင်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အလှူငွေကျပ် သိန်း ၃၅၀ နှင့် မိဘများအားအမျှထား၍ အဘိဓမ္မရေ သီဟသုဓမ္မမဏိဇောတရေ ဦးမျိုးဆက် မိသားစုက အလှူငွေကျပ်သိန်း ၅၀၊ ထာဝရဆွမ်းပဒေသာပင်အတွက် ဦးဘစိုး-ဒေါ်ဒေါ်ဥအားရည်စူး၍ သား သဒ္ဓမ္မဇောတိကဓဇ သီရိသုဓမ္မမဏိဇောတရေ ဒေါက်တာလှဝင်းအောင် မိသားစုက အလှူငွေကျပ် ၁၂ သိန်းနှင့် ကြာငါးခိုင် သက်န်းတိုက်မိသားစုက အလှူငွေကျပ် ငါးသိန်း၊ ဆွမ်းအလှူဒါနအတွက် ဦးသိန်းမောင်-ဒေါ်ပါးပါး(စန္ဒီပရဆေး) မိသားစု၊ မိခင်ကြီးအား အမျှထား၍ ဗိုလ်မှူးကြီး သိန်းဌေး(ငြိမ်း)-ဒေါက်တာမြသီတာ မိသားစု၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး (ငြိမ်း)-ဒေါ်မြမြစန်းမိသားစုနှင့် အလှူရှင်မိသားစုတို့က အလှူငွေကျပ် ၂၇ သိန်းစီ၊ ဦးမောင်မောင်-ဒေါ်ခင်မြင့်မြင့်မိသားစုနှင့် အလှူရှင်မိသားစုများက အလှူငွေကျပ် သိန်း ၂၀၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး(ငြိမ်း)-ဒေါ်ခင်သန်းနွဲ့ မိသားစုက အလှူငွေကျပ် ၁၅ သိန်း၊ မဟာစည်သာသနာ့နုဂ္ဂဟအဖွဲ့ချုပ်နှင့် ရွှေသံလွင်ကုမ္ပဏီမိသားစုတို့က အလှူငွေကျပ် ၁၂ သိန်းစီ၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း)-ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစုနှင့် ကျိုက္ကဆံ ဝေဠုဝန်(ရွှေကျင်) ကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ တို့က အလှူငွေကျပ် ၁၀ သိန်းစီ၊ မိဘများအားရည်စူး၍ ဒေါ်ပြုံးမိသားစုက အလှူငွေကျပ် သုံးသိန်း စုစုပေါင်း အလှူငွေကျပ် သိန်း ၅၈၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အနုမောဒနာနှင့် ရေစက်ချတရားဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

**သတင်းစဉ်**

# ပြည်နယ် တရားလွှတ်တော်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

**မော်လမြိုင် ဖေဖော်ဝါရီ ၁၈**

(၁၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ် တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ပြည်ထောင်စု တရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းဆွေးနွေးပြီး မွန်ပြည်နယ် တရားလွှတ်တော် တရားရေးဦးစီးမှူး ဒေါ်ကြည်ကြည်စိန်၊ မော်လမြိုင် ခရိုင်တရားသူကြီး ဒေါ်ကြူကြူဝင်းနှင့် သထုံခရိုင် တရားသူကြီး ဒေါ်လဲ့လဲ့ဝင်းတို့က ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ မှာကြားချက်များ၊ ရုံးလုပ်ငန်းဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများက မိမိတို့ရုံးအလိုက် တရားစီရင်ရေးအခြေအနေနှင့် ရုံးလုပ်ငန်း အခြေအနေများကို တင်ပြဆွေးနွေးကြသည်။ ပြည်နယ် တရားလွှတ်တော် တရားရေးဦးစီးမှူးက ခရိုင်နှင့် မြို့နယ်တရားသူကြီးများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် ပြည်နယ် တရားလွှတ်တော် တရားသူကြီး ဦးညီညီစိုးနှင့် ဒေါ်ဌေးမြင့်အေးတို့က တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများ မှာကြားဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်က ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ လမ်းညွှန်ဆွေးနွေးချက်များအပေါ် ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **၃၀၇**



ကြေးမုံ



# ချားဘဟာ ပင်လယ်ဆိပ်ကမ်းအသုံးပြုနိုင်ရေး အီရန်နှင့် အိန္ဒိယ သဘောတူညီချက်ရရှိ

**နယူးဒေလီ ဖေဖော်ဝါရီ ၁၈**

အီရန်နှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံ စီးပွားရေးဆက်ဆံမှု အပြန်အလှန်မြှင့်တင်နိုင်ရန် ရည်ရွယ်လျက် သဘောတူညီချက်ကိုးရပ်ကို ဖေဖော်ဝါရီ ၁၇ ရက်က လက်မှတ်ရေးထိုးလိုက်ကြကြောင်း၊ အီရန်နိုင်ငံရှိ မဟာဗျူဟာမြောက် ချားဘဟာပင်လယ်ဆိပ်ကမ်း အဆင့်မြှင့်တင်ရေးနှင့် အသုံးပြုရေးနှင့်သက်ဆိုင်နေသော အဓိကသဘောတူညီချက်တစ်ရပ်လည်း ပါဝင်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ မြို့တော် နယူးဒေလီ၌ ဖေဖော်ဝါရီ ၁၇ ရက်က အီရန်သမ္မတ ရူဟာနီနှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့၏ ရှေ့မှောက်တွင် နှစ်နိုင်ငံ စီးပွားရေးဆက်ဆံမှု မြှင့်တင်ရေးသဘောတူညီချက်များကို လက်မှတ်ရေးထိုး ခဲ့ကြသည်။

ယင်းသဘာတူညီချက်များအနက် အရေးအကြီးဆုံး သဘောတူညီချက်တစ်ရပ်မှာ အီရန်နိုင်ငံတောင်ပိုင်းရှိ ရှာဟစ်ဆဟဲရှတီပင်လယ် ဆိပ်ကမ်းလုပ်ငန်းများကို အိန္ဒိယနိုင်ငံက ထိန်းချုပ်နိုင်မည့်အခွင့်အာဏာကို အိန္ဒိယနိုင်ငံသို့ အပ်နှင်းပေးသော သဘောတူညီချက် ဖြစ်သည်။ သဘောတူညီချက်အရ အဆိုပါဆိပ်ကမ်းကို အိန္ဒိယက ၁၈ လကြာမျှ ငှားရမ်းခွင့်ရရှိမည်ဖြစ်သည်။ အိုမန်ပင်လယ်မြောက်ဘက် ပင်လယ်ကမ်းရိုးတန်း ဒေသရှိ ချားဘဟာပင်လယ်ဆိပ်ကမ်းမြို့၌ ယင်းဆိပ်ကမ်း တည်ရှိသည်။

အိန္ဒိယနိုင်ငံက ယင်းအခွင့်အာဏာကို ရရှိခြင်းဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် ပါကစ္စတန်နိုင်ငံကို ကွင်းရှောင်ကာ အာဖဂန်နစ္စတန်နိုင်ငံ အလယ်ပိုင်းအာရှဒေသရှိ နိုင်ငံများနှင့် အခြားပင်လယ်ရပ်ခြားနိုင်ငံများသို့ ဈေးကွက်ဝင်ရောက်ခွင့်ရရှိလာနိုင်မည်ဖြစ်သည်။

ချားဘဟာ ပင်လယ်ဆိပ်ကမ်းသည် အိန္ဒိယနိုင်ငံအား အာဖဂန်နစ္စတန်၊ အာရှအလယ်ပိုင်းနှင့် အရှေ့ဥရောပ ဒေသတို့ကို ပေါင်းကူးတံတားသဖွယ် ချိတ်ဆက်ပေးခြင်းဖြင့် မိမိတို့နှစ်နိုင်ငံ၏သမိုင်းကြောင်းနှင့်ချီသော ဆက်ဆံရေးကို မြှင့်မားတိုးတက်စေလိမ့်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မိုဒီနှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သမ္မတ



ရူဟာနီက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် အီရန်ထံမှ ရေနံနှင့်ဓာတ်ငွေ့ ဝယ်ယူသော အဓိကနိုင်ငံတစ်နိုင်ငံဖြစ်သည်။

ချားဘဟာပင်လယ်ဆိပ်ကမ်း ဖွံ့ဖြိုးရေးအတွက် အိန္ဒိယနိုင်ငံက ပင်လယ်ရပ်ခြားဆိပ်ကမ်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လျက်ရှိသည်။ **ဆင်ဟွာ။**

## မော်ရိုကိုတွင် ရထားနှင့်ကားတိုက် ခြောက်ဦးသေ၊ ၁၄ ဦးဒဏ်ရာရ

**ရာဘတ် ဖေဖော်ဝါရီ ၁၈**

မော်ရိုကိုနိုင်ငံ တန်ဂီရာမြို့၌ ဖေဖော်ဝါရီ ၁၇ ရက်က ရထားနှင့် ကားတစ်စီးတိုက်မှု ဖြစ်ပွားခဲ့ရာ ခြောက်ဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တန်ဂီရာမြို့ ဆိပ်ကမ်းသို့ ကုန်ပစ္စည်းများ ပို့ဆောင်ရန် ရထားတစ်စင်းခုတ်မောင်းလာစဉ် စက်ရုံတစ်ရုံမှ အလုပ်သမားများကို တင်ဆောင်လာသည့် ဗင်ကားတစ်စီးတို့ တိုက်မိမှုဖြစ်ပွားခြင်းဖြစ်သည်ဟု ဒေသတာဝန်ရှိသူများက ပြောကြားသည်။

အလုပ်သမားများအား တင်ဆောင်လာသည့်ဗင်ကားမောင်းသူသည် လမ်းညွှန် သတိပေးဆိုင်းဘုတ်များကို အလေးဂရုပြု မောင်းနှင်ခြင်းမရှိဘဲ ရထားလမ်းဖြတ်ကားလမ်းကူးကို သတိမပြုဘဲ မောင်းနှင်ခဲ့ကြောင်း ယင်းဖြစ်ရပ်ကို မျက်မြင်တွေ့ရှိသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

ယင်းမတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရသူများအား ဒေသတွင်းရှိ ဆေးရုံသို့ တင်ပို့ဆေးကုပေးထားသည်။ မော်ရိုကိုနိုင်ငံတွင် ၂၀၁၇ ခုနှစ်အတွင်းက လမ်းပေါ်၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ရပ်များကြောင့် သေဆုံးသူဦးရေ ၃၄၉၉ ဦးရှိကြောင်း သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာန၏ ယခုလအစောပိုင်း ထုတ်ပြန်သည့်စာရင်းများအရ သိရသည်။ **ဆင်ဟွာ။**

## လာအိုရှိ အာရှဆင် ထိန်းသိမ်းစောင့်ရှောက်ရေးဌာန တရုတ်ကုမ္ပဏီတည်ဆောက်မည်




**ဗီယန်ကျင်း ဖေဖော်ဝါရီ ၁၈**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရင်းနှီးမြှုပ်နှံရေးဦးပိုင်ကုမ္ပဏီသည် လာအိုနိုင်ငံ မြောက်ပိုင်း ဆာယာဘူလီပြည်နယ်၌ အာရှဆင်မျိုးစိတ် ထိန်းသိမ်းရေး၊ မျိုးပွားရေးနှင့် ကယ်တင်စောင့်ရှောက်ရေးဌာန တည်ဆောက်နိုင်ရေးအတွက် လာအိုအစိုးရအဖွဲ့နှင့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖေဖော်ဝါရီ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ သဘောတူညီချက်ကို ဖေဖော်ဝါရီ ၁၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ဆာယာဘူလီပြည်နယ်၌ ကျင်းပသော နိုင်ငံတကာ ဆင်ပွဲတော်နှင့် ၂၀၁၈ ခုနှစ် လာအိုခရီးသွားနှစ် အထိမ်းအမှတ် အခမ်းအနားကျင်းပစဉ် အတွင်း တာဝန်ရှိသူများက သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော အာရှဆင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် ဆင်မျိုးစိတ်ထိန်းသိမ်းရေး၊ မျိုးပွားရေးနှင့် ကယ်တင်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါပြည်နယ်ကိုလည်း ကမ္ဘာလှည့်ခရီးသွားများ အပန်းဖြေနိုင်မည့် ပြည်နယ်အဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း လာအို တာဝန်ရှိသူများက ပြောကြားကြသည်။

လာအို၌ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးဌာန ထူထောင်နိုင်ရေးအတွက် ယူနန်ပြည်နယ် ရင်းနှီးမြှုပ်နှံရေး ဦးပိုင်ကုမ္ပဏီက ရင်းနှီးမြှုပ်နှံရန် လာအိုသမ္မတ ဘွန်ညံဗိုရာချစ်က တိုက်တွန်းကြောင်း အဆိုပါကုမ္ပဏီက ထုတ်ပြန်သော သတင်းကြေညာချက်တွင် ဖော်ပြထားသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်မည့်စီမံကိန်းအကောင်အထည်ဖော်ရန် ဒေသန္တရအစိုးရအဖွဲ့က အခိုင်အမာ အားပေးသွားမည်ဖြစ်ကြောင်း၊ ဆာယာဘူလီပြည်နယ်သည် တရုတ်လူမျိုးခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း သမ္မတ ဗိုရာချစ်က ပြောကြားသည်။ **ဆင်ဟွာ။**

## သံမဏိနှင့် အလူမီနီယံသွင်းကုန်များအပေါ် ထိန်းချုပ်နိုင်ရေး သမ္မတထရန့်အား အကြံပြု

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၈**

သံမဏိနှင့် အလူမီနီယံသွင်းကုန်များအပေါ် ကြီးလေးသော အခွန်ကောက်ယူရေးနှင့်ပတ်သက်၍ သမ္မတဒေါ်နယ်ထရန့်က စဉ်းစားသင့်သည်ဟု အမေရိကန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝီလ်ဘာရို့စ်၏ အကြံပြုတင်ပြချက်သည် တရုတ်နိုင်ငံကို ပစ်မှတ်ထားပုံရသော်လည်း ဂျပန်နှင့်အခြားနိုင်ငံတို့အပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း ကျိုဒိုသတင်းဌာနက ဖေဖော်ဝါရီ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်အမျိုးသားလုံခြုံရေးကို ထိခိုက်နိုင်သည်ဟုဆိုကာ သံမဏိနှင့် အလူမီနီယံသွင်းကုန်များအပေါ် ထိန်းချုပ်ရန် အဆိုပြုတင်ပြထားပြီး သံမဏိသွင်းကုန်များအားလုံးအပေါ် ၂၄ ရာခိုင်နှုန်းထက်မနည်း အခွန်စည်းကြပ်ကောက်ယူရန် ဝန်ကြီးရော့စ်က တိုက်တွန်းထားသည်။ အလူမီနီယမ်သွင်းကုန်များ အပေါ်တွင်လည်း ၇ ဒသမ ၇ ရာခိုင်နှုန်းထက်မနည်း အခွန်စည်းကြပ်ကောက်ယူရန် ၎င်းက အကြံပြုထားသည်။

သမ္မတထရန့်သည် ဧပြီ ၁၁ ရက်ထက် နောက်မကျဘဲ သံမဏိသွင်းကုန်ဆိုင်ရာ အကောက်ခွန်နှုန်းထားသစ် ပြဋ္ဌာန်းရေးနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးရမည်ဖြစ်ကြောင်း အမေရိကန် ကူးသန်းရောင်းဝယ်ရေးဌာနက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုအတွင်းသို့ သံမဏိနှင့် အလူမီနီယံသွင်းကုန်များကို အလွန်အကျွံ တင်သွင်းမှုများ ရှိနေကြောင်း၊ တရုတ်နိုင်ငံ၌ အစိုးရက ဘဏ္ဍာရေးထောက်ပံ့ပေးမှုကြောင့် သံမဏိနှင့်အလူမီနီယံ ထုတ်လုပ်ရေးလုပ်ငန်းများက အဆမတန်ထုတ်လုပ်မှုကို ဖြစ်ပေါ်စေကြောင်း အမေရိကန်ကူးသန်းရောင်းဝယ်ရေးဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံက ဦးဆောင်၍ သံမဏိထုတ်ကုန်များကို အလွန်အကျွံထုတ်လုပ်နေခြင်းကြောင့် ကမ္ဘာ့ဈေးကွက်များတွင် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ရကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

သို့ရာတွင် အစီရင်ခံစာပါ ဖော်ပြချက်များသည် အခြေအမြစ်မရှိဘဲ အချက်အလက်မှန်များမှ လွဲချော်လျက်ရှိကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။ **ကျိုဒို**

## ပြုံချမ်း ဆောင်းရာသီအိုလံပစ်အားကစားပွဲတော် နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှု ထိပ်ဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

(၁၈-၂-၂၀၁၈)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | နော်ဝေ | ၉ | ၉ | ၈ | ၂၆ |
| ၂။ | ဂျာမနီ | ၉ | ၅ | ၄ | ၁၈ |
| ၃။ | နယ်သာလန် | ၆ | ၅ | ၂ | ၁၃ |
| ၄။ | ကနေဒါ | ၅ | ၅ | ၆ | ၁၆ |
| ၅။ | အမေရိကန် | ၅ | ၃ | ၂ | ၁၀ |
| ၆။ | ဆွီဒင် | ၄ | ၃ | ၀ | ၇ |
| ၇။ | သြစတြီးယား | ၄ | ၂ | ၄ | ၁၀ |
| ၈။ | ပြင်သစ် | ၄ | ၂ | ၄ | ၁၀ |
| ၉။ | တောင်ကိုရီးယား | ၃ | ၁ | ၂ | ၆ |
| ၁၀။ | ဂျပန် | ၂ | ၅ | ၃ | ၁၀ |

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် Gen. Tarnchaiyan Srisuwan နှင့် ဇနီးတို့က ဖေဖော်ဝါရီ ၁၆ ရက် ညပိုင်းတွင် ဗန်ကောက်မြို့ရှိ Anantara Siam ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်း ဧည့်ခံသည်။

ညစာစားပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ချစ်ကြည်ရေးခရီးစဉ်အတွင်း အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၅၉)၊ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၉)၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁၉)နှင့် အမျိုးသမီးဘွဲ့ရဗိုလ်လောင်းသင်တန်း အမှတ် စဉ်(၃)တို့မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိခဲ့သည့် အရာရှိ လေးဦးအား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများနှင့် ညစာအတူတကွ သုံးဆောင်ကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အကြံပေးပုဂ္ဂိုလ်၊ အငြိမ်းစားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tanasak Patimapragorn နှင့်ဇနီးတို့က ဖေဖော်ဝါရီ ၁၇ ရက် ညပိုင်းတွင် ဗန်ကောက်မြို့ရှိ Dusit Thani ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဇနီးနှင့်အဖွဲ့သည် Bangpakong ခရိုင်ရှိ Sothon Wararam ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညို ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဒွန်မောင်း တပ်မတော်လေဆိပ်(Wing-6)မှ ပြန်လည်ထွက်ခွာကြပြီး နေပြည်တော်သို့ရောက်ရှိကြရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက် ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် Gen. Tarnchaiyan Srisuwan နှင့်ဇနီးတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဆွေ ဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန တို့မှ ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့သည် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးပူးပေါင်း တိုက်ဖျက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဆက်ဆံရေးရုံး (Border Liaison Office)ဖွင့်လှစ်ရေးကိစ္စရပ်များ ဆွေးနွေး ညှိနှိုင်းရန် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားရာ ဖေဖော်ဝါရီ ၁၇ ရက် ည ၈ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက် ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မှူးခင်းများ ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် အောင်ဝင်းဦးသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် Dr. Mohammad Zabed Patwary နှင့် ဖေဖော်ဝါရီ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဒါကာမြို့၌ သီးခြားတွေ့ဆုံ ဆွေးနွေးသည်။ **(ယာပုံ)**



တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်နှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာန နိုင်ငံရေးရာဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကို၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီးမှူး၊ အမှတ်(၁)နယ်ခြား စောင့် ရဲကွပ်ကဲရေးမှူး၊ သတင်း ရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့မှူး များ တက်ရောက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံ ရဲချုပ်နှင့်အတူ ဒုတိယရဲချုပ်၊ ဒါကာမြို့တော် ရဲအဖွဲ့အရာရှိချုပ်၊ မှုခင်းစုံစမ်းစစ်ဆေးရေးရဲအရာရှိချုပ်၊ ရဲသတင်းထောက်လှမ်းရေးမှူးချုပ်၊ အရေးပေါ်မှုခင်းအခြေအနေများတွင် တုံ့ပြန်ဆောင်ရွက်ရေးရဲအဖွဲ့အကြီး အကဲ၊ အင်တာပိုလ်(ဒါကာ) တာဝန်ခံ အရာရှိနှင့် အဆင့်မြင့်ရဲအရာရှိကြီး များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးရာတွင် မြန်မာ-ဘင်္ဂလား ဒေ့ရှ် နှစ်နိုင်ငံရဲတပ်ဖွဲ့ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အစီအမံများ၊ မှုခင်းဆိုင်ရာသတင်း အချက်အလက်ဖလှယ်မှု တိုးမြှင့် ဆောင်ရွက်ရေးအစီအမံများ၊ နယ်စပ် ဒေသတွင် မူးယစ်ဆေးဝါးတရားမဝင် သယ်ဆောင်ရောင်းဝယ်မှု၊ အကြမ်း ဖက်မှု၊ လူကုန်ကူးမှုနှင့် နယ်စပ် ဖြတ်ကျော်မှုခင်းများ ကြိုတင်ကာကွယ် ရေးနှင့် တားဆီးနှိမ်နင်းရေး ကိစ္စရပ် များ၊ နယ်စပ်ဆက်ဆံရေးရုံး(BLO) ဖွင့်လှစ်ရေး အဆင့်မြင့်အရာရှိကြီးများ အဆင့်နှင့် ဗဟိုအဆင့်များတွင် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆက်ဆံရေး တို့အတွက် ညှိနှိုင်းဆွေးနွေးပြီး နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေး တွင် ညှိနှိုင်းဆွေးနွေးသဘောတူညီခဲ့ သည့်ကိစ္စရပ်များအပေါ် ရဲတပ်ဖွဲ့နှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များအား ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲအပြီး တွင် နှစ်နိုင်ငံ ရဲတပ်ဖွဲ့အချင်းချင်း ဆက်သွယ်ဆက်ဆံမည့်သူ အမည် စာရင်း(Contact Person)များ အပြန် အလှန်လဲလှယ် အသိပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုင်းဖြတ်မြို့နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် ဖေဖော်ဝါရီ ၁၈**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်သည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၆ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း)မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျေးလက်ရေပေးဝေရေးလုပ်ငန်းကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် မိုင်းဖြတ်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းက လုပ်ငန်း များဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ ထို့နောက်တစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ဦးခန့်ဇော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော် နှင့် တာဝန်ရှိသူများသည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂၄ ဒသမ ၁၅ သန်းဖြင့် နမ့်လန်း ကျေးရွာ စိမ့်စမ်းရေသွယ်ယူထားရှိခြင်း(၃/၀)မိုင် ရေမီတာစနစ်ဖြင့် ဆောင်ရွက် ထားရှိမှုအခြေအနေများကို အိမ်တိုင်ရာရောက် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး ဒေသခံပြည်သူများ အား တွေ့ဆုံအားပေးသည်။

အဆိုပါကျေးရွာရှိ စိမ့်စမ်းရေသွယ်ယူခြင်းကြောင့် ယခုအခါ နမ့်လန်း ကျေးရွာရှိ အိမ်ခြေ ၄၄ အိမ်၊ မိသားစုဝင် ၂၄၂ ဦးတို့မှ သောက်သုံးရေများကို ရာသီမရွေး ရရှိနေပြီဖြစ်၍ ဒေသခံပြည်သူများ အဆင်ပြေ ဝမ်းသာလျက်ရှိ ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြော

**မုဒုံ ဖေဖော်ဝါရီ ၁၈**

မုဒုံမြို့နယ် ကျိုက်ရွဲကျေးရွာ မော်လမြိုင်- သံဖြူဇရပ် ကားလမ်းဘေးရှိ သစ်ပွလွှာ (ဟွန်ဒါမြန်မာ) စက်ရုံဝင်းအတွင်းတွင် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက မှုခင်းအသိ ပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး ဟောပြောပွဲပြုလုပ်သည်။

အသိပညာပေးဟောပြောပွဲတွင် မုဒုံ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြအောင်က မှုခင်း ကျဆင်းရေးအကြောင်းကို လည်းကောင်း၊ မုဒုံ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ခင်မောင်ထွန်းက သက်ငယ်မုဒိမ်းမှုနှင့် အမှုကြီးများ မဖြစ်ပွား စေရေးအကြောင်းကို လည်းကောင်း၊ အမှတ်(၉) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မော်လမြိုင်)မှ ရဲအုပ်ဌေးလွင်က လူကုန်ကူးမှု ဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကို လည်းကောင်း၊ အမှတ်(၃၈) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မော်လမြိုင်)မှ ရဲတပ်ကြပ်ကြီး သိန်းနိုင်က မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်းကို လည်းကောင်း၊ အမှတ်(၇၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ် တပ်ဖွဲ့စု(မုဒုံ)မှ ရဲတပ်ကြပ်ကြီး အောင်စည်သူထွန်းက ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သက်ဆိုင်သည့် လိုက်နာရမည့် စည်းကမ်းချက်များ၊ နည်း ဥပဒေများအကြောင်းကို လည်းကောင်း အသီးသီးဟောပြောကြပြီး လက်ကမ်းစာစောင် များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်ရဲတပ်ဖွဲ့**

# ပန်းပုဆရာကြီး ဦးဟန်တင်၏ ထင်းစည်းချိုးရုပ်တုနှင့် မူပိုင်ခွင့်ပြဿနာ

## ပန်းချီလှတင်ထွန်း

၁၉၉၇ ခုနှစ် အာဆီယံယဉ်ကျေးမှုဆုရှင် ပန်းပုဆရာကြီး ဦးဟန်တင်သည် နိုင်ငံအကျိုးပြုရုပ်တုများ၊ ဘာသာရေးဆိုင်ရာရုပ်တုများ၊ ဗုဒ္ဓဂယာမဟာဗောဓိစေတီ့အိုင် သတ္တဌာန နဂါးရုံဘုရားရုပ်တုနှင့် လူအရွယ်ရုပ်တု ၁၀၀ ကျော် စိုက်ထူနိုင်ခဲ့သူ ပန်းပုပညာရှင်ကြီးဖြစ်သည်။ ဆရာကြီးဦးဟန်တင်သည် သူထုသမျှ အရုပ်များစွာထဲမှ သူအနှစ်သက်ဆုံးရုပ်တုမှာ စည်းလုံးရေးသရုပ်အင်အားဟူသော အဓိပ္ပာယ်ရသည့် ထင်းစည်းချိုးရုပ်တုဖြစ်သည်။ သူ့စတူဒီယိုထဲ၌ ထင်သာမြင်သာရှိသော အဓိကနေရာတွင် ဂုဏ်ယူပြသထားပါသည်။ အမှန်အားဖြင့် ထင်းစည်းချိုးရုပ်တုကို သိပ်မမြင်ဖူးကြ။ ဆရာ့စတူဒီယိုထဲကို ရောက်ဖူးသူများသာ မြင်ဖူးကြပါသည်။

ထင်းစည်းချိုးရုပ်တုကြီး နာမည်ကြီးလာပုံမှာ ဤသို့ဖြစ်သည်။ ၁၉၉၁ ခုနှစ် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးပန်းချီပန်းပုပြပွဲ (ရက် ၁၀၀ ပြပွဲ) ကစပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ချုပ်ဦးတင်ထူး ဦးဆောင်ကျင်းပသည့် ပြပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌမှာ ဆရာကြီး ဦးဟန်တင်ဖြစ်ပြီး ထိုစဉ်က အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ ကျွန်တော်က အတွင်းရေးမှူးဖြစ်ပါသည်။ တပ်မတော်ခန်းမပြခန်း Centrepiece အဖြစ် အလယ်တွင် 'ထင်းစည်းချိုးရုပ်တုကြီး'ကို အသားပေး ခင်းကျင်းပြသထားခဲ့ပါသည်။

ထိုစဉ်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့်အဖွဲ့ ပြပွဲသို့ ကြွရောက်ကြည့်ရှုရာတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်လည်း ပါဝင်ခဲ့ပါသည်။ လူကြီးများက ထင်းစည်းချိုးရုပ်တုနှင့်ပတ်သက်၍ ဆရာကြီးဦးဟန်တင် ရှင်းပြသည်ကို ကြည့်ရှုနားထောင်ပြီး သဘောကျနှစ်ခြိုက်သွားပုံရပါသည်။ ၎င်းထင်းစည်းချိုးရုပ်တုကို ပုံကြီးချဲ့၍ ပြည်ထောင်စု အေးရိပ်ငြိမ် (ပြည်သူ့ရင်ပြင်အတွင်း)ရှေ့တွင် စိုက်ထူရန် ဆရာကြီးကို တာဝန်ပေးပါသည်။

တစ်လောက မိတ်ဆွေတစ်ဦး ပြင်သစ်နိုင်ငံမှ ရောက်လာစဉ် My Garden စားသောက်ဆိုင်တွင် ညှိ့ခံတော့ မည်သို့လုပ်လိုက်ကြသည်မသိ။ ပြည်ထောင်စု အေးရိပ်ငြိမ်ဘဝမှ My Garden စားသောက်ဆိုင်ကြီးဘဝသို့ ပြောင်းနေသည်ကို အံ့ဩဖွယ်ရာတွေ့ရပါသည်။ ဆရာကြီး ဦးဟန်တင်၏ ထင်းစည်းချိုးရုပ်တုကြီးကလည်း ထီးထီးကြီး ရပ်တည်လျက်ရှိတုန်း တွေ့ရပါသည်။ သက်ဆိုင်ရာပုဂ္ဂိုလ်ကြီးများက 'ပြည်ထောင်စုအေးရိပ်ငြိမ်' ကို ဘယ်နေရာ ရွှေ့ပြောင်းလိုက်သည်မသိ။ ဘာကြောင့်များ ထင်းစည်းချိုးရုပ်တုကြီးကိုတော့ အရက်ဆိုင်ဘေးမှာ ထားရစ်ခဲ့ပါလိမ့်ဟု ကျွန်တော် တွေးလို့မရဖြစ်ခဲ့ပါသည်။



ကမ္ဘာသိ မြန်မာပန်းပုပညာရှင် ဦးဟန်တင် [၃၀. ၄. ၁၉၂၆-၃၀. ၁၂. ၂၀၀၀]

‘ပန်းပုဆရာကြီး ဦးဟန်တင်သည် သူ၏လက်ရာကို အစဉ်အမြဲ အစွမ်းကုန်ကြိုးစား ထုလုပ်သည်။ သူ့မူရင်းအရုပ်ဘေးတွင် အခြား အမည်မသိ တစ်ဦး၏လက်ရာကို ပူးတွဲဖော်ပြဖို့ မပြောပါနှင့်၊ သူလက်စွမ်းပြထားသော အရုပ်တစ်ရုပ်ကို ထောက်ပြဝေဖန်သည် ဆိုလျှင်ပင် လက်ခံသူမဟုတ်။ အနုပညာမာန အပြည့်ရှိသော ပန်းပုပညာရှင်ကြီးတစ်ဦးဖြစ်။ ယခုဖြစ်စဉ်မှာ မူလဆရာကြီး ဦးဟန်တင် မူရင်းပုံ မြေးအဘိုးနှစ်ဦး၏ဘေးတွင် အရုပ်တစ်ရုပ် ဖြည့်စွက်ထားခြင်းဖြစ်၍ ဆရာကြီး၏ မူရင်းလက်ရာကို ဖျက်ဆီးရာ ရောက်သည်ဟု သဘောရပါသည်။




ရန်ကုန်မြို့ ပြည်သူ့ရင်ပြင် ပြည်ထောင်စုအေးရိပ်ငြိမ် (ယခု My Garden)ရှိ ထင်းစည်းချိုးရုပ်တု။



မြောက်ဥက္ကလာပ ကျောက်ရေတွင်းရှိ ဆရာကြီးဦးဟန်တင်၏ ဧည့်ခန်းတွင် တွေ့ရသော ထင်းစည်းချိုး ရုပ်တု(မူရင်း)နှင့် ပန်းပုဆရာကြီး ဦးဟန်တင်။



ဆရာကြီးဦးဟန်တင်၏ မူရင်းထင်းစည်းချိုးရုပ်တုလက်ရာကို ဓာတ်ပုံနည်းပညာဖြင့် ပြုပြင်ထားသောပုံ။

ထားပါတော့။ ကျွန်တော်က အဓိကပြောလိုသည်မှာ ယခု ထင်းစည်းချိုးရုပ်တုဘေးမှာ မူလ မြေးအဘိုးနှစ်ယောက်သာ ထုဆစ်ပေးခဲ့သော ရုပ်တုတွင် ကုန်းကုန်းကွကွ ဗလမောင်တစ်ယောက်ပုံ ပါဝင်နေသည့်ကိစ္စဖြစ်ပါသည်။ လွန်ခဲ့သည့်နှစ် အနှစ် (၇၀)မြောက် ပြည်ထောင်စုနေ့ အထူးထုတ် ကြေးမုံသတင်းစာ မျက်နှာဖုံးပုံကို ကျွန်တော် သိမ်းထားပါသည်။ ထိုပုံတွင် ထင်းစည်းချိုးရုပ်တု မြေးအဘိုးဘေးတွင် ခါးတောင်းကျိုက်နှင့် ဗလမောင်တစ်ဦး ကုန်းကုန်းကွကွနှင့် ပါနေခြင်းဖြစ်ပါသည်။

ယခုလည်း ပြည်ထောင်စုနေ့ရောက်ခါနီးတွင်လည်း နံနက် ၉ နာရီလောက် MRTV ရုပ်မြင်သံကြားမှ အဆိုတော်ကြီး ဒေါ်မေလှမြိုင်၏ မြန်မာ့ကြွေးကြော်သံ သီချင်းနှင့်အတူ ထင်းစည်းချိုးရုပ်တုကြီးကို ထည့်သွင်းသရုပ်ဖော်ပြသည်ကို ကြည့်ခဲ့ရပါသေးသည်။ ကြည့်ပြီးတိုင်း ကျွန်တော် စိတ်မချမ်းမသာ ခံစားရပါသည်။ အဘယ်ကြောင့်ဆိုသော် ဆရာကြီး ဦးဟန်တင်၏ ထင်းစည်းချိုးရုပ်တု မြေးအဘိုးနှစ်ယောက်ဘေးတွင် ကုန်းကုန်းကွကွ ဗလမောင်တစ်ယောက် ပါဝင်နေသေးသည်ကို တွေ့ရ၍ဖြစ်ပါသည်။

ဉာဏပစ္စည်းမူပိုင်ခွင့် ဥပဒေကိုတော့ ဆရာ အောင်စိုးဦးလောက် ကျွန်တော် ကျွမ်းကျွမ်းကျင်ကျင် သိပ်မသိပါ။ မူလအနုပညာရှင်တစ်ဦး၏ လက်ရာကို ပုံတူကူးသူ၊ မူရင်းလက်ရာကို ဖြည့်စွက်ဖန်တီးမည်ဆိုလျှင် မူပိုင်ခွင့်ဥပဒေကို ချိုးဖောက်ရာရောက်ကြောင်းလောက်တော့ ကျွန်တော် နားလည်ပါသည်။ ယခုဖြစ်စဉ်မှာ မူလဆရာကြီး ဦးဟန်တင် မူရင်းပုံ မြေးအဘိုးနှစ်ဦး၏ဘေးတွင် အရုပ်တစ်ရုပ် ဖြည့်စွက်ထားခြင်းဖြစ်၍ ဆရာကြီး၏ မူရင်းလက်ရာကို ဖျက်ဆီးရာရောက်သည်ဟု သဘောရပါသည်။

ဤသို့ မြေးအဘိုးနှစ်ယောက်ဘေးတွင် ကုန်းကုန်းကွကွ အရုပ်တစ်ရုပ်ပါနေရသည့်အကြောင်းကို ပြောမည်ဆိုလျှင် ကျွန်တော်ကိုယ်တိုင် တာဝန်မကင်းဟု ဝန်ခံတင်ပြလိုပါသည်။ အကြောင်းရင်းကိုလည်း ကျွန်တော်ကိုယ်တိုင် ရှင်းပြမှ အားလုံးသိပါတော့မည်။

ယခင့်ယခင် အစိုးရလက်ထက် တစ်နေ့ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအစည်းအရုံး (ဗဟို)ရုံးခန်း၌ ကျွန်တော်အလုပ်လုပ်နေစဉ် ကျွန်တော့် မိတ်ဆွေ ပြန်ကြားရေးဌာနမှ ကိုလှအေး (ဦးစီးအရာရှိ-ဓာတ်ပုံ) ရောက်လာပါသည်။ ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းက ခင်ဗျားဆီသွားဆိုလို့ လာခဲ့တာတဲ့။ ဘာကိစ္စလဲဗျဆိုတော့

စာမျက်နှာ ၇ သို့

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ကချင်ပြည်နယ် နှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ
" အငယ်စား ၊ အသေးစား နှင့် အလတ်စား "
Micro , Small & Medium Enterprise ( MSME )
စီးပွားရေးလုပ်ငန်းများ၏ ပထမအကြိမ် ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ
၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက် မှ ၂၅ ရက် အထိ
ကျင်းပမည့်နေရာ - မန္တလာသီရိ အားကစားကွင်း ၊ ၆၈ လမ်းနှင့် ၇၈ လမ်းကြား ၊ ၆၈ လမ်းနှင့် ၄ရွှေဝါလမ်းထောင့် ၊ မန္တလေးမြို့
ပြပွဲနှင့်ပြိုင်ပွဲသို့ ပါဝင်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် အောက်ပါလိပ်စာသို့
ဒေါ်ဘောက်ရာ ဒုတိယညွှန်ကြားရေးမှူး ၀၉၄၀၀၄၇၇၃၇၆ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
ဦးဇော်လွင်ဦး လက်ထောက်ညွှန်ကြားရေးမှူး ၀၉၂၆၁၃၉၁၈၂၉ ပြတိုက်လမ်း နှင့် ၇၈ လမ်းထောင့် ၊ မန္တလေးမြို့
ဒေါ်ယမင်းသန့် လက်ထောက်ညွှန်ကြားရေးမှူး ၀၉၄၄၄၀၃၇၄၈၉ ဖုန်း - ၀၂ ၃၉၁၃၃ ၊ ၀၂ ၃၉၅၇၃

# ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မဟာမြိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်းဒေသကြီး ရွာသစ်အရှေ့ အောင်ဆန်းရပ်ကွက် ခမည်းမော် ဦးကျော်အေး-မယ်တော် ဒေါ်အုန်းမြိုင်တို့က ၁၂၉၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၇ ခုနှစ်တွင် မဟာမြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာဂရကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၄ ခုနှစ်တွင် မဟာမြိုင်ကျောင်းတိုက် ခဏ္ဍသိမ်၌ ဘဒ္ဒန္တဥက္ကံသကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် မဟာမြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာဂရ၊ အင်းစိန်မြို့နယ် မာလာရာမကွက်သစ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ၊ ဘဒ္ဒန္တရာဇိန္ဒ၊ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇနိယ၊ မန္တလေးမြို့ ဦးရန်ကုန်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒ၊ ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တနာရဒ၊ ဆရာတော် ဘဒ္ဒန္တဥက္ကံသ၊ ဆရာတော်ဘဒ္ဒန္တမေဓိယ၊ ဆရာတော်ဘဒ္ဒန္တပညာဇောတ၊ ညောင်ကန်တိုက်ဆရာတော် ဘဒ္ဒန္တဉာဏဝရ၊ ဆီးဘန်းနီတိုက်ဆရာတော် ဘဒ္ဒန္တအာစာရ၊ တောင်ထီးလင်းတိုက် ဆရာတော် ဘဒ္ဒန္တပုညာနန္ဒ၊ ရွှေရေးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဏဝ စသော ဆရာတော်များထံတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ယူလေ့လာခဲ့ပါသည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ၁၃၅၅ ခုနှစ်မှစ၍ မဟာမြိုင်ကျောင်းတိုက်တွင် အခြေခံစာဝါများ၊ ရူပသိဒ္ဓိ၊ ကစ္စည်း၊ ဋီကာကျော် စသောကျမ်းများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ ဋီကာကျော်သင်တန်း၊ ဝိသုဒ္ဓိမဂ်သင်တန်းများကို ပို့ချပေးခြင်း၊ သံဃာ့အဖွဲ့အစည်းတွင် အင်းစိန်မြို့နယ် သံဃနာယက ဥက္ကဋ္ဌအဖြစ် ၁၀ နှစ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ၁၉ နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှ ယနေ့အချိန်အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် တာဝန်များကို ဆောင်ရွက်ခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် အများပြည်သူ၊ ရဟန်း၊ ရှင်၊ လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိ မာမကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံခြင်းစသည့် ဂုဏ်အင်္ဂါတို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တသူရိယအား ၁၃၆၀(၁၉၉၉)ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၅)နှစ်၊ သိက္ခာတော် (၆၅)ဝါအရ ၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ ရက် (၁၂-၂-၂၀၁၈) တနင်္လာနေ့ ညနေ ၃ နာရီ ၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ၂၅-၂-၂၀၁၈ ရက်နေ့တွင် အန္တိမအဂ္ဂိဈာပနအခမ်းအနားပြုလုပ်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် မဟာမြိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယသည် သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၅)ဝါအရ ၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ ရက် (ဖေဖော်ဝါရီ ၁၂ ရက်) တနင်္လာနေ့ ညနေ ၃ နာရီ ၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

❑ **စာမျက်နှာ ၆ မှ**

ထင်းစည်းချိုးရုပ်တုဘေးမှာ အရုပ်တစ်ရုပ်ထပ်ဖြည့်ချင်လို့ ပန်းပုဆရာကို အပ်ပေးပါတဲ့။ ထုတဲ့ဆရာကြီးလည်း ကွယ်လွန်သွားပြီဗျ၊ တခြားတစ်ယောက်ထုပြီးဖြည့်မယ်ဆိုလည်း မဖြစ်နိုင်ဘူးဗျ။ မူပိုင်ဥပဒေနဲ့လည်း မကိုက်ဘူးဗျ။ ထုခိုင်းမယ်ဆိုရင်လည်း ဒီလောက်မြန်မြန်မရနိုင်ဘူးဗျဆိုတော့ ကိုလှအေး ခေါင်းကုပ်နေပါတော့သည်။ အရုပ်တစ်ရုပ်ပါမသွားရင် ဝန်ကြီးကို သူတွေ့ရဲပုံမပေါ်ကြောင်း တွေ့ရပါသည်။

ထိုစဉ် ကျွန်တော်ရုံးစားပွဲနောက်က မှန် Show Case ထဲတွင် ဘယ်ပြပွဲက ကျန်နေမှန်း မသိနိုင်သော ပန်းပုရုပ်အချို့ကို သူတွေ့သွားပြီး တစ်ရုပ်ချင်းသူလိုက်ရှာကြည့်ရာ ယခုထင်းစည်းချိုးရုပ်နှင့် တွဲပါသော ခါးတောင်းကျိုက် ဗလမောင်ကုန်းကုန်းကွကွရုပ်တုကို သူသဘောကျသွားပါသည်။ ထိုအရုပ်ကြီးကို စားပွဲပေါ်မတင်ပြီး ထောင့်အမျိုးမျိုးမှ ဓာတ်ပုံရိုက်ယူသွားပါသည်။ သည်တော့မှ ကိုလှအေး မျက်နှာ ကြည်ကြည်လင်လင် ပြုံးပြုံးရွှင်ရွှင်ဖြစ်သွားပြီး ကျေးဇူးတင်စကားပြောပြီး ပြန်သွားပါသည်။

များမကြာမီ ကိုလှအေး ရိုက်သွားသော ကုန်းကုန်းကွကွ ရုပ်တုပုံကြီး ထင်းစည်းချိုးရုပ်တုကြီးဘေးတွင် ဖြည့်စွက်ထားသောပုံများ ပြန်ကြားရေးဌာနသတင်းများတွင် တွေ့မြင်လာရပါတော့သည်။ မူပိုင်ခွင့်ဥပဒေနှင့် ငြိစွန်းနေကြောင်း၊ မူရင်းဆရာကြီး ဦးဟန်တင်၏ လက်ရာကို ဖျက်ဆီးရာရောက်ကြောင်း ယခုအစိုးရသစ်တက်ခါစက ပြည်ထောင်စု ပြန်ကြားရေးဝန်ကြီး ဒေါက်တာ (ဆရာ)ဖေမြင့် သိရှိသွားအောင် စံတော်ချိန်သတင်းစာမှာပဲ ကျွန်တော် ရေးသားတင်ပြဖူးပါပြီ။ ယခုအထိ ထင်းစည်းချိုးရုပ်တုကြီးဘေးက ကုန်းကုန်းကွကွ ရုပ်တုကြီးပါနေဆဲ၊ ဒေါ်မေလှမြိုင်၏ မြန်မာ့ကြွေးကြော်သံသီချင်းနှင့်အတူ ပူးတွဲဖော်ပြနေသည်ကို တွေ့နေရဆဲဖြစ်ပါသည်။

ပန်းပုဆရာကြီး ဦးဟန်တင်သည် သူ၏လက်ရာကို အစဉ်အမြဲ အစွမ်းကုန်ကြိုးစားထုလုပ်သည်။ သူ့မူရင်းအရုပ်ဘေးတွင် အခြားအမည်မသိ တစ်ဦး၏ လက်ရာကို ပူးတွဲဖော်ပြဖို့ မပြောပါနှင့်၊ သူလက်စွမ်းပြထားသော အရုပ်တစ်ရုပ်ကို ထောက်ပြဝေဖန်သည်ဆိုလျှင်ပင် လက်ခံသူမဟုတ်။ အနုပညာမာနအပြည့်ရှိသော ပန်းပုပညာရှင်ကြီးတစ်ဦးဖြစ်သည်။ ဘုရင့်နောင်ရုပ်တု၊ အလောင်းဘုရားရုပ်တု၊ ဗိုလ်ချုပ်မြင်းစီးရုပ်တု (ပြည်မြို့) စသည့် ရုပ်တုများ မထုလုပ်မီကပင် ပညာရှင်ကြီးများ ဥပမာ-ဆရာကြီး ဦးသုခ၊ ပါမောက္ခ ဆရာကြီး ဒေါက်တာခင်မောင်ညွန့် စသည့် ပုဂ္ဂိုလ်ကြီးများထံမှ အကြံဉာဏ်ယူသည်။ သမိုင်းအချက်အလက်များ မှန်ကန်အောင်ကြိုးစားသည်။ အလွန်စနစ်ကျသော အနုပညာရှင်ကြီးဖြစ်ပါသည်။

ဒါတောင် အနော်ရထာရုပ်တုကြီး (ယခု ပြည်လမ်း အမျိုးသားပြတိုက်ရှေ့ရှိ) ထုလုပ်စဉ်က ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်ကို ဖိတ်ကြားပြသသည်။ ထိုနေ့က မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးသောင်းဟန်နှင့် အတွင်းရေးမှူးဖြစ်သူ ကျွန်တော်တို့ကိုပါ ဆရာက ခေါ်ထားပါသည်။ ထိုနေ့က ဦးခင်ညွန့်က အနော်ရထာရုပ်တုကြီးကိုကြည့်ပြီး အချက်ခြောက်ချက် ထောက်ပြပါသည်။

ဥပမာ-ပိဋကတ်သုံးပုံ ပေထုပ်ကြီးကို အနော်ရထာဘုရင့်ရင်ခွင်မှာ ပိုက်ထားဟန် ဆရာက ထုထားသည်ကို ဦးခင်ညွန့်က ဆရာ့ကို ပိဋကတ်သုံးပုံဆိုတာ မြင့်မြတ်တဲ့ ပစ္စည်းမို့ ရင်ခွင်မှာပိုက်ထားတာထက် မြင့်မြတ်တဲ့ဟန်ပန်နဲ့ဆို ကောင်းမယ်ဆရာဟု အကြံပေးပါသည်။ ထို့ကြောင့် ယခုအမျိုးသားပြတိုက်ရှေ့က အနော်ရထာမင်းသည် ပိဋကတ်သုံးပုံကို ရွှေကလပ်တစ်ခုအပေါ်တင်ထားဟန် ကိုင်ထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုနေ့က ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်က ကျွန်တော်နှင့် ဦးသောင်းဟန်ကို ပြောသွားသော စကားတစ်ခွန်းကို ကျွန်တော်သတိရနေပါသေးသည်။



**လားရှိုးမြို့တွင် စိုက်ထူခဲ့သော ထင်းစည်းချိုးရုပ်တု (ထိုရုပ်တုကို ရှမ်းဝတ်စုံနှင့် ဆရာကြီး ဦးဟန်တင် ထုလုပ်ပေးခဲ့သည်။)**

**"ခင်ဗျားတို့ ဆရာက သူ့အရုပ်ကို ဘယ်သူမှ ပြင်တာကြိုက်တာမဟုတ်ဘူး၊ ကျွန်တော် အကြံပြုတာပဲ လက်ခံတာဗျ"**တဲ့။

မှန်ပါသည်။ ယခုသူအနှစ်သက်ဆုံး ထင်းစည်းချိုးရုပ်တုကြီးကို ဖြည့်စွက်ပြင်ဆင်ထားတာများ တမလွန်ကနေ သိနိုင်မည်ဆိုလျှင် အကြီးအကျယ် ဒေါပွမှာ သေချာပါသည်။ ဤပြဿနာကို ဖန်တီးရာတွင် အသွားစေခိုင်းသူ ပြန်ကြားရေးဝန်ကြီးဟောင်း ဦးကျော်ဆန်း၊ ဓာတ်ပုံရိုက်သွားသူ ကိုလှအေး၊ အရုပ်ထုတ်ပေးခဲ့သူ ဘုရားကျွန်တော်- ဤသုံးယောက်တွင် ဆရာကြီးဦးဟန်တင်က အရုပ်ထုတ်ပေးသူ ကျွန်တော့်ကိုသာ ဆန်ရင်းနာနာဖွပ်လိမ့်မည်ဟု ယူဆပါသည်။

ဤဖြစ်စဉ် တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းလေးကို ပြည်ထောင်စုပြန်ကြားရေးဝန်ကြီး ဒေါက်တာ(ဆရာ)ဖေမြင့် ဖတ်မိပါစေဟု အကြိမ်ကြိမ်ဆုတောင်းနေမိပါသည်။ ။

***[၁၃. ၂. ၂၀၁၈ ရက်နေ့ထုတ် စံတော်ချိန်သတင်းစာပါ ဆောင်းပါးကို သတင်းစာနှင့် ဆောင်းပါးရှင်တို့၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။]***



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ခရေ FM- ထန်းတပင်လူထုရေဒီယိုဖွင့်ပွဲတွင် စက်ခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ခရေ FM- ထန်းတပင်လူထုရေဒီယို စမ်းသပ်စီမံကိန်း သဘောတူညီမှု လက်မှတ်ရေးထိုးပွဲအခမ်းအနား တက်ရောက်စဉ်။

❐ **ရှေ့ဖုံးမှ**

အများပြည်သူဆီသို့ ဆက်လက်ဖြန့်ချိနိုင်အောင် ဆောင်ရွက်သည့်အစီအစဉ်တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ယင်းမှာ မပြည့်စုံသေးပါကြောင်း၊ ပြည့်စုံအောင် သက်ဆိုင်ရာနေရာဒေသအသီးသီးမှ ပြည်သူများက ဖွဲ့စည်းထားသည့် သတင်းထုတ်ပြန်သော ဌာနများရှိရန် လိုအပ်ပါကြောင်း၊ ယနေ့ စတင်ဖွင့်လှစ်မည့် ခရေ FM ရေဒီယိုမှာ ယင်းအစီအစဉ်တစ်ရပ်ကို စမ်းသပ်ပြုလုပ်ခြင်းဖြစ်သည်ဟု ပြောလိုပါကြောင်း၊ မြန်မာနိုင်ငံအနှံ့အပြားရှိ ဒေသအသီးသီး၊ မြို့နယ်အသီးသီး၊ တိုင်းဒေသကြီးအသီးသီး၊ ပြည်နယ်အသီးသီးမှ ပြည်သူများက သူတို့အသံကို တစ်တိုင်းပြည်လုံးဖြန့်ချိသည်ကို မိမိတို့လိုချင်ပါကြောင်း၊ လိုလားပါကြောင်း။

ယင်းမှာ မိမိတို့ တိုင်းပြည် ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းနေသည့် ကူးပြောင်းမှုဖြစ်စဉ်၏ တစ်စိတ်တစ်ဒေသဖြစ်ပါကြောင်း၊ ကူးပြောင်းမှုဖြစ်စဉ်ကို အထောက်အကူပြုမည့် လုပ်ငန်းစဉ်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းပြည်တစ်ပြည်တွင် စနစ်တစ်ခုသို့ ကူးပြောင်းသည့်အခါ ကူးပြောင်းနိုင်ရန် ပြင်ဆင်ရသည့် အနေအထားများရှိပါကြောင်း၊ ပြောင်းလဲရန်အတွက် ပြင်ဆင်သည့်နေရာတွင် အဓိကအားဖြင့် စောစောက ရှိခဲ့သော ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများ၊ အမူအကျင့်များကိုပြောင်းလဲရပါကြောင်း။

ဒီမိုကရေစီနိုင်ငံ၏ လိုအပ်ချက်တစ်ခုဖြစ်သည့် လွတ်လပ်စွာပြောဆိုခွင့်ကို ဖန်တီးပေးနိုင်ရန် လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာဖော်ပြခွင့်နှင့် ပတ်သက်၍ တည်ရှိနေသည့်ဥပဒေများကို ပြုပြင်ပြောင်းလဲမှုလုပ်ရပါကြောင်း၊ ယခု ခရေ FM ကဲ့သို့ ရေဒီယိုများ၊ ရုပ်မြင်သံကြားလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုလည်း လုပ်ရပါကြောင်း၊ လုပ်ဆောင်နေဆဲလည်းဖြစ်ပါကြောင်း၊ တစ်ချိန်ကရှိနေသည့် ဥပဒေများအရ ယခုလိုရပ်ရွာ၊ နေရာဒေသတစ်ခုမှ ရေဒီယိုတစ်ခုနှင့် အသံ လွှင့်၍ မရပါကြောင်း၊ ထိုအနေအထားကို ဖန်တီးနိုင်ရန် မိမိတို့ ဥပဒေပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ဥပဒေများ ပြုပြင်ပြောင်းလဲရေးကိုဆောင်ရွက်နေသည့် တစ်ချိန်တည်းတွင် ဥပဒေများပြုပြင်ပြောင်းလဲပြီးပါက ဖြစ်ပေါ်လာနိုင်သည့်၊ လုပ်ခွင့်ရှိလာမည့် ယခုလို လူထုရေဒီယိုထုတ်လွှင့်သည့် လုပ်ငန်းများလုပ်နိုင်ရန်အတွက် ယနေ့ ခရေ FM မှာ စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယခုရေဒီယိုသည် သက်ဆိုင်ရာဒေသ၊ ရပ်ရွာမှ ပြည်သူများ၏ သဘောထားအမြင်များကို လွတ်လပ်စွာ ပြောဆိုခွင့်ကို စမ်းသပ်ကျင့်သုံးရန် အခွင့်အလမ်းပေးထားခြင်းဖြစ်ပါကြောင်း။

မိမိတို့တိုင်းပြည်တွင် လွတ်လပ်စွာပြောဆိုခွင့်သည် နှစ်ပေါင်းများစွာဆိတ်သုဉ်းခဲ့ပါကြောင်း၊ ယနေ့ စတင်ဖွင့်လှစ်ပေးသည့်အခါတွင် လွတ်လပ်စွာပြောဆိုခွင့်ကိုစနစ်တကျ မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရန်အတွက်လည်း လိုအပ်ပါကြောင်း၊ ခရေ FM ရေဒီယိုမှ စတင်ထုတ်လွှင့်မည့် အစီအစဉ်များသည် လွတ်လပ်စွာ ပြောဆိုခွင့်ကို စနစ်တကျ ကျင့်သုံးမှုနှင့် ပတ်သက်သည့် ပဏာမလေ့ကျင့်ခန်းပင်ဖြစ်ပါကြောင်း၊ အကယ်၍ ခရေ FM အောင်မြင်ခဲ့လျှင် နောက်ပေါ်လာမည့် လူထုရေဒီယိုများသည် ခရေ FM ကို အတုယူပြီး လုပ်ဆောင်လာကြမည်ဖြစ်ပါကြောင်း၊ ခရေ FM သည် နောင်လာမည့် လူထုရေဒီယိုများအတွက် Training Center တစ်ခုဖြစ်သည်အထိ ဆက်လက်ပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါဟု မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျာမန်သံအမတ်ကြီး H.E. Mrs. Dorothee Janetzke – Wenzel၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ခရေ FM - ထန်းတပင်လူထုရေဒီယို ဖြစ်မြောက်အောင် ကူညီပံ့ပိုးသည့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သော DW Akademie ၏ အာရှနှင့် အရှေ့ဥရောပ ဒေသဆိုင်ရာအကြီးအကဲ Mr. Michael Karhausen နှင့် စုပေါင်းအားမာန်ကျေးရွာဖွံ့ဖြိုးရေး ဦးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငွေးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် DW Akademie ၏ အာရှနှင့် အရှေ့ဥရောပဒေသဆိုင်ရာအကြီးအကဲ၊ စုပေါင်းအားမာန် ကျေးရွာဖွံ့ဖြိုးရေး ဦးဆောင်အဖွဲ့ဥက္ကဋ္ဌတို့က ထန်းတပင် လူထုရေဒီယို စမ်းသပ်စီမံကိန်းသဘောတူညီမှု လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ခရေ FM- ထန်းတပင် လူထုရေဒီယိုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမန်သံအမတ်ကြီး၊ DW Akademie အာရှနှင့် အရှေ့ဥရောပ ဒေသဆိုင်ရာအကြီးအကဲနှင့် စုပေါင်းအားမာန် ကျေးရွာဖွံ့ဖြိုးရေး ဦးဆောင်အဖွဲ့ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ခရေ FM - ထန်းတပင် လူထုရေဒီယိုမှ တာဝန်ရှိသူများနှင့် စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ခရေ FM -ထန်းတပင် လူထုရေဒီယိုထုတ်လွှင့်ရန် ရှေ့ပြေးစီမံကိန်းသဘောတူစာချုပ်ကို ၂၀၁၇ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် DW Akademie၊ စုပေါင်းအားမာန်ကျေးရွာဖွံ့ဖြိုးရေးဦးဆောင်အဖွဲ့တို့ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီး ဒေသခံအဖွဲ့အစည်းဖြစ်သည့် စုပေါင်းအားမာန်ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့တို့မှ လုပ်အားပေးစေတနာ့ဝန်ထမ်းများဖြင့် ယနေ့မှ စတင်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးလူထုရေဒီယို ခရေ FM- ထန်းတပင်လူထုရေဒီယိုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေး၊ ဖျော်ဖြေရေးတို့အပြင် ထန်းတပင်မြို့နယ်၏ လူပ်ရှားမှုသတင်းများ စသည်ဖြင့် ကဏ္ဍများပါဝင်မည်ဖြစ်သည်။ ပြန်လည်ထုတ်လွှင့်မှုအစီအစဉ်များကို နေ့စဉ် နံနက် ၈ နာရီ မှ ၁၀ နာရီအထိ လည်းကောင်း၊ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်ကို မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း ထုတ်လွှင့်သွားမည်ဖြစ်ရာ ရေဒီယိုသာမက မိုဘိုင်းဖုန်းများဖြင့်လည်း 104.8 MHz မှ ထန်းတပင်မြို့နယ်အတွင်း ဖမ်းယူနားဆင်နိုင်မည်ဖြစ်သည်။

**သတင်းစဉ်**

# အထက်မြန်မာပြည် သီးနှံစိုက်ပျိုးထုတ်လုပ်ရေး နည်းပညာဗဟိုဌာနတွင် တာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို ပြည်တွင်းစားသုံးမှု ဖူလုံရေးသာမက ပြည်ပဈေးကွက်များအထိ မျက်နှာပန်းလှလှ တင်ပို့ရောင်းချ နိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများကို နိုင်ငံတကာစံချိန်စံညွှန်းမီ လိုက်နာဆောင်ရွက်ရန်လိုအပ်ချက်များကို အဓိကစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာကျင့်သုံးလာစေရေးအတွက် နည်းပညာပြန့်ပွားရေးလုပ်ငန်းကို သက်ဆိုင်ရာ ပညာရှင်ဝန်ထမ်းများက အားထုတ်ဆောင်ရွက်ကြရန် ဖေဖော်ဝါရီ ၁၆ ရက် ညနေပိုင်းက သာစည်မြို့နယ် အထက်မြန်မာပြည်အော်ဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ်ရေး နည်းပညာဗဟိုဌာန VFDC သို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အထက်မြန်မာပြည်အော်ဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ်ရေး နည်းပညာဗဟိုဌာန VFDC အကြောင်းကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပညာရှင်များစဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးနှင့် တိုးတက်လာသော နည်းပညာများကို မျက်ခြည်မပြတ်ဆည်းပူးပြီး တောင်သူများ အမှန်တကယ် အားကိုးအားထားပြုနိုင်သည့်ဌာနအဖြစ် ရပ်တည်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းအားထုတ်ရန် လိုအပ်ချက်များမှာကြားဆွေးနွေးသည်။

အထက်မြန်မာပြည် အော်ဂဲနစ် သီးနှံစိုက်ပျိုးထုတ်လုပ်ရေး နည်းပညာဗဟိုဌာန VFDC သည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအနီးတွင် တည်ရှိသည်။ ယခင်က ချည်မျှင်ရှည်ဝါ သုတေသနလုပ်ငန်း၊ ဝါမျိုးသန့်လုပ်ငန်းများဆောင်ရွက်ခဲ့သည့် လှိုင်းတက်ခြံ (၁)နှင့် လှိုင်းတက်ခြံ (၂) တို့ကို ပေါင်းစပ်ပြီး VFDC အဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းဖြစ်သည်။ ယခုအခါ အော်ဂဲနစ် ဟင်းသီးဟင်းရွက်သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်မှုစနစ် ဖွံ့ဖြိုးလာစေရန်နှင့် တောင်သူများသို့ နည်းပညာဖြန့်ဖြူးပေးရန်၊ သီးနှံထွက်ကုန်များ၏ အရည်အသွေးကောင်းမွန်လာပြီး တောင်သူများဝင်ငွေတိုး၍ စားသုံးသူများ ကျန်းမာရေးနှင့် ညီညွတ်စေရန်၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံနှင့်သင့်လျော်မည့် သီးနှံအမယ်သစ်များကို စမ်းသပ်လေ့လာဖော်ထုတ်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ပွန်ဂဲလ်(ခေါ်)ကောက်သစ်စားပွဲနှင့် တောင်သူလယ်သမားဦးကြီးများ ဂုဏ်ပြုပွဲသို့ တက်ရောက်အားပေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**
မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) က ကြီးမှူးကျင်းပသည့် ၂၀၁၈ ခုနှစ် ပွန်ဂဲလ်(ခေါ်) ကောက်သစ်စားပွဲနှင့် တောင်သူလယ်သမားဦးကြီးများ ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ညပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏလမ်းဆုံအနီး သုဝဏ္ဏဘူမိ Event Park တွင် ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်နာယက ဦးအောင်ဆန်း၊ ဥက္ကဋ္ဌဦးသိန်းလွင်၊ အထွေထွေအတွင်းရေးမှူး၊ အမှုဆောင်များနှင့် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆီမီးထွန်းညှိ၍ အခမ်းအနားကို စတင်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း အထွေထွေအတွင်းရေးမှူး ဦးချစ်ဝင်းက တမီလ်ဘာသာဖြင့် အသင်း၏ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားပြီး ဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဟင်နရီခင်မောင်နှင့် ဦးဝင်းကြိုင်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်းနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တမီလ်လူမျိုးများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် ပွန်ဂဲလ်(ခေါ်)ကောက်သစ်စားပွဲနှင့် တောင်သူလယ်သမားဦးကြီးများ ဂုဏ်ပြုပွဲအခမ်းအနားတွင် အိန္ဒိယရိုးရာအက၊ မြန်မာရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**သတင်းစဉ်**



# မြန်မာ-ရုရှား နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ် 'ရုရှားမယ်လိုဒီ' ဂီတဖျော်ဖြေပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**
မြန်မာ-ရုရှား နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ စီစဉ်တင်ဆက်သည့် "ရုရှားမယ်လိုဒီ" ဂီတဖျော်ဖြေပွဲကို ယနေ့ညပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။




အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Dr. Nikolay Listopadov က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရုရှား- မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulachnikov၊ ရုရှား- မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း၏ ဂုဏ်ထူးဆောင်အဖွဲ့ဝင် Mr. Rudolf Yanson တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ရုရှားနိုင်ငံမှ "ကလာဂျက်(စ်)" ရိုးရာကျေးလက်ဂီတအဖွဲ့နှင့် "ငွေရောင်တူရိယာကြိုးများ" ဂီတတူရိယာအဖွဲ့တို့က (ရုရှားမယ်လိုဒီ) ရုရှားဂီတသံစဉ်တေးသွားများဖြင့် ဖျော်ဖြေရာတွင် "မော်စကိုအမှတ်တရပစ္စည်း" သီချင်းကို သံပြိုင်သီဆို၍လည်းကောင်း၊ "ကာလီ(န်)ကာ" ရုရှားဂန္ထဝင်တေးသီချင်းဖြင့် လည်းကောင်း၊ ကု(ရ်)စကီးပြည်နယ်၏ "ကျွန်တော်ရဲ့ နိုက်တင်ဂေးငှက်လေး" အော်ပရာသီချင်းဖြင့် လည်းကောင်း၊ ဂါလိချ်မြို့လေး၏ တောင်တန်းများမြင့်မားမတ်စောက်ပုံကို ညွှန်းဆိုထားသည့် အော်ပရာသီချင်းများဖြင့် လည်းကောင်း၊ ကာဇတ်လူမျိုးတို့၏ "ဓားရှည်ယူခဲ့ပါ" စစ်ချီသီချင်းဖြင့် လည်းကောင်း၊ ကျေးလက်ရိုးရာတေးသီချင်းများဖြင့် လည်းကောင်း ကပြသီဆိုဖျော်ဖြေကြသည့်အပြင် ရုရှားရိုးရာဂန္ထဝင်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ရုရှားမယ်လိုဒီအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

အခမ်းအနားတွင် မြန်မာ-ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး မှတ်တမ်းဓာတ်ပုံများနှင့် ရုရှားနိုင်ငံနှင့် ပတ်သက်သည့် သမိုင်းအကြောင်းအရာများ၊ ရိုးရာယဉ်ကျေးမှုများနှင့် ရုရှားနိုင်ငံ၏ ရသစာပေများကို မြန်မာစာရေးဆရာများက ဘာသာပြန်ဆိုထားသည့် စာအုပ်များကို တက်ရောက်လာကြသည့် ပရိသတ်များ သိရှိနိုင်ရန် ပြသထားသည်။

ယနေ့ အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့်အတူ သံရုံးတာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရှိ ရုရှားနိုင်ငံသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အလားတူ ယင်းဖျော်ဖြေပွဲကို မန္တလေးမြို့ရှိ အမျိုးသားဇာတ်ရုံတွင် ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

* ကျောဖုံးမှ

အဆိုပါ ဓာတ်ပုံပြပွဲတွင် မြန်မာနိုင်ငံ၌ ပထမဆုံးဓာတ်ပုံဆရာအဖြစ် ရောက်ရှိလာသော အိန္ဒိယနိုင်ငံမှ ဓာတ်ပုံဆရာ၏ မြန်မာနိုင်ငံနှင့် ပတ်သက်၍ ရိုက်ကူးခဲ့သည့် သမိုင်းဝင်ဓာတ်ပုံများ အပါအဝင် မြန်မာဓာတ်ပုံဆရာများ၏ သမိုင်းဝင်ဓာတ်ပုံများ၊ ခေတ်အဆက်ဆက် အနုပညာရှင်များ၏ အလှဓာတ်ပုံများ၊ ၁၉၁၀ ပြည့်နှစ်ဝန်းကျင်ခန့်မှ စတင်၍ ယနေ့အချိန်အထိ မြန်မာနိုင်ငံမှ ဓာတ်ပုံဆရာများ ရိုက်ကူးခဲ့သော သမိုင်းဝင်ဓာတ်ပုံများကို ချိတ်ဆွဲပြသထားသည့်အပြင် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းဝင်ဓာတ်ပုံများကို အဖြူ အမည်း ပုံရိပ်ပြစက်ဖြင့် စတူဒီယိုအခန်းအတွင်း၌ ပြသလျက်ရှိကြောင်း သိရသည်။

ဓာတ်ပုံများ ပြသထားမှုအပေါ် အဆိုပါပွဲဖြစ်မြောက်ရေးတွင် ပါဝင်သူ ဂျာမန်ယဉ်ကျေးမှုဌာနမှ ကိုဝင်းထက်က"အဓိကကတော့ မြန်မာနိုင်ငံမှာ ၁၉၁၀ ဝန်းကျင်လောက်က ဓာတ်ပုံဆရာရဲ့ ဓာတ်ပုံတွေကိုပြသတာပါ၊ ကိုလိုနီခေတ်က ဓာတ်ပုံဆရာတွေထဲမှာ မြန်မာတွေတော်တော်နည်းပါတယ်၊ အနောက်နိုင်ငံတွေက ဓာတ်ပုံဆရာတွေပဲ များခဲ့ပါတယ်၊ နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနဲ့ မြန်မာဓာတ်ပုံဆရာတွေ များလာတာပါ၊ အဲဒီအချိန်က မြန်မာဓာတ်ပုံဆရာတွေ ဘယ်လိုဓာတ်ပုံတွေကို ဘယ်လိုဓာတ်ပုံပညာတွေသုံးပြီး ရိုက်ခဲ့တယ်ဆိုတဲ့ပုံတွေကို သီးသန့်စုစည်းပြီး ပြသထားခြင်းပဲ ဖြစ်ပါတယ်၊ အရင်တုန်းက ဓာတ်ပုံဆရာတွေရဲ့ သမိုင်းကြောင်းတွေအပြင် လက်ရှိမြန်မာနိုင်ငံမှာရှိနေတဲ့ ဓာတ်ပုံဆရာတွေရဲ့ အရည်အချင်းကို ပြန်လည်ဖော်ထုတ်တဲ့ပွဲပဲ ဖြစ်ပါတယ်၊ ပြသထားတဲ့ ဓာတ်ပုံတွေအားလုံးကလည်း ထူးခြားတဲ့အတွက် လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ပါတယ်၊ အခုလို ပြသခြင်းအားဖြင့် မြန်မာ-ဂျာမနီ နှစ်နိုင်ငံချစ်ကြည်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်ပါလိမ့်မယ်"ဟု ပြောသည်။



အဆိုပါဓာတ်ပုံပြပွဲသို့ ဓာတ်ပုံပညာရှင်များ၊ ဝါသနာရှင်များနှင့် နိုင်ငံခြားသားများ လာရောက်လေ့လာကြည့်ရှုလျက်ရှိပြီး ပြပွဲကို ယနေ့မှစ၍ မတ် ၁၁ ရက်အထိ နေ့စဉ်နံနက် ၁၀ နာရီ မှ ညနေ ၅ နာရီအထိ အခမဲ့ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**



# တရုတ်ရုပ်ရှင်ပွဲတော် မန္တလေးမြို့ ဝင်းလိုက်ရုပ်ရှင်ရုံ၌ ကျင်းပလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၈**
မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ကြီးမှူးကျင်းပသည့် တရုတ်ရုပ်ရှင်ပွဲတော်ကို တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၂ ခုတွင် ကျင်းပလျက်ရှိရာ မန္တလေးမြို့ရှိ ဝင်းလိုက်ရုပ်ရှင်ရုံတွင် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၆ နာရီခွဲက စတင်ကာ ဖေဖော်ဝါရီ ၂၂ ရက်အထိ တစ်ပတ်တိတိ ကျင်းပလျက်ရှိကြောင်း သိရသည်။

မြန်မာစကားပြောနောက်ခံ တရုတ်ရုပ်ရှင်ကား Detective Chinatown နှင့် Go Away Mr.Tumor ဇာတ်ကားနှစ်ကားကို ပြသခြင်းဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

၀၀၂

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မန္တလေးတက္ကသိုလ်၊ မန္တလေးပညာရေးကောလိပ်နှင့် ရွှေဘိုတက္ကသိုလ်ရှိ ပညာရေးမိသားစုများနှင့် တွေ့ဆုံ





**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အရည်အသွေးရှိသော ပညာရေးစနစ်ကို အရည်အသွေးရှိသော ဆရာ ဆရာမများဖြင့် ညီညီညွတ်ညွတ် တာဝန်ယူတာဝန်ခံ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တစ်ဦးချင်း၊ တက္ကသိုလ်တစ်ခုချင်း သီးခြားမနေဘဲ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍများ၊ ပြည်တွင်းပြည်ပ တက္ကသိုလ်များ အချင်းချင်းချိတ်ဆက်ကာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများအနေဖြင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား အလွတ်ကျက်မှတ်မှုကိုအားမပေးဘဲ စဉ်စားတွေးခေါ်မှုကို အားပေးသည့် Deep Learning ဖြင့်သင်ကြားသင်ယူနိုင်ရန်အတွက် အင်္ဂလိပ်စာကျွမ်းကျင်မှုနှင့် ICT ကျွမ်းကျင်မှု မြှင့်တင်ခြင်းများ၊ စာများများဖတ်၍ အကျိုးရှိထိရောက်သော သုတေသနလုပ်ငန်းများ ပြုလုပ်ခြင်း၊ သုတေသနစာတမ်းများ ရေးသားခြင်းကို ဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း၊ ဒေသလိုအပ်ချက်၊ လုပ်သားဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီရန်နှင့် အရည်အသွေးရှိပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘွဲ့ရလူငယ် မောင်မယ်များ ဖြစ်ပေါ်လာအောင် သင်ကြားလေ့ကျင့်ပေးကြရမည်ဖြစ်ပါကြောင်းနှင့် နေရာတိုင်း၊ လုပ်ငန်းတိုင်းတွင် အခက်အခဲ၊ ပြဿနာ၊ မပြည့်စုံမှုနှင့် စိန်ခေါ်မှုများရှိနေသဖြင့် ညီညီညွတ်ညွတ် ပူးပေါင်း၊ သည်းခံ၍ ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားကာ အောင်မြင်အောင် ဆောင်ရွက်ကြရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဖေဖော်ဝါရီ ၁၆ ရက်တွင် မန္တလေးတက္ကသိုလ်အင်းဝခန်းမ၌ ကျင်းပသော မန္တလေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ လှမိုး၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများနှင့် ပညာရေးဌာန အရာထမ်း၊ အမှုထမ်းများ၊ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများ တွေ့ဆုံပွဲတွင် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးနှင့် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့က မန္တလေးပညာရေးကောလိပ်၊ ရွှေဘိုတက္ကသိုလ်များသို့ရောက်ရှိကာ ပါမောက္ခချုပ်ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၊ ပညာရေးမိသားစုများနှင့်တွေ့ဆုံ၍ အတွေ့အကြုံရင့်ကျက်မှုနှင့် အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများဖြင့် အခြေခံပညာရေး၏ အရေးအကြီးဆုံး အတန်းဖြစ်သော မူလတန်းပညာရေးတွင် Grade-1,Grade-2,Grade-3 အတန်းများ၌ အခြေခံ အဖတ်၊ အရေး၊ အတွက်များ ကျွမ်းကျင်အောင် သင်ကြားပေးကြရန်၊ သင်ကြားရေး၊ စီမံဘဏ္ဍာစသည့် ဌာနများအားလုံးတွင် အရည်အသွေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန်၊ တီထွင်ဆန်းသစ်သော စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ပညာရပ်ဆိုင်ရာများကို အဆင့်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ အကျိုးရှိထိရောက် ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ကြရန်နှင့် ကျောင်းသား ကျောင်းသူများအား လူသားကောင်းများဖြစ်အောင်၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်အောင်၊ တာဝန်ယူတာဝန်ခံဆောင်ရွက်တတ်အောင်၊ တီထွင်ကြံဆတတ်အောင် ပြုစုပျိုးထောင် သင်ကြားသင်ယူလေ့ကျင့်ပေးကြရန်တို့ကို မှာကြားသည်။

ထို့နောက် တက်ရောက်လာသော ဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းရာ ပညာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံကျန်းမာရေးစောင့်ရှောက်မှုကောင်းများပေးနိုင်မှ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာမည်ဖြစ်



**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၈**

ကျေးရွာနေပြည်သူများ အခြေခံကျန်းမာရေး စောင့်ရှောက်မှုကောင်းများရရှိစေရန် ကျေးလက်ကျန်းမာရေးဌာနများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ မြို့များနှင့် အလှမ်းဝေးသော ကျေးရွာများတွင် အလွန်အရေးပါလျက်ရှိရာ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ လယ်သာ(၂)အုပ်စု ထန်းပင်ကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) သည်လည်း အဆိုပါကျေးရွာအပါအဝင် အနီးနားကျေးရွာငါးရွာရှိ ကျေးရွာနေပြည်သူ ၅၀၀၀ ကျော်အတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုကောင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေးစောင့်ရှောက်မှုကောင်းများ ပိုမိုရရှိစေရန်ရည်ရွယ်၍ ပြည်တွင်းပြည်ပ နယ်လှည့်ပရဟိတသာသနာပြုဆရာတော် ဘဒ္ဒန္တအာစာရအားအမှူးထားကာ ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ထန်းပင်ကုန်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တိုးချဲ့ဆောင်သစ် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဝင်းအတွင်း၌ ကျင်းပသည်။

ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တိုးချဲ့ဆောင်သစ် ပေးအပ်လှူဒါန်းပွဲနှင့်အတူ အလျား ၁၅ ပေ အနံ ၁၅ ပေရှိ ဆတ်သွား-ထန်းပင်ကုန်း အုတ်ခံသစ်သားတံတားသစ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း တက်ရောက်၍ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါတံတားသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၄ သိန်း အပါအဝင် ကျေးရွာနေ ပြည်သူများ၏စုပေါင်းထည့်ဝင်ငွေများဖြင့် တည်ဆောက်ခဲ့သော တံတားဖြစ်သည်။

တိုးချဲ့ဆောင်သစ်သည် အကျယ်အဝန်း ၃၅ ပေပတ်လည် ရှိပြီး ဆရာတော်နှင့် အလှူရှင်များက စုပေါင်း၍ ငွေကျပ် သိန်း ၅၀ အကုန်ကျခံ လှူဒါန်းခြင်းဖြစ်သည်။ ထန်းပင်ကုန်းကျေးရွာတွင် ၂၀၁၄ ခုနှစ်မှစ၍ ကျေးလက် ကျန်းမာရေးဌာန(ခွဲ)ရှိခဲ့ရာ မြေနေရာအနေအထားအရ ကျန်းမာရေး ဝန်ဆောင်မှုပေးရာတွင် လူနာများအတွက် နားနေဆောင်နှင့် နေရာအခက်အခဲများအတွက် ဖြေရှင်းနိုင်ရန် ယခုတိုးချဲ့ဆောင်သစ်ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

"၂၀၁၄ ခုနှစ်က ဒါယကာ ဦးမောင်မောင်က ပေ ၅၀ ပေ ၁၀၀ လောက်ရှိတဲ့မြေကွက်ကို ကျန်းမာရေးဌာနဆောက်ဖို့လှူတယ်၊ အဲဒီမြေကွက်ပေါ်မှာ ဆရာတော်နဲ့ အမေရိကန်နိုင်ငံမှာရှိတဲ့ ဒါယကာ ဒါယိကာမတွေ စုပေါင်းပြီး ၂၅ ပေ ပတ်လည် အဆောက်အအုံ ဆောက်လုပ်ပြီး နိုင်ငံတော်ကျန်းမာရေးဌာနကို လှူဒါန်းခဲ့ပါတယ်၊ အဲဒီတုန်းက ဆေးရုံကသေးတဲ့အတွက် မီးဖွား၊ ကာကွယ်ဆေးထိုးတဲ့အခါမှာ အဆင်ပြေအောင် နောက်ထပ် တိုးချဲ့ဆောင်သစ် ဆောက်လုပ် လှူဒါန်းဖြစ်ခဲ့တာပါ၊ ဒီလိုဆေးပေးခန်းတွေ ဖြစ်လာတော့ အရေးပေါ် ကျန်းမာရေးတွေကို ကိုယ့်ကျေးရွာမှာပဲ ကုသလို့ရမယ်၊ နောက်လည်း ကျေးရွာနဲ့ပတ်သက်ပြီး လျှပ်စစ်မီးရရှိအောင်လည်း ကြိုးစားသွားမယ်၊ မူကြိုကျောင်းလည်း ဖြစ်စေချင်တယ်၊ သက်ကြီးဘိုးဘွားတွေအတွက် ဘိုးဘွားရိပ်သာလေးလည်း ဖြစ်အောင် လုပ်ဆောင်သွားမယ်"ဟု ဆရာတော် ဘဒ္ဒန္တအာစာရက မိန့်သည်။

ထန်းပင်ကုန်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)တွင် ကျန်းမာရေးစောင့်ရှောက်မှုများအနေဖြင့် ကိုယ်ဝန်ဆောင် မိခင်စောင့်ရှောက်မှု၊ မွေးဖွားပြီး မိခင်စောင့်ရှောက်မှု၊ ငါးနှစ်အောက်ကလေးစောင့်ရှောက်မှု၊ ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်ခြင်း၊ အာဟာရကျွေးမွေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးခြင်း၊ ဆင်ခြေထောက် ကာကွယ်ဆေးကျွေးခြင်းစသည့် စောင့်ရှောက်မှုများအပြင် ကိုယ်ဝန်ဆောင် မိခင်များအတွက် တနင်္လာနှင့် သောကြာနေ့များတွင် ဆေးခန်းဖွင့်ပေးခြင်းနှင့် ကျန်ရက်များတွင် အနီးအနားရွာများသို့ ကွင်းဆင်းလှည့်လည်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ အခြေခံကျန်းမာရေးစောင့်ရှောက်မှု ကောင်းမှသာလျှင် နိုင်ငံတော်၏ ကျန်းမာရေး အဆင့်အတန်း မြင့်မားလာနိုင်မည်ဖြစ်ကြောင်းကို ဆတ်သွားကျေးလက်ကျန်းမာရေးဌာန လက်ထောက်ကျန်းမာရေးမှူး ဦးနိုင်လင်းထွန်းက ဆိုသည်။

**အေးမင်းသူ**

# ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် လူနှင့်ဆင် ပဋိပက္ခဖြစ်ပွားမှု အများဆုံးဖြစ်ပွားနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက်ကတည်းက သဘာဝသစ်တောများတွင် တောဆင်ရိုင်းကောင်ရေများပြားစွာ နေထိုင်ကျက်စားခဲ့သော်လည်း တဖြည်းဖြည်းနှင့် နိုင်ငံလူဦးရေ တိုးပွားများပြားလာမှုနှင့်အတူ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောများအား အခြားမြေအသုံးချမှု များပြားလာခြင်း၊ တောဆင်ရိုင်းများ၏ နေရင်းဒေသများနှင့် ဆင်ကျက်စားနယ်မြေများ ကျဉ်းမြောင်းလာခြင်း၊ ပျက်စီးဆုံးရှုံးရခြင်းများကြောင့် တောဆင်ရိုင်းကောင်ရေ ကျဆင်းလာမှုကို အဓိကဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

ဆင်နှင့်လူ ပဋိပက္ခဖြစ်ပွားမှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများဆုံးဖြစ်ပွားနေပြီး တရားမဝင်သတ်ဖြတ်မှုများ၊ ဆင်စားကျက်ဇရိယာများနှင့် စကြံန်(ကြားခံ) သစ်တောများ လျော့နည်းပျက်စီးလာခြင်းများအပါအဝင် အခြားအကြောင်းရင်းများစွာတို့ကြောင့် သဘာဝတောအတွင်း တောဆင်ရိုင်းကောင်ရေ လျော့နည်းကျဆင်းလာခဲ့သည်။

ထို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်း စီမံချက်များကို ခေတ်စနစ် လိုအပ်ချက်အရ ပြန်လည်ဆန်းစစ်ပြီး အားနည်းချက်များ၊ လိုအပ်ချက်များကို သုံးသပ်ဖော်ထုတ်ခြင်းနှင့် သိပ္ပံနည်းကျ သုတေသနလေ့လာဆန်းစစ်မှုများ ပြုလုပ်ခြင်းတို့ကို အခြေခံကာ မြန်မာနိုင်ငံ၏ ပထမဆုံးဆင်ထိန်းသိမ်းရေး စီမံချက်ကို နောင် ၁၀ နှစ်အတွက် ရေးဆွဲထားခဲ့ပြီး ယင်းစီမံချက်တွင် အဓိကဆောင်ရွက်မည့် လုပ်ငန်းစဉ်ကြီး လေးရပ်မှာ တောဆင်ရိုင်းများနှင့် ၎င်းတို့၏ ကျက်စားနယ်မြေများကို ကာကွယ်ခြင်း၊ လူနှင့်ဆင် ပဋိပက္ခဖြေရှင်းခြင်း၊ ဆင်အစိတ်အပိုင်းများ တရားမဝင်ရောင်းဝယ်မှုကို တားဆီးအရေးယူခြင်းနှင့် အိမ်မွေးဆင်များကို စီမံခန့်ခွဲခြင်းတို့ဖြစ်ကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)မြန်မာနိုင်ငံ အစီအစဉ်တို့ ပူးပေါင်းကျင်းပသော မြန်မာ့ဆင်များ ထိန်းသိမ်းရေးလုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၇) ဖြန့်ချိသည့် အခမ်းအနားနှင့် ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပရာတွင်လည်း မြန်မာ့ဆင်များ ထိန်းသိမ်းရေးလုပ်ငန်းစီမံချက်ကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပမှ ဆင်နှင့်ပတ်သက်၍ လက်တွေ့ဆောင်ရွက်နေကြသည့် ကျွမ်းကျင်သူများ၊ NGO အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအားလုံး စုပေါင်းညှိနှိုင်းဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းနှင့် အကြံပြုချက်ရယူခြင်းတို့ဖြင့် နှစ်နှစ်ခွဲကာလခန့် အချိန်ယူရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က ပြောကြားခဲ့ကြောင်း သိရသည်။ **မင်းမြတ်ဦး (နေပြည်တော်)**

# မူခင်းကျဆင်းရေး ပညာပေးဟောပြော

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ ညောင်ပင်ဝန်းရှေ့ကွင်းပြင်၌ ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ပလိပ်နယ်မြေစခန်းမှူး ရဲအုပ်လှညွှန့်က သက်ငယ်မုဒိမ်းမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်နည်းများ၊ မူးယစ်ဆေးဝါးနှင့် အခြားတားမြစ်ဆေးဝါးများ၏ ဆိုးကျိုးများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စုမှ ရဲအုပ်မြင့်သန်းက လူမှောင်ခိုကူးခြင်းနှင့် လူကုန်ကူးမှုအကြောင်းများကို လည်းကောင်း၊ ကျောက်ဆည်မြို့ ယာဉ်ထိန်းတပ်ဖွဲ့စု(၉၂)မှ ဒုရဲအုပ်ကျော်ညီညီထက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းများကို လည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြပြီး ပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

ပညာပေးဟောပြောပွဲသို့ ပလိပ်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ စက်ရုံ အခြေခံပညာအလယ်တန်းကျောင်းနှင့် ပညာစံအိမ် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး မူခင်းများနှင့် ပတ်သက်သည့်ပြသထားသော ဓာတ်ပုံများကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့ရှိ ဓာတ်ခွဲခန်းများအား ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့ နံနက်ပိုင်းတွင် အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့ရှိ ဓာတ်ခွဲခန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကွန်ကရစ်လမ်းနှင့် ကတ္တရာလမ်းတို့မှ အပူကြောင့် မော်တော်ကားတာယာပွတ်စားမှုအား သုတေသနဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ တံတားကြီးများ၏ Bearing ကို ငလျင်ဒဏ်ခံနိုင်ရန် သုတေသနပြုထားမှုများကို လည်းကောင်း၊ အဆောက်အအုံများတွင် သုံးသော Mild Steel ၏ လျှော့ဖြတ်အားနှင့် ဆွဲဆန့်အားတို့ကို သုတေသနပြုထားမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးဆိုင်ရာနှင့် ပတ်သက်သော Material များ စံချိန်စံညွှန်းများ ပြည့်မီစေရေးကို အလေးထားစေလိုကြောင်း၊ စစ်ဆေးတွက်ချက်ရာတွင်လည်း ရာနှုန်းပြည့်မှန်ကန်ရမှာ ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံအတွက် သတ်မှတ်ကာလနှင့်အညီ ရာနှုန်းပြည့်ခိုင်ခံ့မှုရှိသော နိုင်ငံတကာအဆင့်မီ အဆောက်အအုံ လမ်းနှင့် တံတားများစွာ ပေါ်ထွန်းလာမှာဖြစ်ကြောင်း မှာကြားခဲ့ပြီး ဓာတ်ခွဲခန်းအသီးသီးအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)အား ကြည့်ရှုစစ်ဆေးရာ သင်တန်းခန်းမဆောင်တွင် ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဖွဲ့စည်းထားရှိမှု အခြေအနေများ၊ သင်တန်းပို့ချမှုဆိုင်ရာ အခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ခေတ်မီ အဆင့်မြင့် သင်တန်းကျောင်းဆောက်လုပ်မည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)ရှိVocational Training သင်တန်းသားများကို နှုတ်ဆက်အားပေးစကားပြောကြားခဲ့ပြီး စာသင်ခန်းမများအတွင်း လက်တွေ့လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ကွတ်ခိုင်မြို့နယ်အတွင်း ကျပ်သိန်းပေါင်း ၉၉၆၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် လွယ်ခန်ကျေးရွာအနီး ပတ်ဝန်းကျင်တစ်ဝိုက်၌ မူးယစ်ဆေးဝါးများ ထုတ်လုပ်နေကြောင်း ဆက်စပ်သတင်းများအရ တပ်မတော်စစ်ကြောင်းများနှင့် ကွတ်ခိုင်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်၍ နယ်မြေဖြန့်ခွဲရှင်းလင်းခဲ့ရာ ငွေကျပ်သိန်းပေါင်း ၉၉၆၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ လွယ်ခန်ကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာရှိ နေရာ လေးနေရာအား ဖြန့်ခွဲရှင်းလင်းခဲ့ရာမှ မူးယစ်ဆေးဝါးချက်လုပ်သည့် ယာယီအဆောက်အအုံ ၃၄ လုံး၊ မီးစက်ကြီး ၁၂ လုံး၊ FREEZER ၂၂ လုံး ၊ အက်စစ်ပီပါ အလုံး ၂၁၀၊ ဒီဇယ်ပီပါ ၁၆၅ လုံး၊ ဓာတ်ဆီပီပါ အလုံး ၆၀၊ ပေါင်းအိုး ၃၂ လုံး၊ အက်စစ်ပုလင်း ၂၀၀ ၊ နှစ်လီတာဆံ့ အက်စစ်ဘူး ၆၀၀၊ ကော့စတစ်ဆိုဒါအိတ် ၇၅၀၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက် ပုံး ၁၅၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၁၀၀၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၁၃ ကီလိုဂရမ်၊ ဘိန်းညို ၄၃ ကီလိုဂရမ်၊ ကဖင်း ကီလိုဂရမ်၊ ၁၀၀၃၀ အဖက်ဒရင်း/ဆူဒိုအဖက်ဒရင်း ၁၃၇၅ ကီလိုဂရမ်၊ ICE ၂၅၉ ကီလိုဂရမ်၊ ဘိန်းဖြူ ကီလိုဂရမ် ၁၂၀ နှင့် ဆက်စပ်ပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်သိန်းပေါင်း ၉၉၆၀၀ ကျော်)တို့အား ရှာဖွေဖော်ထုတ်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ နေရာနှင့် အနီးပတ်ဝန်းကျင် တစ်ဝိုက်အား ပူးပေါင်းအဖွဲ့များက ဆက်လက်ရှာဖွေရှင်းလင်းလျက်ရှိပြီး သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ကွတ်ခိုင်မြို့ရှိ မူးယစ်တပ်ဖွဲ့သို့ စနစ်တကျလွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဆရာမြသန်းတင့် ကွယ်လွန်ခြင်း နှစ်(၂၀) ပြည့် အထိမ်းအမှတ် အခမ်းအနား ရန်ကုန်စာအုပ်လမ်းတွင် ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ဆရာမြသန်းတင့် ကွယ်လွန်ခြင်း နှစ်(၂၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ရန်ကုန်စာအုပ်လမ်း၌ ကျင်းပရာ စာပေနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆရာကြီး ဗိုလ်ကလေးတင့်အောင်က ဆရာမြသန်းတင့်အတွက် အမှတ်တရ ရေးသားထားသော "သတိရပါတယ်မြသန်းရယ်" အမှတ်တရစာ (ဆောင်းပါး)ကို ပွဲကျင်းပရေး ကော်မတီဝင်တစ်ဦးက ဖတ်ကြားပြီး ကဗျာဆရာ မောင်သွေးသစ်က ဆရာမြသန်းတင့်၏ စိတ်နေသဘောထား၊ စာပေအပေါ်ခံယူချက်များနှင့်ပတ်သက်၍ ပြည်သူများမသိရှိသေးသော အကြောင်းအရာများကို အမှတ်တရစကားပြောကြားသည်။

ထို့နောက် ဆရာမောင်ကိုကို (အမရပူရ)၊ ဆရာမိုးဇော်နှင့် ဆရာစိုင်းဝင်းမြင့်တို့က ဆရာမြသန်းတင့်ရေးသားခဲ့သော ကဗျာများကို အမှတ်တရ ရွတ်ဆိုကြပြီး ဆရာမ ငယ်မင်းထိုက်က ဆရာမြသန်းတင့် ရေးသားခဲ့သည့် အက်ဆေးတစ်ပုဒ်ကို ဖတ်ကြားသည်။

ယနေ့ အခမ်းအနားနှင့်ပတ်သက်၍ ကဗျာဆရာ မောင်သွေးသစ်က "ကျွန်တော်တို့ စာပေလောကမှာ အယူအဆနှစ်မျိုးရှိတယ်၊ စာပေဟာ စာပေအတွက်ပဲဖြစ်ရမယ်၊ စာပေဟာ အနုပညာအတွက် ဖြစ်ရမယ်ဆိုတဲ့ အယူအဆမျိုးရှိကြတယ်၊ ဆရာမြသန်းတင့်ကတော့ စာပေဟာ ပြည်သူ့အတွက်ပဲဖြစ်ရမယ်ဆိုတဲ့ အယူအဆမျိုးရှိပါတယ်၊ တစ်ဖက်မှာလည်း သူဟာ နိုင်ငံရေးယုံကြည်ချက်ရှိသူတစ်ဦးပါ၊ အဲဒီလို ယုံကြည်ချက်ကြောင့် သူရဲ့စာမျက်နှာမှာ ရသလောက်ရေးသွားပါတယ်၊ ဒါကြောင့် ဆရာမြသန်းတင့်အပေါ်မှာ ကျွန်တော်ဟာ နိုင်ငံရေးအရ သော်လည်းကောင်း၊ စာရေးဆရာ တစ်ဦးအနေနဲ့ သော်လည်းကောင်း လေးစားမှုအများကြီးရှိပါတယ်"ဟု ပြောသည်။

အဆိုပါ အခမ်းအနားကို ဆရာမြသန်းတင့်အား ချစ်မြတ်နိုးကြသူများက စုပေါင်းပြုလုပ်ခြင်းဖြစ်ပြီး အခမ်းအနားတွင် အမှတ်တရပစ္စည်းများ ရောင်းချခြင်း၊ ဆရာမြသန်းတင့် ရေးသားခဲ့သော စာအုပ်များကို ရောင်းချခြင်းနှင့် ဆရာမြသန်းတင့်၏ ပုံတူ ပန်းချီကားများကို လေလံစနစ်ဖြင့် ရောင်းချခြင်းတို့အပြင် တက်ရောက်လာကြသူများအား ဆရာမြသန်းတင့် ရေးသားခဲ့သော စာအုပ်များကို အမှတ်တရ မဲဖောက်ပေးခဲ့ကြောင်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

**❋ ရှမ်းယူနိုက်တက်မှ**

ခရစ္စတိုဖာ၏ ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် အိမ်ကွင်းလေးပွဲမြောက် ကစားရသော်လည်း ရလဒ်ကောင်း ရယူနိုင်ခြင်းမရှိဘဲ ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

ရောဝတီအသင်းသည် အိမ်ကွင်း၌ အတောင့်တင်းဆုံး လူစာရင်းဖြင့် ပွဲထွက်ခဲ့ပြီး နိုင်ငံခြားသား ကစားသမား သုံးဦးစလုံး အသုံးပြုခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း၏ ပွဲထွက်လူစာရင်းတွင် ဒဏ်ရာမှ ပြန်ကောင်းလာသည့် ဟိန်းသီဟဇော် ပြန်ပါလာပြီး သီဟစည်သူ၊ ဝင်းမင်းထွဋ်၊ ရန်နိုင်ဦး၊ ခရစ္စတိုဖာတို့ဖြင့် လူစုံခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း၏ ခြေစွမ်းမှာ ယခင်ပွဲများထက် ပိုကောင်းခဲ့ပြီး ရောဝတီအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ အပြန်အလှန်ရခဲ့ပြီး ၂၇ မိနစ်တွင် ခရစ္စတိုဖာက ရှမ်းယူနိုက်တက်အတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ရောဝတီအသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေးများ ပြန်ရခဲ့သော်လည်း ရှမ်းဂိုးသမား သီဟစည်သူ ကာကွယ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ရောဝတီအသင်း ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းကလည်း ဂိုးပြန်မပေးရရန် စနစ်တကျဖျက်ထုတ်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများ ထပ်ရခဲ့သော်လည်း ဒွေးကိုကိုချစ်နှင့် ဇင်မင်းထွန်းတို့ အသုံးမချနိုင်ခဲ့၍ ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးသွားခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်(၆)အခြားပွဲများတွင် Southern အသင်းက ရခိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဟံသာဝတီအသင်းက ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရန်ကုန်အသင်းက GFA အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး မြဝတီနှင့် ရတနာပုံတို့ နှစ်ဂိုးစီသရေ၊ မကွေးနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ယခုတစ်ပတ်တွင် နာမည်ကြီး ရတနာပုံအသင်း နိုင်ပွဲပျောက်ခဲ့ပြီး တန်းတက် မြဝတီနှင့် သရေကျခဲ့သည်။ ထိပ်ဆုံးမှ ရန်ကုန်အသင်းမှာမူ ဂိုးပြတ် အနိုင်ရလဒ်ဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ပွဲစဉ်(၆)အပြီးတွင် ရန်ကုန်အသင်းက ၁၆ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်က ၁၄ မှတ်၊ ရတနာပုံနှင့် မကွေးအသင်းတို့က ၁၁ မှတ်စီ၊ ဟံသာဝတီအသင်းက ကိုးမှတ်၊ Southern အသင်းက ရှစ်မှတ်၊ ဇွဲကပင်အသင်းက ခုနစ်မှတ်၊ ရောဝတီအသင်းက ခြောက်မှတ်၊ စစ်ကိုင်းနှင့် ရခိုင်အသင်းတို့က ငါးမှတ်စီ၊ GFAအသင်းက လေးမှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။

**ရှိုင်းထက်ဇော်**

# ချမ်းမြသာစည်မြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄)ရပ်ကွက် (၆၀×၆၁)လမ်းကြား×မနော်ဟရီလမ်းနှင့် အောင်မင်္ဂလာလမ်းကြား (၉-၆/၃၉-က) ရှိ ဦးဇော်မင်းထွန်း၏ မြေစိုက်ထရံကာ သွပ်မိုးနေအိမ်မှ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်က မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။



အဆိုပါမီးလောင်ရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦးနှင့် တာဝန်ရှိသူများ ဦးဆောင်၍ သန္နေမီးသတ် ၈၀၊ အရန်မီးသတ် ၂၅ ဦး၊ မီးငြိမ်းသတ်ယာဉ်အစီး ၅၀၊ အကူယာဉ်နှစ်စီးနှင့်ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် အာရ်စီနှစ်ထပ်တစ်လုံး၊ သွပ်မိုးထရံကာသုံးလုံး စုစုပေါင်းနေအိမ်လေးလုံးနှင့် အနီးရှိ ဆောက်လက်စ အာရ်စီလေးထပ်တစ်လုံး၊ အနီးရှိဆောက်လက်စ အာရ်စီသုံးထပ်တစ်လုံးတို့၏ နံရံများ မီးစွဲဟပ်ခဲ့ကြောင်း သိရသည်။ မီးဘေးသင့် အိမ်ထောင်စုများအား ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပေးထားသည်။ မီးလောင်ရသည့် အကြောင်းအရင်းကို ချမ်းမြသာစည်မြို့မရဲစခန်းက ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ဗန်းမော်မြို့၌ အမျိုးသားနှစ်ဦးထံမှ စိတ်ကြွဆေးပြား ၁၃၆၆၂ ပြား သိမ်းဆည်းရမိ

**ဗန်းမော် ဖေဖော်ဝါရီ ၁၈**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသားနှစ်ဦးအား ရပ်တန့်စစ်ဆေးရာမှ စိတ်ကြွဆေးပြား ၁၃၆၆၂ ပြား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်နယ်မှုခင်းအကူဌာနစိတ်၊ ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့နှင့် ဗန်းမော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်တို့သည် မူးယစ်ဆေးဝါး သတင်းအရ ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်က ဗန်းမော်မြို့သာစည်ရပ်ကွက် နန်းသီတာမီးပွိုင့်လမ်းဆုံအနီးရှိ "မြစ်ဆုံ" တည်းခိုခန်းအရှေ့လမ်းတွင် စောင့်ဆိုင်းနေစဉ် ဗန်းမော်မြို့တွင်းမှ ရုံးကြီးလမ်းသို့ သောင်းထွန်း (၃၁)နှစ် မောင်းနှင်ပြီး ကျော်ဆန်း(၃၅)နှစ် လိုက်ပါစီးနင်းလာသော ပင်ဘို ၁၂၅ အနက်ရောင်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ခွကြားတွင် Tough တံဆိပ်ပါ အနက်ရောင်ဘေးလွယ်အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၆၂ ပြား သိမ်းဆည်းရမိခဲ့သည်။

ထို့ကြောင့် သောင်းထွန်း(၃၁)နှစ်နှင့် ကျော်ဆန်း(၃၅)နှစ် နောင်ပင်ကျေးရွာ ရွှေကူမြို့နယ်နေသူတို့ နှစ်ဦးအား ဗန်းမော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တောမီးလောင်ရာမှ ကြက်ခြံနှင့် ဝက်မွေးမြူရေးခြံများ မီးကူးစက်လောင်ကျွမ်း

**ဘားအံ ဖေဖော်ဝါရီ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲပိုင်းက တောမီးလောင်ရာမှ တောစပ်အနီးရှိ ကြက်မွေးမြူရန် ဆောက်လုပ်ထားသည့် ကြက်ခြံနှင့် ဝက်များမွေးမြူထားသော တဲများနှင့်ဝက်စာထားသည့် တဲများ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။



ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ဘားအံမြို့နယ် ကော့ထမလိန်းကျေးရွာအုပ်စု တဝန်တာကျေးရွာအနီးတွင် တောမီးလောင်ရာမှ တောစပ်အနီး ဆောက်လုပ်ထားသော ဒေါ်ဝင်းသူပိုင်ဆိုင်သော ကြက်ခြံအလွတ်နှစ်လုံး၊ ဦးဝင်းနိုင်ထွန်းနှင့် ဦးမြအေးပိုင် ဝက်များမွေးမြူထားသော ဝက်တဲနှစ်လုံး၊ ဝက်စာထားရန် ဆောက်လုပ်ထားသည့် တဲနှစ်လုံး၊ တစ်လခွဲခန့်အရွယ် ဝက်သားပေါက် ၂၄ ကောင်၊ တစ်နှစ်ခွဲခန့်ရှိ ဝက်မကြီး ခုနစ်ကောင်တို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်သည့်နေရာသို့ ထုံးအိုင်နယ်မြေရဲစခန်းမှူး ရဲအုပ်ညီညီမိုးဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ဘားအံမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကော့ကျိုက်ကျေးရွာနှင့် ထုံးအိုင်ကျေးရွာတို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ ပူးပေါင်းငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီခွဲခန့်တွင် ငြိမ်းသတ်နိုင်ခဲ့ပြီး တောမီးလောင်မှုကြောင့် လူ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# လမ်းဘေးတွင် သစ်ရွက်များဖြင့် ဖုံးအုပ်ရပ်တန့်ထားသည့် လိုင်စင်မဲ့ယာဉ်တစ်စီး သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တရားမဝင် တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးလျက်ရှိရာ လမ်းဘေးတွင် သစ်ရွက်များဖြင့် ဖုံးအုပ်ရပ်တန့်ထားသည့် လိုင်စင်မဲ့ယာဉ်တစ်စီးကို ဖေဖော်ဝါရီ ၁၇ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ ဖေဖော်ဝါရီ ၁၇ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ယာဉ်များကို စစ်ဆေးမှုများဆောင်ရွက်စဉ် ရှောင်ကွင်းလမ်းဖြစ်သည့် စွပ်ပွနူးကျေးရွာအနီးတွင် ရှောင်တခင်စစ်ဆေးရာ လမ်းဘေးချုံထဲတွင် သစ်ရွက်များဖြင့်



ဖုံးအုပ် ရပ်တန့်ထားသော တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၅ သန်းခန့်)အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၇ ရက်က ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်တားဆီးမှု တစ်မှု( ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၃၂၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၂၁၅ သန်းခန့်) စုစုပေါင်း တားဆီးမှု ၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၅၃၅ သန်းခန့်) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၇ ရက်က မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၇၉ စီး၊ သွင်းကုန် ၂၆၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၆၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။

**ဝဝ၁**

# ဟန်းဆက်ခိုးယူသူကို စစ်ဆေးရာမှ ကျပ်သိန်း ၁၅၀ ဖိုး ဖောက်ထွင်းမှုပေါ်ပေါက်

**မိုးကောင်း ဖေဖော်ဝါရီ ၁၈**

ကချင်ပြည်နယ် မိုးကောင်းမြို့တွင် ဟန်းဆက်လိုက်လံရောင်းချနေသူကို ခေါ်ယူစစ်ဆေးရာမှ ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ ဖောက်ထွင်းမှုပေါ်ပေါက်ခဲ့ကြောင်း မိုးကောင်းမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ လွန်ခဲ့သောနှစ်ပတ်ခန့်က မိုးကောင်းမြို့ ဖိုးချစ်ကုန်းရပ်ရှိ နေအိမ်တစ်အိမ် ဖောက်ထွင်းခံရမှုကြောင့် ရွှေထည်မျိုးစုံ၊ ငွေကျပ်သိန်း ၁၅၀ ခန့်နှင့် ဟန်းဆက်တစ်လုံး ပါသွားရာ ယင်းဖောက်ထွင်းမှုအတွက် စုံစမ်းမှုပြုနေစဉ် ဖေဖော်ဝါရီ ၁၆ ရက်က မိုးကောင်းဘူတာအနီး အမျိုးသားတစ်ဦးက SAMSUNG အမျိုးအစား အဖြူရောင်ဟန်းဆက်ကို ငွေကျပ်တစ်သောင်းငါးထောင်ဖြင့် လိုက်လံရောင်းချနေကြောင်း သတင်းရသဖြင့် သွားရောက်စစ်မေးရာ မိုးကောင်းမြို့ ကျွန်းတောရပ်နေ ဒေါင်လွမ်း(၂၇)နှစ်ဖြစ်ပြီး အဆိုပါဟန်းဆက်ကို ၎င်းပိုင်ဆိုင်ကြောင်း တစ်စုံတစ်ရာ သက်သေမပြနိုင်သဖြင့် ယင်းဟန်းဆက်ကို သက်သေများ ရှေ့၌ သိမ်းဆည်းပြီး မိုးကောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၎င်းအား အမှုဖွင့်စစ်ဆေးမေးမြန်းရာ လွန်ခဲ့သောနှစ်ပတ်က ဖိုးချစ်ကုန်းရပ်ရှိ နေအိမ်ကို ဖောက်ထွင်းသူဖြစ်ကြောင်း၊ ဆက်လက်ဖော်ထုတ်ရာ လက်ခံထုခွဲပေါင်နှံပေးသူ ဈေးကုန်းရပ်နေ မထုဘူ(ခ)မနွယ်နွယ်ပြုံးဖြစ်ကြောင်း၊ သက်သေများနှင့် အဆိုပါရွှေထည်များ ရောင်းချပေါင်နှံထားသော နေရာတွင် လိုက်လံသိမ်းဆည်းရာ ရွှေထည်ပစ္စည်း ၂၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၁၁၀ ခန့်) ပြန်လည်သိမ်းဆည်းရမိကြောင်းနှင့် ကျန်ပစ္စည်းများ ရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး**




## ပုသိမ်ကြီးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၃ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာ ပြင်ဦးလွင်-မန္တလေးကားလမ်း မိုင်တိုင် (၁၆/၄)တွင် တေဇာအောင်(ခ)ရှက်ကွိုင်း မောင်းနှင်ပြီး ဇော်ရှိန်းလိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး တရားလွှတ်တော်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မကွေး ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့ တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက်က ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ (၁၄) ကြိမ်မြောက် လုပ်ငန်ညှိနှိုင်း အစည်းအဝေး အတွေ့အကြုံရှင်းလင်းသည့် အခမ်းအနားကို ကျင်းပရာ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်း တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က (၁၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော် တရားသူကြီးများ၏ မှာကြားချက်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမြင့်သိန်းနှင့် ဒေါ်နုယဉ်တို့က တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးတင်မောင်လတ်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေး မှာကြားသည်။



အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ် တရားရုံးများမှ တရားသူကြီးများ စုစုပေါင်း ၆၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**




# ရခိုင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှ အခမဲ့ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

**စစ်တွေ ဖေဖော်ဝါရီ ၁၈**

ရခိုင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့် စစ်တွေ တိုင်းရင်းဆေးရုံမှ ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းမှ စတင်ပြီး ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ တိုင်းရင်းဆေးပညာဖြင့် အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

“ကျွန်မတို့ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်သူတွေကို ကျွန်မတို့ကျွမ်းကျင်တဲ့ တိုင်းရင်းဆေးပညာနဲ့ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပါတယ်၊ ဒီနေ့ဆိုရင် ရုံးပိတ်ရက်လည်းဖြစ်တယ်၊ ဒါကြောင့် ကျွန်မတို့ ပြည်နယ်ရုံးက ဝန်ထမ်းတွေနဲ့ စစ်တွေ တိုင်းရင်းဆေးရုံက တိုင်းရင်းဆေးမှူးနဲ့ ဝန်ထမ်းတွေပူးပေါင်းပြီး ကျေးရွာတွေ အထိသွားရောက်ပြီး တိုင်းရင်းဆေး ပညာနဲ့ ဆေးကုသပေးကြပါတယ်၊ ကျေးရွာတွေမှာ သက်ကြီး ဘိုးဘွားတွေနဲ့ အချို့သော ပြည်သူတွေဟာ မြို့ပေါ်ကိုလာရောက်ပြီး ဆေးကုသဖို့ အခက်အခဲရှိကြပါတယ်၊ ကျွန်မတို့ ဒီနေ့ ကျေးရွာအရောက် သွားပြီးတော့ ဆေးကုသပေးတဲ့အတွက် သူတို့ရဲ့ ဝမ်းသာပျော်ရွှင်မှုတွေကို မြင်တွေ့ခဲ့ရပါတယ်”ဟုပြည်နယ် တိုင်းရင်းဆေး ပညာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်သိန်းသိန်းဦးက ပြောသည်။



ကျောက်တော်မြို့နယ် အပေါက်ဝ ကျေးရွာ၌ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် သွေးတိုး၊ လေငန်း၊ လေနာ၊ ထုံနာကျဉ်နာ၊ ဒူးနာနှင့် ခါးနာရောဂါများကို အများဆုံးကုသပေးခဲ့ရကြောင်း သိရသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်သိန်းသိန်းဦးနှင့် ဝန်ထမ်းများ၊ စစ်တွေတိုင်းရင်းဆေးရုံမှ တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများ ပါဝင်သည့် ကွင်းဆင်းဆေးကုသရေးအဖွဲ့သည် ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာမှ ပြည်သူ ၄၂၀ အား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဒိုင်စုကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၁၇ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်မြတ်စိုး သက်ငယ်မုဒိမ်းမှုကျဆင်းရေး အသိပညာပေး ဟောပြောစဉ်။**

ကြေးမုံ



**ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် အရှေ့ရပ်ကွက် ဓမ္မာရုံတွင် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး မှုခင်းပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ဦးက ဆွေးနွေးဟောပြောစဉ်။**

ခင်မောင်သော်

# မြန်မာ့ဘောလုံးလောကတိုးတက်ရေးကို အထောက်အကူပြုမည့် မြို့နယ်ဘောလုံးအဖွဲ့ချုပ် ထပ်မံဖွဲ့စည်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

မြန်မာ့ဘောလုံးလောက တိုးတက်ရေးကို အထောက်အကူပြုစေရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် နိုင်ငံအနှံ့အပြား၌ မြို့နယ်ဘောလုံး အဖွဲ့ချုပ်များ ဖွဲ့စည်းလျက်ရှိပြီး မန္တလေး၊ ရန်ကုန်နှင့် ကရင်ပြည်နယ်တို့တွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ထပ်မံဖွဲ့စည်း နိုင်ခဲ့သည်။

မြို့နယ် ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဘန်နီတင်အောင် ဦးဆောင်သည့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးကိုကိုသိန်း(အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်) ဦးဆောင်သည့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေခေတ် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း ဦးတင်အောင်(ဂိုး) ဦးဆောင်သည့် အဖွဲ့သည် ကရင်ပြည်နယ်တို့၌ မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီးတွင် မတ္တရာ၊ စဉ့်ကူး၊ အမရပူရ၊ ချမ်းမြသာစည်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် စမ်းချောင်းနှင့် ရွှေပြည်သာမြို့နယ်၊ ကရင်ပြည်နယ်၌ မြဝတီနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့တွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းနိုင်ခဲ့သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ ချုပ်သည် အခြားမြို့နယ်များတွင်လည်း မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ထပ်မံထွက်ပေါ်လာရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ **ဖိုးသော်ဇင်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။**

# နွေရာသီကာလ သောက်သုံးရေလုံလောက်စွာရရှိရေး ကွင်းဆင်းဆောင်ရွက်

**အုတ်တွင်း ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နွေရာသီကာလ သောက်သုံးရေ လုံလောက်စွာ ရရှိနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒုတိယ အကြိမ် ဖြည့်စွက်ရန်ပုံငွေဖြင့်



ဆောင်ရွက်လျက်ရှိသော တလုပ်ကုန်း ကျေးရွာရှိ စက်ရေတွင်း၊ ရေစက်ရုံ၊ ရေကန်တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ အောင်ကြီးကျေးရွာရှိ စက်ရေတွင်း ပြန်လည်တူးဖော်မှု အခြေအနေနှင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း(VDP)ရန်ပုံငွေဖြင့် မြေစီးကျေးရွာ၌ ဆောင်ရွက်လျက်ရှိသည့် စက်ရေတွင်း၊ ရေစက်ရုံ၊ ရေကန်များ တည်ဆောက်နေမှု လုပ်ငန်းများကို လည်းကောင်း တောင်ငူခရိုင် ကျေးလက်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ရာ မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ခေတ်ဘီလူး

■ မောင်နေ(အရာထမ်း)

ငယ်ငယ်ကပေါ့ ဗာဒံပင်ရိပ်ကောင်းကောင်း၊ မြစ်ခွဆုံ ကောင်းကောင်းမှာ ညနေရီချိန်တိုင်း အဖေ၊ အမေ၊ ဦးလေး၊ အဒေါ် ရုံးဆင်း အိမ်အပြန်ကို မောင်နှမတစ်သိုက် မျှော်ခဲ့ဖူးတယ်။ နိစ္စဓူဝမျှော်ခဲ့ပေမယ့် ဘယ်တော့မှ ရိုးမသွားဘူး။ မျှော်နေတဲ့လူတွေပြန်လာတိုင်းလည်း အပြေးအလွှား အပြိုင်အဆိုင် ကြိုဆိုရတာလေးကို ပျော်ရွှင်ကျေနပ်နေခဲ့မိတယ်။

အစ်ကို၊ အစ်မတွေက ကျောင်းနေအရွယ်တွေမှာ ကိုယ်ကတော့ ပင်စင်စားအဘိုးနဲ့ မှီခိုအဘွားတို့နဲ့အတူ အိမ်မှာတစ်ချိန်လုံးနေခဲ့ရတော့ ညနေချိန် သူတို့ပြန်လာမှာကို စွဲစွဲလမ်းလမ်း မျှော်နေမိတာပါ။ ဝန်ထမ်းမိသားစုဆိုတော့ လိုင်းခန်းမှာပဲ မိသားစုတွေအများကြီး စုနေကြတယ်။ ရေဒီယို တစ်လုံးရှိတယ်။ သံပတ်နာရီကောင်းကောင်း တစ်လုံးရှိတယ်။ နှိုးစက်ပေးထားရင် တစ်အိမ်လုံးနိုးတယ်။ ရုံးပိတ်ရက်တွေမှာ လာတတ်တဲ့ အသံလွှင့်ဇာတ်လမ်းရှည်တွေကို မိသားစုလိုက် စောင့်မျှော်နားထောင်ကြတယ်။ ရုပ်မြင်သံကြားစက်ဆိုတာ သဘော်သားအိမ်တွေ၊ လူကုံထံအိမ်တွေမှာ တစ်လုံးစ နှစ်လုံးစရှိတတ်လို့ ဇာတ်လမ်းသိပ်ကောင်းမှ သွားကြည့်တတ်ကြတာပဲ။

စာစာအိပ်ရာဝင်၊ စောစောထကြတယ်။ အဘွားက ၁၅ မိနစ်လောက် လမ်းလျှောက်သွားရတဲ့ ဈေးကို မနက်တိုင်းသွားပြီး ဟင်းစားဝယ်တတ်တယ်။ အပြန်မှာ နံနက်စာအတွက် ဗမာမုန့်တွေဝယ်လေ့ရှိတယ်။ ငှက်ပျောသီးကောက်ညှင်းထုပ်၊ ဘိန်းမုန့်၊ ခေါက်မုန့်၊ ကောက်ညှင်းပေါင်း၊ မုန့်လုံးကြီး စတာတွေဟာ တစ်ကျပ်ဖိုးလောက်ဆိုရင် မိသားစုမနက်စာ အဆင်ပြေပါတယ်။ အလေးမခိုးဘူး၊ ရေမထိုးဘူး၊ ဆေးမဆိုးဘူး၊ ယင်ကောင်မနားဘူး၊ စိတ်ချရတယ်၊ သန့်ရှင်းတယ်။

အဘွားက အားလုံးချက်ပြုတ်ပြီးတာနဲ့ ဆွမ်းတော်ကပ် ဘုရားရှိခိုးပြီး ထမင်းချိုင့်တွေထည့်ပေးတယ်။ အဘိုးကတော့ ကျောင်းနေစ မြေးတွေ ကျောင်းလိုက်ပို့ပေးတယ်။ အဘွား ဘုရားရှိခိုးပြီးတာနဲ့ ကျွန်တော့်အတွက် လက်ရေးလှစာအုပ်မှာ ခဲစက်ရာတွေချပေးပြီး အင်္ဂလိပ်-မြန်မာ အက္ခရာတွေ ရေးတတ်အောင် သူ့လက်နဲ့ ကျွန်တော့်လက်ကို အရင်ထိန်းညှိပြီး ရေးခိုင်းတယ်။ နောင်မှ ကိုယ့်ဘာသာရေးရတယ်။ မူကြိုမတက်ခဲ့ရဘူး။ ကျောင်းနေတော့ အရေးပါတဲ့ အက္ခရာတွေနဲ့ ရင်းနှီးနေပြီးဖြစ်တယ်။

ဖျားနာကြီးရင် ဦးလေး မဟုတ်ရင် အဖေက ချီပိုးပြီး ကလေးဆေးရုံကြီးကိုသွားလို့ ပြင်ပလူနာဌာနမှာ ပြတယ်။ ၂၄ နာရီ အင်အားပြည့်ဆေး အပြည့်ရှိတယ်။ ဖျော်ထားတဲ့ ဓာတ်ဆားအိုးကြီးထဲက ဓာတ်ဆားတွေ ခပ်ထည့်ပေးတာလည်း မှတ်မိသေးတယ်။ BPI ဆိုတာလည်း ထိပ်တန်းပဲ၊ ချောင်းဆိုးရင်ကျပ်လောက်ကတော့ ကျားဆေးတိုက်က မက်လင်ကြင်နဲ့ ကွမ်းရွက်ပြုတ်နဲ့တင် ပြတ်တယ်။ အလှူငွေ ထည့်စရာမလိုခဲ့ဘူး။

မှတ်မှတ်ရရပဲ ရွှေတိဂုံဘုရားပေါ်မှာ ညီအစ်ကို နှစ်ယောက် မိဘနဲ့ ကွဲသွားဖူးတယ်။ အစ်ကိုက အဖေ အမေနာမည်နဲ့ အိမ်လိပ်စာပြောတတ်တော့ သူစိမ်းဦးကြီး




တစ်ယောက်က ဂေါပကရုံးကို ချီသွားပြီး လော်စပီကာနဲ့ အော်ခေါ်ပေးခဲ့ဖူးတယ်။ ကလေးရောင်းမယ့်၊ ဝယ်မယ့်၊ ခိုးမယ့်လူမရှိဘူး။

မြို့ထဲသွားရင် ၁၂ သီးသန့်ဆိုတာရှိတယ်။ ဘီအမ် နှစ်စီးတွဲထားတာမျိုးပဲ။ ၁၅ ပြား၊ ပြား ၂၀ အကြွေပေးရတယ်။ လက်မှတ်ပေးတယ်။ တစ်ခါ ကားပေါ်မှာ အဘိုးကငိုက်တော့ အကျီအိပ်ကပ်ကို လက်နဲ့တောက်ထုတ်ပြီး ခါးပိုက်နှိုက်ဖို့ကြိုးစားတယ်။ အဘိုးက မိတယ်။ ခါးပိုက်နှိုက်က ခရီးသည်တွေကို ထိုင်ကန်တော့ပြီး တောင်းပန်တယ်။ အဖမ်းခံတယ်။ ဓားနဲ့ထိုးသွားတာမျိုးမလုပ်ဘူး။ ဒါတောင် အဘိုးပြန်ပြောပြလို့ပါ။ ခါးပိုက်နှိုက်ဆိုတာ 'မွန်းတည့်ချိန်မှာနေဝင်သည်' ရုပ်ရှင်မှာပဲ မြင်ဖူးခဲ့တာ။ အဲဒီတုန်းက . . .

သူခိုးကတော့ သမိုင်းမတင်မီကတည်းက ရှိခဲ့မှာပဲ။ အဲဒီတုန်းကတော့ အိမ်ခေါင်းရင်းမှာ ချေးပုံအကြီးကြီး တွေပါပြီး အိပ်မွေ့ချခိုးတတ်တယ်တဲ့။ ဦးလေးတွေက အအိပ်ဆတ်တော့ သူခိုး သူခိုးအော်ပြီး လိုက်တာ အရပ်ကလူတွေ ဝိုင်းဖမ်းပေးတယ်။ ဖုန်းအသုံးမဝင်သေးတဲ့ခေတ်မှာ ခဏနေတော့ ပတ်တရောင်လှည့်တဲ့ ထောင်ထောင်မောင်းမောင်း ဥပဓိရုပ်ကောင်းကောင်း ရဲသားကြီးတွေ စက်ဘီးနဲ့ ရောက်လာပြီး လက်ထိတ်ခတ်ဖမ်းသွားတယ်။ သူခိုးတွေက ပြန်မခုခံဘူး။

အဘိုး၊ အဘွားနဲ့မိသားစု အိမ်ခွဲနေတော့ ရံဖန်ရံခါ မိဘတွေ အိမ်ပြန်နောက်ကျရင် ဘေးအိမ်က ဦးလေးကြီးက လာပြီး ချက်ပြုတ်ကျွေးမွေးတယ်။ မိဘတွေ ပြန်လာတဲ့အထိ ပုံတိုပတ်စတွေ ပြောပြဆုံးမပေးတယ်။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်စော်ကားတာမျိုး လုံးဝမရှိခဲ့၊ မကြားခဲ့ဖူးဘူး။

အလယ်တန်း၊ အထက်တန်းဆင့်အထိ ဆရာ ဆရာမတွေ ကျောင်းမှာ အချိန်ပြည့် စာသင်နိုင်တယ်။ စာမေးနိုင်တယ်။ အမှတ်ခြစ်နိုင်တယ်။ နားလည်အောင် ထပ်သင်တယ်။ Revision ပြန်နိုင်တယ်။ ကျူရှင်ယူတဲ့သူက သေချာတယ်။ စာညံ့လို့။ အထက်တန်းကတော့ ပညာလောဘကြောင့် အပြင်ကျူရှင်ယူသူတွေ များလာတယ်။ ကျူရှင်တက်တဲ့ သူတွေကလည်း ကျူရှင်လခကို ဆေးမချဘူး။ အရက်မသောက်ဘူး။ လက်ဖက်ရည်ဆိုင်တောင် မထိုင်ရဲကြသေးဘူး။ ဆရာတွေက စာညံ့တဲ့သူတွေကို ပိုပြီးဂရုစိုက်ပေးတယ်။ ခြံထဲက ဇီဇဝါပန်းလေး၊ နှင်းဆီပန်းလေး ချိုးလာပေးရင် ဆရာမတွေမျက်နှာက ပြုံးလို့ ရွှင်လို့။ ရမှတ်ကိုလိုက်ပြီး A တန်း၊ B တန်း၊ C တန်းခွဲတယ်။ ဆရာတွေက အားရင် အားကစား၊ လက်မှုပညာ၊ အနုပညာသင်ပေးတယ်။ ဆရာမတွေက တက်တင်းထိုး၊ သိုးမွေးထိုးတာ သင်ပေးတတ်တယ်။ ကျောင်းမှာ အားကစားပြိုင်ပွဲ၊ ပန်းချီ၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွေ အမြဲရှိနေတတ်တယ်။ ဆရာမတွေ ဂိတ်မစောင့်ရဘူး။ သင်ခန်းစာ အစီအစဉ်တွေ၊ မှတ်တမ်းတွေမရေးရဘူး။ အားရင် ဘာသာရပ်ဆိုင်ရာ စာတွေပဲ ဖတ်နေကြတယ်။ ဂိတ်စောင့်ပြီး Round လှည့်တာ ကျောင်းအုပ်ကြီးအလုပ်ဗျ. . . အဲဒီတုန်းက. . . ။

လူပျို အပျိုဖြစ်လာပြီး လိင်ပိုင်းဆိုင်ရာ စေ့ဆော်မှုတွေက အင်တာနက်ကြောင့် မဟုတ်ဘူးဗျ။ သဘာဝအတိုင်း ဦးထွေး၊ ဘထွေးတွေက သင်တာမျိုး၊ အိပ်မက်ထဲမက်တာမျိုး၊ ယဉ်ယဉ်ကျေးကျေးဗျ။ (၁၈)နှစ်ပြည့်ပြီးလို့ ရည်းစားရတယ်။ "ချစ်တယ်"ဆိုတဲ့ စာလေးကို အခါတစ်ထောင်ဖတ်ပြီး တစ်ညလုံးအိပ်မပျော်လို့ အမေက သိသွားဖူးတယ်။

အဲဒီတုန်းက ချစ်သူရဲ့လက်ကလေးကို ချွေးစေးပြန်အောင် ကိုင်ထားရတာကပဲ နတ်ကျသလို ကတုန်ကရင်၊ ချစ်လို့ ကြိုက်လို့ ခိုးပြေးကြတာပဲရှိတယ်။ ဆေးခတ်ပြီး ရောင်းကုန်ဖြစ်အောင်လုပ်တာ၊ လူသတ်၊ ပစ္စည်းလုတာ၊ အုပ်စုနဲ့ အဓမ္မကျင့်တာ မရှိဘူး။

ကားတိုက်ပြီး ထွက်ပြေးလို့ မမိတဲ့အမှု သိပ်ရှားတယ်။ သူဌေးကြီး လူသတ်လည်း လူသတ်သမားအဖြစ် ထောင်ကျတယ်။ အဲဒီခေတ်တုန်းက . . .

တကယ်တော့ လူဦးရေ သိပ်မများသေးတဲ့အချိန် ပြည်တွင်းထုတ်ကုန်လုပ်ငန်းတွေ လည်ပတ်နေသေးတဲ့အချိန်၊ ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ ရိုက်ခတ်မှုတွေကို မခံရသေးတဲ့အချိန်၊ နည်းပညာခေတ်မဟုတ်သေးတဲ့အချိန်၊ အရည်အသွေးမီ ထုတ်ကုန်တွေ ရှိခဲ့တဲ့အချိန်၊ ပြည်တွင်း ပြည်ပ ဝယ်လိုအား မြင့်တက်မှု မကွာဟသေးတဲ့အချိန်၊ ဝံသာနုရက္ခိတတရား၊ လောကပါလတရား၊ လောကနီတိ ထွန်းကား နေသေးတဲ့ အချိန်မို့လို့ဆိုတဲ့ အဖြေထွက်ပါလိမ့်မယ်။

ဒါတွေကို ပြန်လည်ဆင်ခြင်ကြည့်ကြဖို့ တိုက်တွန်းလိုပါတယ်။ နည်းပညာရဲ့ ဘေးထွက်ဆိုးကျိုးကြောင့် ပြန့်ပွားလာတဲ့ အဓမ္မရာဂပိုးတွေ၊ ရာဂဘီလူးတွေကြောင့် အပြစ်မဲ့တဲ့ လူမည်ကလေးများစွာ အဓမ္မပြုကျင့်ခံနေရပါပြီ။ လူတန်းစားအသီးသီးက အမျိုးကောင်းသမီးတွေ စိတ်ပင်ပန်းဆင်းရဲကြီးစွာ သေဆုံးနေရကြရပါပြီ။ မြန်မာအမျိုးသမီးထု တစ်ခုလုံး အရွယ်သုံးပါးမရွေး ကာမပစ်မှတ်ဖြစ်လာနေကြပါပြီ။ ခေတ်ပေါင်း နှစ်ပေါင်းများစွာ ဆောင်ရွက်နေကြတဲ့ အမျိုးသမီးအခွင့်အရေး စောင့်ရှောက်ရေးစီမံကိန်းတွေ၊ အဖွဲ့အစည်းတွေ မိမိတို့ရဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်နိုင်မှုကို ပြန်လည်တိုင်းတာ သုံးသပ်သင့်ပါပြီ။

လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ နေ့စဉ်၊ အပတ်စဉ် ဆိုသလို ပေါ်ထွက်နေတဲ့ မကြားဝံ့၊ မနာသာ အဓမ္မမှုတွေကို တစ်ချက်လောက် လေ့လာသုံးသပ်သင့်ပါတယ်။ အလားတူ ကိစ္စရပ်တွေလည်း လစဉ်ရက်ဆက် ဖြစ်ပေါ်နေတာ တွေ့ရမှာ ဖြစ်ပါတယ်။ နေရာနဲ့ အချိန်သာ ကွာခြားသွားတာဖြစ်ပြီး ပညာဆင်ခြင်တုံတရားနည်းပါးတဲ့ လူ့တိရစ္ဆာန်များကသာ အစဉ်တစိုက် ကျူးလွန်နေကြတာပဲ ဖြစ်ပါတယ်။ ထိခိုက်လွယ်တဲ့၊ ကျူးလွန်ရလွယ်ကူတဲ့ နွမ်းပါးသူတွေ၊ ခုခံစွမ်းအားနည်းသူတွေကို ပစ်မှတ်ထားဆောင်ရွက်နေကြခြင်း ဖြစ်ပါတယ်။

ဖြစ်တတ်တဲ့အခြေအနေဟာ အချိန်မကောင်း၊ နေရာမကောင်း၊ လူမကောင်းနဲ့ တွေ့ဆုံမှုကို အခြေခံနိုင်ပေမယ့် ဖြစ်နိုင်ခြေရှိသမျှ အကြောင်းတရားတွေကို ရှာဖွေနှိမ်နင်းမှု ပြုလုပ်ဖို့ အရေးတကြီး လိုအပ်ပါတယ်။ တိုက်ဖျက်ရေးလုပ်ငန်းတွေကို လူထုတစ်ရပ်လုံး တက်ကြွစွာ ပါဝင်လာနိုင်စေဖို့ ဘယ်လို ပညာပေးလှုံ့ဆော်ခဲ့ပါသလဲ၊ ဘယ်လို ထိရောက်စွာ ထပ်မံဆောင်ရွက်မလဲ ပြန်လည်သုံးသပ်ဖို့လိုအပ်လာပါပြီ။ လုပ်ရိုးလုပ်စဉ် ပညာပေးရုပ်သံဇာတ်လမ်းတို အဆင့်လောက်နဲ့ လုံလောက်မယ် မထင်တော့ပါ။ ဖြစ်တန်စွမ်းများသော ရပ်ကွက်၊ ကျေးရွာ၊ ရထားသံလမ်း၊ ဘူတာရုံစတာတွေမှာ ဖြစ်နိုင်သမျှ အသိပညာပေးရန်၊ ကူညီထောက်ပံ့ပေးရန်၊ ကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်လာပါပြီ။ လူထုအခြေပြုတဲ့ လုံခြုံရေးစနစ်တစ်ခု တည်ဆောက်သင့်ရင်လည်း တည်ဆောက်ပေးဖို့ လိုအပ်ပါမယ်။ သတင်းပေးနည်းပညာများ ဖန်တီးနိုင်ဖို့ လိုအပ်သလို တစ်ဖက်မှာလည်း ပြင်းထန်စွာ ထိရောက်ဟန့်တား ပြစ်ဒဏ်များ ကျခံစေသင့်ပါတယ်။

အထူးကိစ္စရပ်တွေအနေနဲ့ ကိုင်တွယ်ဖြေရှင်းသင့်ပြီး အထူးစိစစ်ရေး ကော်မရှင်တွေ၊ ခုံရုံးတွေ ထပ်မံဖွဲ့စည်း ဆောင်ရွက်သင့်ပါပြီ။ ထိုသို့မဟုတ် ပြစ်မှုပြစ်ဒဏ် မထိုက်သင့်ခြင်း၊ မလျော်ကန်ခြင်း၊ ဥပဒေမှ လက်လှမ်းမမီခြင်းများ ဆက်တိုက်ဖြစ်ပွားလာမယ်ဆိုရင် ပြည်သူလူထုအကြား မလုံခြုံမှုများ၊ သံသယများ၊ စိတ်ရှည်သည်းခံမှုများ လျော့ပါးလာမှာဖြစ်ပြီး အဲဒီကတစ်ဆင့် တရားဥပဒေကို မလေးစား၊ မယုံကြည်ခြင်းများ၊ လက်တုံ့ပြန်ခြင်းများနဲ့ ခုခံကာကွယ်တုံ့ပြန်ရန် လက်နက်များ၊ နည်းလမ်းများ ရှာဖွေဆောင်ရွက်လာနိုင်တာကြောင့် နိုင်ငံရေးမတည်ငြိမ်မှု အသွင်ဆောင်လာနိုင်တဲ့အထိ အကြီးမားဆုံး တိုင်းပြည်အန္တရာယ် ကျရောက်နိုင်ပါတယ်။ ပဋိပက္ခအရပ်ရပ်ကြောင့် မငြိမ်းချမ်းခြင်းသည်လည်း မငြိမ်းချမ်းခြင်းမည်သကဲ့သို့ ဤကဲ့သို့သော အဓမ္မမှုများကြောင့် ပြည်သူများ မငြိမ်းချမ်းလျှင်လည်း မငြိမ်းချမ်းခြင်းတစ်မျိုးပဲ ဖြစ်ပါတယ်။

လက်ရှိ အသက်အရွယ်အခြေအနေမှာ ဖြစ်တည်နေကြတဲ့ အရွယ်ရောက်ပြီးသူများက မိမိတို့အတွက်သာ တစ်ကိုယ်ကောင်းဆန်ဆန် ဆောင်ရွက်နေကြမယ်ဆိုရင် နောင်မျိုးဆက် သားငယ်၊ သမီးငယ်၊ တူ၊ တူမငယ်၊ ညီ၊ ညီမငယ်တို့၏ ဘဝရဲ၊ လူ့ငရဲကို ဖန်တီးနေကြတဲ့ တရားခံများသာ ဖြစ်ပါလိမ့်မယ်။ စိတ်ရောကိုယ်ပါ အင်မတန်မှ ကြံ့ခိုင်သန်စွမ်းတဲ့ မိခင်လောင်းများ၊ ဖခင်လောင်းများဖြစ်လာမယ့် လူငယ် လူညွှန့်များအတွက် အထူးဂရုစိုက်ပေးကြဖို့ရာ မတန်ဘူးလား တွေးရမှာပါ။

မိမိတို့ကလေးဘဝက မိဘ ဘိုးဘွားတွေ အိမ်ပြန်လာချိန်ကို စောင့်မျှော်ရင်းနေခဲ့သလိုမျိုး ခုချိန်မှာ မိမိတို့ကို မျှော်နေမယ့် ရင်သွေးတွေဆီ ဝံသာနုတရားတွေ၊ ပြဟ္မစိုရ်တရားတွေ တစ်ပွေ့တစ်ပိုက်နဲ့ ပြန်သွားလိုက်ချင်မိပါတယ်။ အနာဂတ်ဘဝ အညွှန့်တွေ ချိုးဖဲ့ဖျက်ဆီးခံခဲ့ရလို့ မလုံခြုံတော့တဲ့ ရင်သွေးငယ်၊ အမျိုးသမီးငယ်တွေနဲ့ သောကမီးလောင်မြိုက်နေတဲ့ မိဘတွေကို မေတ္တာ၊ ကရုဏာ၊ လူသားချင်းစာနာမှုတွေနဲ့ အားလုံးက ဝိုင်းဝန်းစောင့်ရှောက်ပေးကြဖို့ အချိန်တန်ပါပြီ။ ။

**❝ အထူးကိစ္စရပ်တွေအနေနဲ့ ကိုင်တွယ်ဖြေရှင်းသင့်ပြီး အထူး စိစစ်ရေးကော်မရှင်တွေ၊ ခုံရုံးတွေ ထပ်မံဖွဲ့စည်း ဆောင်ရွက်သင့်ပါပြီ။ ထိုသို့မဟုတ် ပြစ်မှုပြစ်ဒဏ် မထိုက်သင့်ခြင်း၊ မလျော်ကန်ခြင်း၊ ဥပဒေမှ လက်လှမ်းမမီခြင်းများ ဆက်တိုက်ဖြစ်ပွားလာမယ်ဆိုရင် ပြည်သူလူထုအကြား မလုံခြုံမှုများ၊ သံသယများ၊ စိတ်ရှည်သည်းခံမှုများ လျော့ပါးလာမှာဖြစ်ပြီး အဲဒီကတစ်ဆင့် . . .**

# နွေဦးရာသီ မန္တလေးမြို့ ကန်တော်ကြီးပန်းခြံသို့ လာရောက်အပန်းဖြေသူများဖြင့် စည်ကား

**မန္တလေး ဖေဖော်ဝါရီ ၁၈**
နွေဦးရာသီကာလ မန္တလေးကန်တော်ကြီးတွင် မြို့ခံမိသားစုများ၊ ခရီးသွား ဘုရားဖူးဧည့်သည်များ လာရောက်အပန်းဖြေသူများဖြင့် စည်ကား လျက်ရှိကြောင်းသိရသည်။

မန္တလေးကန်တော်ကြီးကို ၁၉၉၇ မှစကာ တက်သေးအင်းအမည်မှ မန္တလေးကန်တော်ကြီးအမည်သို့ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ကန်တော်ကြီးတွင် ခေတ်မီစားသောက်ဆိုင်များ၊ အနားယူအပန်းဖြေစရာပန်းခြံများ၊ ကလေးကစားကွင်းများနှင့် လှပစွာတည်ရှိနေသည်။ မြေပဒေသာကျွန်းများ၊ သစ်ပင်၊ ပန်းမန်များဖြင့် အစိမ်းရောင်လွှမ်းခြုံနေသော အပန်းဖြေစရာနေရာတစ်ခုဖြစ်လာပြီး ရုံးပိတ်ရက်များ ကျောင်းပိတ်ရက်များနှင့် အခြားအခါကြီးရက်ကြီးများတွင် အပန်းဖြေအနားယူသူများစွာဖြင့် စည်ကားသောနေရာတစ်ခုပင်ဖြစ်သည်။

ကောင်းမွန်သော ကန်ပတ်လမ်းများမှသည် အနောက်ဘက်ရောဝတီရှုခင်းကိုကြည့်ရှုနိုင်သည့် အခွင့်အရေးများလည်းရှိသည်။ ပြည်ကြီးမွန်ဖောင်တော်၏ အလှကန်တော်ကြီးရေပြင်၏အလှများကို ရှုစားနိုင်ပြီး မြင့်မားလှသည့်ဈေးချိုအနီးမှအဆောက်အအုံများကို ထင်ရှားစွာ မြင်တွေ့နိုင်သော နေရာပင်ဖြစ်သည်။ အထူးသဖြင့်ကလေးငယ်များ ဆော့ကစားနိုင်ရန် စီစဉ်ပေးထားသော ကစားစရာ အရုပ်များကို လှပစွာသရုပ်ဖော်ပေးထားမှုမှာ စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။

ပြည်သူများ လွတ်လပ်စွာ အပန်းဖြေအနားယူနိုင်ရေးအတွက် ကန်တော်ကြီးသာယာလှပရေးကို ဆက်လက်တိုးချဲ့လုပ်ဆောင်နေကြောင်း သိရသည်။ လက်ရှိကာလတွင် ကလေးငယ်များ ဆော့ကစားနိုင်သောနေရာများတွင် လှပသောအရုပ်များဖြင့် စီခြယ်ထားပြီး အစိမ်းရောင်မြို့တော်ဖြစ်ရေးအထောက်အကူပေးသည့် ဆောင်ပုဒ်များကိုပင် ရေးထိုးကာ စိတ်ဝင်စားဖွယ်ဖြစ်အောင် ဖန်တီးထားသည်။

ယခုအခါ ကန်တော်ကြီးပန်းခြံအတွင်း လာရောက်အပန်းဖြေသူများဖြင့် စည်ကားကာ တိရစ္ဆာန်ငယ်တို့၏ ပုံကလေးများဖြင့် တွဲဖက်ကာ အမှတ်တရဓာတ်ပုံရိုက်ကူးမှု များပြားလျက်ရှိသည်။ **တိမ်တမန်**



# သဘာဝတောတောင်ရှုခင်းအလှကို ခံစားရင်း ဆင်စီးအပန်းဖြေသူများပြားသည့် ဒီးဒုတ်ဆင်စခန်း

**မန္တလေး ဖေဖော်ဝါရီ ၁၈**
သဘာဝတောတောင်၊ ရှုခင်းအလှအပများကို ဆင်စီး ရင်းခံစားကြည့်ရှုနိုင်ရန် ပြင်ဦးလွင်မြို့နယ် ဝှက်ကားသုံးဆင့် ရေတံခွန်အနီးတွင် အသစ်ဖွင့်လှစ်ထားသည့် ဒီးဒုတ်ဆင်စခန်းသို့ လာရောက်အပန်းဖြေသူ ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။



အဆိုပါ ဆင်စခန်းကို ပြင်ဦးလွင်မြို့နယ် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကားလမ်းပေါ်ရှိ ဝှက်ကားသုံးဆင့်ရေတံခွန်အနီးတွင် ဇန်နဝါရီ ၂၀ ရက်မှ စတင်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး ပြည်တွင်းမှ လာရောက်အပန်းဖြေသူများအတွက် တစ်ဦးလျှင် ဝင်ကြေးငွေကျပ် ၁၀၀၀ နှင့် ဆင်စီးခ ကျပ် ၃၀၀၀ နိုင်ငံခြားသားဧည့်သည်များအတွက် တစ်ဦးလျှင် ဝင်ကြေးငွေ နှစ်သောင်းကျပ်နှင့် ဆင်စီးခနှစ်သောင်းကျပ် သတ်မှတ်ထားကြောင်း မြန်မာ့သစ်လုပ်ငန်း (မန္တလေးတိုင်းဒေသကြီး)မှ မန်နေဂျာ ဦးအောင်မြင့်ဌေးက ပြောသည်။

"နိုင်ငံတကာ ခရီးသွားတွေအတွက် လည်ပတ်လေ့လာစရာ ခရီးစဉ်ဒေသတစ်ခုအဖြစ်ပေါ်ထွက်လာစေဖို့နဲ့ ပြည်တွင်းအပန်းဖြေသူတွေအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ပေးတာပါ၊ ဆင်စီးဖို့အတွက် ဆင်ထီး နှစ်ကောင်၊ ဆင်မ လေးကောင်နဲ့ ဝန်ဆောင်မှုပေးနေပါတယ်၊ ဆင်တွေကို အစာကျွေးချင်ရင်လည်း အလွယ်တကူဝယ်လို့ရအောင် စီစဉ်ပေးထားပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ဆင်စခန်းသို့ ရန်ကုန်မြို့မှ လာရောက်သူ ကိုနေကလည်း "ဒီဆင်စခန်းကို စခန်းဖွင့်လှစ်ထားတဲ့အကြောင်း သတင်းစာနဲ့ အွန်လိုင်းမှာ တွေ့ကတည်းက စိတ်ဝင်စားနေတာပါ။ အခုပိတ်ရက်မှာ မန္တလေးကို အလုပ်ကိစ္စနဲ့ လာရင်း၊ ဒီက သူငယ်ချင်းတွေကို လိုက်ပို့ခိုင်းတာပါ။ တောရိပ်၊ တောင်ရိပ်တွေနဲ့ သဘာဝအလှအပတွေကို ဆင်စီးပြီးကြည့်ရတော့ အရသာတစ်မျိုးခံစားရပါတယ်"ဟု ပြောသည်။

"အလုပ်အားတဲ့ရက်တွေမှာ ဗဟုသုတအနေနဲ့ပဲဖြစ်ဖြစ်၊ စိတ်လက်ပေါ့ပါးမှုအနေနဲ့ပဲဖြစ်ဖြစ် ဒီလို အပန်းဖြေလို့ရမယ့် နေရာတွေကို သွားရောက်လည်ပတ်လေ့ရှိတယ်၊ ရှုခင်းတွေက သာယာလို့ စိတ်ကြည်နူးမိပေမယ့် ကျွန်တော့်အတွက် ဆင်စီးရတဲ့အတွေ့အကြုံက ပထမဆုံးဆိုတော့ ရင်တွေတုန်နေပါတယ်"ဟု မန္တလေးမြို့မှ ကိုမြတ်သစ်ခိုင်က ပြောသည်။

လက်ရှိတွင် ဒီးဒုတ်ဆင်စခန်းသို့ ပြည်တွင်း၊ ပြည်ပမှ လာရောက်လေ့လာသူဦးရေမှာ နေ့စဉ် ၅၀ ကျော်ရှိပြီး ရုံးပိတ်ရက်နှင့် ကျောင်းပိတ်ရက်များတွင် ပိုမိုများပြားစွာ လာရောက်အပန်းဖြေလေ့လာမှုများရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါး အန္တရာယ်ဆိုင်ရာ ပြည်သူ့စကားဝိုင်းကျင်းပ

**တောင်သာ ဖေဖော်ဝါရီ ၁၈**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော လူငယ်ထုအား ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်ဟူသော ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk)ကို တောင်သာမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါ လူငယ်ထုကိုပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်စိုး၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်တင်ဇာနွယ်၊ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှထွန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးထိန်လင်းတို့က ဆွေးနွေးခဲ့ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းက အနာဂတ်ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းက စူးစမ်းမှုများလာသော လူငယ်များ အကြောင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်တင်ဇာနွယ်က မူးယစ်ဆေးဝါးနှင့် ပြစ်မှုအကြောင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးဒေါ်လှလှထွန်းက မူးယစ်ဆေးဝါးဖြတ်သူများအတွက် ပြန်လည်ထူထောင်ရေး၊ ကျန်းမာသန်စွမ်းစွာဖြင့် လူမှုဘဝနေထိုင်နိုင်ရေးအကြောင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်စိုးက မြို့နယ်အတွင်း မူးယစ်ကင်းစင်ရေး ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းတို့က မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# စဉ့်ကူးမြို့တွင် မြေလျှင်ဘေးအန္တရာယ် ဖြစ်ပွားပါက လက်တွေ့ဆောင်ရွက်နိုင်ရေး အိမ်တိုင်ရာရောက် သရုပ်ပြလေ့ကျင့်မှုနှင့် ပညာပေးဟောပြော

**စဉ့်ကူး ဖေဖော်ဝါရီ ၁၈**
စဉ့်ကူးမြို့နယ်တွင် တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ စီစဉ်ကျင်းပသည့် မြေလျှင်ဘေးအန္တရာယ် ဖြစ်ပွားလာပါက လက်တွေ့ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူများထိခိုက်ဆုံးရှုံးမှု နည်းပါးစေရေးတို့အတွက် အိမ်တိုင်ရာရောက် သရုပ်ပြလေ့ကျင့်မှုနှင့် ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက အမှတ် (၂) ရပ်ကွက် ဖောင်တော်ဦးဘုရားရှေ့ကွင်းပြင်၌ ကျင်းပပြုလုပ်သည်။



မြေလျှင်ဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်မှုတွင် အရေးပေါ်ဆေးကုသမှုယာယီတဲများ၊ အရေးပေါ်လူနာတင်ယာဉ်များ အသုံးပြုကာ ကယ်ဆယ်ရေးအဖွဲ့ (၄) ဖွဲ့မှ လျှင်လှုပ်ခတ်အပြီး နေအိမ်များ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို ကယ်ထုတ်ခြင်း၊ အရေးပေါ်ဆေးကုသပေးခြင်းများကို အိမ်တိုင်ရာရောက် လက်တွေ့သရုပ်ပြလေ့ကျင့်ဆောင်ရွက်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမင်းသူက လျှင်ဘေးအန္တရာယ်ကျရောက်လာလျှင် လိုက်နာရန်နှင့် လုပ်ဆောင်ရန်တို့ကို ပညာပေး ဟောပြောရာ ဒေသခံရပ်ကွက်ပြည်သူများက စိတ်ပါဝင်စားစွာ တက်ရောက်နားထောင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ သရုပ်ပြလေ့ကျင့်မှုနှင့် ပညာပေးဟောပြောပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းထွန်းနှင့် ဒေါက်တာကျော်နိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နီးလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမင်းသူနှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ ဒေသခံရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**

## မန္တလေးမြို့တွင် မှူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး၊ ပြည်သူများ ပူးပေါင်းပါဝင်

**မဟာအောင်မြေ ဖေဖော်ဝါရီ ၁၈**
မန္တလေးမြို့ မဟာအောင်မြေမြို့နယ်တွင် မှုခင်းကျဆင်းရေးနှင့် ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးခြင်းကြောင့် မှုခင်းဖော်ထုတ်ဖမ်းဆီးရာတွင် ပြည်သူများ ပူးပေါင်းပါဝင်မှု ပိုများလာကြောင်း သိရသည်။

မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် အထက(၂၄) နှင့် အမှတ်(၇) နယ်မြေရဲစခန်းရှေ့တွင် ဖေဖော်ဝါရီ ၁၇ ရက်က မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး ဇင်မင်းကို၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူး မျိုးလွင်အောင်၊ အမှတ်(၇)နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်စိုးကြည်နှင့် တပ်ဖွဲ့ဝင်များ၊ ပူးပေါင်းအဖွဲ့များက မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်ခဲ့ရာ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် စိတ်ဝင်စားသူ ပြည်သူ စုစုပေါင်း ၁၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မကြာမီ ကျင်းပတော့မည် တက္ကသိုလ်ဝင်တန်းစာမေးပွဲ (၁၀ တန်း စာမေးပွဲ) ကျင်းပချိန် မလိုလားအပ်သော ကိစ္စများ မဖြစ်ပေါ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိပြီး သင်္ကြန်ကာလ မှုခင်းကျဆင်းရေး အသိပညာပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ပေါ့ဘာ ဘယ်လောက်ကြာအောင် အနားယူရမည်လဲဆိုသည်ကို ဂရုမစိုက်ဟု နည်းပြ မော်ရင်ဟို ပြောကြား



မန်ယူနည်းပြ မော်ရင်ဟိုက ကွင်းလယ်လူ ပေါ့ဘာ အချိန် ဘယ်လောက်ကြာအောင် အနားယူရမည်လဲဆိုသည်ကို ရိုးသားစွာ ပြောရမည်ဆိုပါက မိမိဂရုမစိုက်ဟု ပြောကြားခဲ့သည်။

ပေါ့ဘာသည် ဖျားနာနေသဖြင့် ဟက်ဒါဖီးလ် အသင်းကို အနိုင်ရသည့် အက်ဖ်အေဖလားပြိုင်ပွဲကို လွဲချော်ခဲ့သည်။ ပေါ့ဘာသည် မကြာသေးမီက ကစားခဲ့သည့် ပွဲစဉ်များတွင် ကစားပုံကျဆင်းနေရာ ထို့အတွက် မန်ယူပရိသတ်များက ဝေဖန်ခဲ့ကြသော်လည်း မော်ရင်ဟိုက ပေါ့ဘာဘက်မှ ကာကွယ်မှုပြုခဲ့သည်။

အခြားသတင်းရင်းမြစ်များက မော်ရင်ဟိုနှင့် ပေါ့ဘာကြား နေရာချထားမှုအပိုင်းတွင် သဟဇာတမဖြစ်မှုရှိနေပြီး ပြေလည်မှုမရရှိပါက ပေါ့ဘာ၏ အေးဂျင့်ဖြစ်သူ ရိုင်လိုလာက အသင်းပြောင်းရန် စီစဉ်တော့မည်ဖြစ်ကြောင်း သိရသည်။ နောက်ဆက်တွဲအနေဖြင့် ပေါ့ဘာကို ရီးယဲလ် အသင်းက ပေါင်သန်း ၁၂၀ ကျော် အသုံးပြုခေါ်ယူမည်ဟု သတင်းထွက်လာခဲ့သလို ပေါ့ဘာ ကိုယ်တိုင်ကလည်း မော်ရင်ဟို လက်အောက်တွင် သူ၏အကောင်းဆုံးပုံစံ ပျောက်ဆုံးသွားခြင်းအတွက် မန်ယူသို့ ပြောင်းရွှေ့မိခြင်း အပေါ် နောင်တရနေကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။

ဘီတီသတင်းဌာန၏ မေးမြန်းမှုကို “ဒီမနက်မှာ ကျွန်တော့်ကို ဆရာဝန်က ပြောတယ်၊ သူ ဘယ်လောက်ကြာအောင် နားရမလဲ ကျွန်တော်မသိပါဘူး၊ ရိုးရိုးသားသား ဆိုရရင် ဒီအတွက် ကျွန်တော် ဂရုမစိုက်ပါဘူး၊ ကျွန်တော်က ပွဲကိုပဲ အာရုံစိုက်ရပါတယ်။ ပွဲအပြီးကျမှသာ ပေါ့ဘာအကြောင်း စဉ်းစားပါမယ်”ဟု ဖြေကြားခဲ့သည်။



# ကွန်တီ သူ ကစားသည့်ပွဲများကို စောင့်ကြည့်မလားမသိဟု ဘတ်ရှုအာရီဆို

ဘတ်ရှုအာရီက သူ့အနေဖြင့် လက်ရှိအချိန် ဒေါ့မွန်တွင် ယုံကြည်ချက်အပြည့်ဖြင့် ကစားနိုင်ပြီဖြစ်ပြီး သူကစားသည့် ပွဲစဉ်များကို ချယ်လ်ဆီးနည်းပြ ကွန်တီ ကြည့်ရှုသည်လား ဆိုသည်ကို သူ မသိရှိကြောင်း ဖွင့်ဟပြောကြားခဲ့သည်။ ဒေါ့မွန်သည် တိုက်စစ်မှူး အူဘာမီယန်ကို ပေါင်သန်း ၆၀ ဖြင့် အာဆင်နယ်အသင်းဆီ ထုတ်ရောင်းခဲ့ပြီးနောက် သွင်းဂိုးများ ပုံမှန်သွင်းယူနိုင်သည့် တိုက်စစ်မှူးတစ်ဦး လိုအပ်နေချိန်တွင် ဘတ်ရှုအာရီက သုံးပွဲတွင် ငါးဂိုးအထိ သွင်းယူပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဘတ်ရှုအာရီသည် ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း ချယ်လ်ဆီးသို့ ပေါင် ၃၃ သန်းဖြင့် ရောက်ရှိလာပြီးနောက် ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးနေခဲ့ကာ ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအတွက် သုံးပွဲသာ ပွဲထွက်ခွင့် ရရှိခဲ့ပြီးနောက် ဒေါ့မွန်အသင်းသို့ အငှားဖြင့် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ ယူရိုပါလိဂ်ဖလားပွဲ ဒေါ့မွန်က အတ္တလန္တာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည့် ပွဲစဉ်တွင် ဘတ်ရှုအာရီက နှစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

ဘတ်ရှုအာရီက အရန်ခုံတွင် ထိုင်နေရသည့် တိုက်စစ်မှူးတစ်ဦးအနေဖြင့် ဂိုးသွင်းရခြင်းမှာ အင်မတန်ခက်ခဲခဲ့ပြီး ချယ်လ်ဆီးတွင် ရှိနေသည့်အချိန်များသည် မလွယ်ကူခဲ့ကြောင်း ဆိုခဲ့သလို “ကျွန်တော်ကစားတဲ့ ပွဲတွေကို ကွန်တီ ကြည့်သလား၊ ဒါကို ကျွန်တော် မသိပါဘူး” ဟု ဖြေကြားခဲ့သည်။

**မေလဲ့သင်း-ရေးသားသည်**

# မန်ယူက ဘရိုက်တန်ကို ဧည့်ခံကစားရမည်ဖြစ်ပြီး လက်စတာအိမ်ကွင်းသို့ ချယ်လ်ဆီး သွားကစားရမည်



အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များတွင် မန်ယူအသင်းသည် ဘရိုက်တန်အသင်းကို အိမ်ရှင်အဖြစ် ဧည့်ခံကစားရမည်ဖြစ်ပြီး နည်းပြ ကွန်တီ၏ ချယ်လ်ဆီးအသင်းမှာမူ လက်စတာစီးတီးအသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်ကြောင်း သိရသည်။

အက်ဖ်အေဖလားကို ၁၂ ကြိမ်အထိ ချန်ပီယံဖြစ်ထားခဲ့သည့် မန်ယူအသင်းသည် (၁၆)သင်းအဆင့်ပြိုင်ပွဲတွင် ဟက်ဒါဖီးလ်အသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရပြီး တိုက်စစ်မှူး လူကာကူ၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိကာ အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့် တက်လှမ်းလာခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး လူကာကူသည် ဟက်ဒါဖီးလ်အသင်းနှင့် ပွဲစဉ်တွင် ပွဲကစားချိန် သုံးမိနစ်တွင် မန်ယူအသင်းအတွက် အဖွင့်ဂိုးစတင်သွင်းယူခဲ့ပြီး ၅၅ မိနစ်တွင် ဒုတိယမြောက်သွင်းဂိုးကို သွင်းယူနိုင်ခဲ့ကာ မန်ယူအသင်းနှင့်အတူ ၂၀ ဂိုးမြောက်သွင်းဂိုးကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး လူကာကူသည် ယင်းပွဲစဉ်တွင် ဂိုးသွင်းနိုင်ခဲ့ခြင်းကြောင့် အက်ဖ်အေဖလားပွဲစဉ် ၁၀ ပွဲတွင် ၁၁ ဂိုးမြောက်သွင်းဂိုးဖြစ်လာခဲ့ပြီး ကွင်းလယ်ကစားသမား မာတာသည်လည်း မန်ယူအသင်းနှင့် စတင်ကစားခဲ့သည့်နောက်ပိုင်း မန်ယူအသင်းအတွက် ၂၈ ကြိမ်မြောက် ဂိုးဖန်တီးမှုကိုလည်း ပြုလုပ်နိုင်ခဲ့သည့် မှတ်တမ်းတစ်ရပ်စိုက်ထူနိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည်လည်း အက်ဖ်အေဖလား (၁၆)သင်းအဆင့်ပွဲစဉ်တွင် ဟားစီးတီးအသင်းကို လေးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးများကို ဝီလီယံ(၂ မိနစ်၊ ၃၂ မိနစ်)၊ ပက်ဒရို (၂၇ မိနစ်)နှင့် ဂျရူး(၄၂ မိနစ်)တို့က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ချယ်လ်ဆီးအသင်းမှာ ဟားစီးတီးနှင့် ဆုံတွေ့ခဲ့သည့် နောက်ဆုံး ခုနစ်ပွဲတွင် ခုနစ်ပွဲစလုံးအနိုင်ရရှိခဲ့သည့်အပြင် သွင်းဂိုး ၁၇ ဂိုးအထိ ရယူထားနိုင်ခဲ့သည်။ ယင်းပွဲစဉ်တွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ဝီလီယံသည်လည်း ချယ်လ်ဆီးအသင်းအတွက် နောက်ဆုံး ၁၄ ပွဲတွင် ၁၄ ဂိုး သွင်းနိုင်ခဲ့ခြင်းဖြစ်သည်။




# လာလီဂါတွင် ၁၀ မှတ်ပြတ်ပြီး ဘာစီလိုနာ ဆက်ဦးဆောင်

ဘာစီလိုနာအသင်းသည် လာလီဂါပွဲစဉ် (၂၄) အဖြစ် အီဘားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဆွာရတ်ဇ်နှင့် ဂျော်ဒီအယ်လ်ဘာတို့၏ သွင်းဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိကာ အမှတ်ပေးဇယားတွင် ၁၀ မှတ်ပြတ်ပြီး ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ဘာစီလိုနာအသင်းသည် အီဘားအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် စပိန်လာလီဂါပြိုင်ပွဲတွင် ၃၁ ပွဲ နိုင်ပွဲဆက်ခဲ့သည့် စံချိန်တင်နိုင်ခဲ့ပြီး ၂၀၁၀-၂၀၁၁ ဘောလုံးရာသီက နည်းပြ ဂွါဒီယိုလာလက်ထက် စံချိန်တင်ခဲ့သည့် ရှုံးပွဲမရှိမှတ်တမ်းကိုလည်း လိုက်မီသွားခဲ့ပြီဖြစ်သည်။ ဆွာရတ်မှာ ယင်းပွဲစဉ်တွင် ဂိုးသွင်းနိုင်ခဲ့ခြင်းကြောင့် လာလီဂါတွင် သွင်းဂိုး ၁၇ ဂိုးဖြင့် ဒုတိယဂိုးသွင်းအများဆုံး ကစားသမား ဖြစ်လာခဲ့သည်။

ယင်းပွဲစဉ်တွင် အီဘားကစားသမား အော်ရီလာနာမှာ ပွဲကစားချိန် ၆၆ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရပြီး အီဘားအသင်းရှုံးနိမ့်ခဲ့ခြင်းကြောင့် အဆင့်(၆) နေရာသို့ တက်လှမ်းနိုင်မည့်အခွင့်အရေးတစ်ရပ်နှင့်လည်း လွဲခဲ့ရသည်။

**ငွေကြယ်-ရေးသားသည်**

## စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် ကျင့်သုံးရေး ပညာပေးဆွေးနွေး

**ပြည် ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် ပေါက်ခေါင်းမြို့နယ် ဆင်ဖြူကန်ကျေးရွာတွင် မြစိမ်းရောင်ကြီးကြပ်မှုကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံကာ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်ကျင့်သုံးရေး ပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ယင်းကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ခရိုင် ကျေးလက်ဦးစီးမှူး ဦးသန်းနိုင်ဦးနှင့် မြို့နယ်ကျေးလက်ဦးစီး ဦးသက်စိုးတို့က ကျေးရွာလူထုဗဟိုပြု စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ် ကျင့်သုံးရေးအကြောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **သူရအောင်(ပြည်)**

# အမျိုးသမီးငယ်များကို ခြိမ်းခြောက်လာသော မုဒိမ်းမှုများ

မောင်သောင်းဝင်း(တမန်ဟောင်း)

၂၀၁၆ ခုနှစ် နှင့် ၂၀၁၇ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော မုဒိမ်းမှုများ၊ ဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် ရှောင်ကြဉ်ရမည့် အချက်များကို ပြည်ထဲရေးဝန်ကြီး ဌာနမှ ထုတ်ပြန်ထားသည်ကို ဖေဖော်ဝါရီ ၁၅ ရက်က လူမှုကွန်ရက် စာမျက်နှာများတွင် ဖတ်လိုက်ရသည်။ အမျိုးသမီးငယ်များ၊ အထူးသဖြင့် ကလေးငယ်များ အတွက် ခြိမ်းခြောက်မှု ပိုမိုမြင့်မားလာကြောင်း ကိန်းဂဏန်းများက သက်သေထူလျက်ရှိသည်။

**ပိုမိုဖြစ်ပွားလာ**

၂၀၁၆ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အသက် (၁၆) နှစ်အောက်ကလေးသူငယ်များ မုဒိမ်းပြုကျင့်ခံရမှု ၆၇၁ ကြိမ်ဖြစ်ပွားခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၈၉၇ ကြိမ်ဖြစ်ပွားခဲ့သဖြင့် ၂၂၆ ကြိမ် ပိုမိုဖြစ်ပွားခဲ့သည်။ ထို့အပြင် ၂၀၁၆ ခုနှစ်အတွင်း အသက် (၁၆)နှစ်အထက် မိန်းကလေးများ မုဒိမ်းပြုကျင့်ခံရမှု ၄၂၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၅၀၈ ကြိမ် ဖြစ်ပွားခဲ့သောကြောင့် ၇၉ ကြိမ်ပိုမိုဖြစ်ပွားခဲ့သည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မုဒိမ်းမှုဖြစ်ပွားမှု စုစုပေါင်းမှာ ၂၀၁၆ ခုနှစ်အတွင်း အကြိမ် ၁၁၀၀ ဖြစ်ပွားခဲ့ပြီး ၂၀၁၇ ခုနှစ်အတွင်း ၁၄၀၅ ကြိမ်ဖြစ်ပွားခဲ့သောကြောင့် ၃၀၅ ကြိမ် ပိုမို ဖြစ်ပွားခဲ့သည်ဟုသိရှိရသည်။ ကြောက်မက်ဖွယ်ရာ ကောင်းသည့် ကိန်းဂဏန်းအချက်အလက်များပင် ဖြစ်သည်။

**အကြောင်းရင်းများ**

သက်ငယ်မုဒိမ်းမှုဖြစ်ပွားရသည့်အဓိကအကြောင်းရင်းများမှာ သက်ငယ်မိန်းကလေးများနှင့် ကာမဆက်ဆံပါက ထူးခြားသောခံစားမှုရရှိခြင်း ရှိ၊ မရှိ ခံစားလိုသည့် ရည်ရွယ်ချက်ဖြင့်ကျူးလွန်ကြခြင်း၊ အရက်မူးခြင်း၊ စိတ်ကြွဆေး သုံးစွဲခြင်းတို့ကြောင့် သမီးရင်းအား ကျူးလွန်ခြင်း၊ သက်ငယ်မိန်းကလေးများ၏ ပင်ကိုအားနည်းချက်ကို အခွင့်ကောင်းယူ၍ လိင်မှုကျူးလွန်ရန် လွယ်ကူသဖြင့် ထိုကလေးငယ်များကို ပစ်မှတ်ထား၍ ကျူးလွန်ကြခြင်း၊ လိင်မှုဆိုင်ရာဓာတ်ပုံနှင့် ရုပ်ရှင်များကို ကြည့်၍အတုမြင် အတတ်သင်များလုပ်ပြီး ကျူးလွန်ကြခြင်း၊ မိဘအုပ်ထိန်းသူများ ကင်းကွာနေ၍ ကလေးငယ်များကို ငွေ၊ မုန့်နှင့် လက်ဆောင်များပေး၍ ကျူးလွန်ကြခြင်းနှင့် အသိပညာဗဟုသုတ နည်းပါးခြင်းတို့ကြောင့် ဖြစ်သည်။

အသက် (၁၆) နှစ်အထက် မုဒိမ်းမှုဖြစ်ပွားရသည့်အဓိက အကြောင်းရင်းများမှာ မိန်းကလေးများ အရက်သေစာ သောက်စားခြင်း၊ ကာမရာဂ စိတ်ကြွဆေးပြားများကို လွယ်လင့်တကူ ဝယ်ယူရရှိသုံးစွဲနိုင်ခြင်း၊ လက်ကိုင်ဖုန်းများဖြင့် ညစ်ညမ်းပုံများ၊ ဗီဒီယိုများကို အလွယ်တကူ ကြည့်ရှုနိုင်ခြင်း၊ မိဘများ၏ မဆင်မခြင် ပြုမူမှုများကို အတုခိုးခြင်းနှင့် အိမ်ထောင်ပျက်မိသားစုများ အတူနေထိုင်ခြင်းတို့ကြောင့်ဖြစ်သည်။

**စေ့ဆော်တိုက်တွန်းမှုများ**

မုဒိမ်းမှုဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းသည် လူစိတ်ကင်းမဲ့သောကြောင့်ဖြစ်သည်။ အခြေခံပညာ မသင်ခဲ့ရခြင်း၊ အသိပညာ ဗဟုသုတခေါင်းပါးခြင်း၊ ဘာသာရေး အဆုံးအမ မရှိခြင်း၊ အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ညစ်ညမ်းဗီဒီယိုများ၊ စာပေများ၊ ဓာတ်ပုံများကို စဉ်ဆက်မပြတ် ကြည့်ရှုခြင်းများသည် မုဒိမ်းမှုဖြစ်ပွားဖို့ရန် စေ့ဆော်တိုက်တွန်းစေနိုင်ပါသည်။

မြန်မာနိုင်ငံတွင် တယ်လီဖုန်းဆင်းကတ်များကို ဈေးနှုန်းချိုသာစွာဖြင့်ဝယ်ယူပြီး ဖေ့ဘွတ်ခ်ယဉ်ကျေးမှု ထွန်းကားလာကတည်းက မှုခင်းများ၊ အထူးသဖြင့် သက်ငယ်မုဒိမ်းမှုများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများ ပိုမိုများပြားလာသည်။ ဆိုရလျှင် တချို့သောသူများသည် လူမှုကွန်ရက်ကို တလွဲအသုံးချနေခြင်းဖြစ်သည်။

နောက်တစ်ချက်သည် ဆင်းရဲတွင်းနက်လာသောကြောင့်ဖြစ်သည်။ လူငယ်များသည် ပညာကိုဆုံးခန်းတိုင်အောင် သင်ယူနိုင်ခွင့်မရှိကြတော့ပေ။ အလယ်တန်းလောက်ဆိုလျှင် ကျောင်းထွက်နေကြပြီဖြစ်သည်။ ငယ်ငယ်ရွယ်ရွယ်နှင့် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် စားပွဲထိုးလုပ်နေကြပြီဖြစ်သည်။ ကားမှတ်တိုင်များ၊ မီးပွိုင့်များ၊ ဘူတာများ၊ အဝေးပြေးဂိတ်များတွင် ဆေးလိပ်၊ ကွမ်းယာရောင်းချနေကြရသည်။ ဆိုရလျှင် လူပေါင်းစုံနှင့်တွေ့ကြသည်။ အတတ်ပေါင်းစုံ တတ်ကြသည်။ နောက်ဆုံးတွင် ခိုး၊ ဆိုး၊ နှိုက်များသာ ဖြစ်လာလေ့ရှိကြသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် ကျောင်းမနေဖူးသူများ များစွာရှိနေပါသေးသည်။ လူတစ်ဦးသည် စာဖတ်တတ်မည်ဆိုလျှင်၊ စာဖတ်နေမည်ဆိုလျှင် ပတ်ဝန်းကျင်ကို ဒုက္ခပေးတော့မည် မဟုတ်ချေ။

**မှုခင်းအစုံစုံ**

ကလေးငယ်များနှင့် ပတ်သက်၍ လူမှုကွန်ရက်တွင် ဖတ်ရသည့် သတင်းများသည် စိတ်မချမ်းမြေ့ဖွယ်ရာများသာဖြစ်နေသည်။ ဖခင်နှင့် အရက်အတူသောက်သည့် သူငယ်ချင်းဖြစ်သူက မုဒိမ်းကျင့်ခံရသည့် သမီးငယ်လေး၊ မုဒိမ်းကျင့်ခံရသည့်အပြင် လည်ပင်းကိုပါညှစ်သတ်ခံခဲ့ရသည့် သမီးငယ်လေး၊ နောက်ဆုံးဖတ်လိုက်ရသည့် သတင်းတစ်ပုဒ်တွင် နှစ်နှစ်အရွယ် သမီးငယ်လေးသည် မုဒိမ်းကျင့်ခံရသဖြင့် အသက်ပါ ဆုံးရှုံးခဲ့ရသည်။

> မုဒိမ်းကောင်များကို ထိရောက်စွာ အရေးယူပေးရန် တောင်းဆိုမှုများ လူမှုကွန်ရက် စာမျက်နှာတွင် ပျံ့နှံ့. . .
>
> ထိရောက်သော အရေးယူပြစ်ဒဏ်ချမှတ်ခြင်းမျိုး မရှိသေးသရွေ့ ကာလပတ်လုံး ရာဇဝတ်ကောင်များသည် အကြမ်းဖက်မှုများကို လက်ရဲဇက်ရဲကျူးလွန်နေ. . .
>
> လူမဆန်သူများကို တရားဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူပြီး ပြစ်ဒဏ်များ ချမှတ်သင့်. . .

မိဘတိုင်း ရင်နင့်ရသည့် ဖြစ်စဉ်များပင်ဖြစ်သည်။

နေ့စဉ်ထုတ် သတင်းစာများ၌ မှုခင်းသတင်းများစွာကို ဖတ်နေရသည်။ ခင်ပွန်းဖြစ်သူက ဇနီးကို သတ်ဖြတ်ခြင်း၊ ဇနီးဖြစ်သူကလည်း ခင်ပွန်းကိုသတ်ဖြတ်ခြင်း၊ သား၊ သမီးများက မိဘများကိုသတ်ဖြတ်ခြင်း၊ မိဘများကလည်း သား၊ သမီးများကို ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်း၊ ညီအစ်ကိုမောင်နှမချင်း သတ်ဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ ပစ္စည်းခိုးယူခြင်း၊ လိမ်လည်ခြင်း၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခြင်း၊ သစ်များ ဖမ်းဆီးရမိခြင်း စသည့်သတင်းများကို နေ့စဉ်လိုလိုဖတ်နေရသည်။ အဆိုးရွားဆုံးလုပ်ရပ်များသည် ကလေးငယ်များကို မုဒိမ်းကျင့် သတ်ဖြတ်လာခြင်းဖြစ်သည်။

ထိုအပြင် သက်ငယ်မုဒိမ်းမှုများ၊ အမျိုးသမီးများကို အကြမ်းဖက်သည့် သတင်းများကိုလည်း ခပ်စိပ်စိပ် ဖတ်နေရသည်။ တချို့သော ဖြစ်စဉ်များတွင် ကလေးငယ်များသည် ငါးနှစ်ပင်မပြည့်သေးပေ။ ထို့အပြင် တချို့သော ဖြစ်စဉ်များတွင် မုဒိမ်းကောင်များသည် ကာမကို ရယူရုံသာမက အသက်ကိုပါ သတ်ဖြတ်ထားခဲ့ကြသည်။

ကြောက်မက်ဖွယ်ကောင်းသော လုပ်ရပ်များပင်ဖြစ်သည်။ လူမဆန်စွာ လုပ်ရက်ကြလေခြင်း၊ လူစိတ်ပျောက်နေကြပြီလားဟု ထင်ရသည်။ တချို့သော အားကြီးသူယောက်ျားများသည် အားနွဲ့သူ အမျိုးသမီးများကို နိုင့်ထက်စီးနင်း လုပ်ဆောင်လာကြသည်။ ထို့ကြောင့် အမျိုးသမီးများကို ဥပဒေအရ လက်တွေ့ကျကျ အကာအကွယ်ပေးထားသင့်သည်။ အထူးသဖြင့် လူမဆန်သောသူများကို နောင်ကြဉ်အောင် ထိရောက်စွာအရေးယူ အပြစ်ပေးသင့်ပေသည်။

**ထိရောက်စွာအရေးယူသင့်**

လူမှုကွန်ရက် စာမျက်နှာတွင် တရားဥပဒေစိုးမိုးမှုအပေါ် မေးခွန်းထုတ်လာကြသည်။ မုဒိမ်းကောင်များကို ထိရောက်စွာ အရေးယူပေးရန် တောင်းဆိုမှုများ လူမှုကွန်ရက် စာမျက်နှာတွင် ပျံ့နှံ့လျက်ရှိသည်။ ပြည်သူများ၏ သဘောထားမှတ်ချက်များစွာကိုလည်း ဖတ်ရှုရသည်။ ထိုတရားခံမျိုးကို နှစ်ရှည်ထောင်ဒဏ်လောက်သာ ပေးခြင်းသည် ထိရောက်မှုမရှိဟုဆိုကြသည်။ ငွေကြေးတတ်နိုင်သည့် တချို့သောနှစ်ရှည် အကျဉ်းသားများသည် အကျဉ်းထောင်ကို အပန်းဖြေဟိုတယ်လို သဘောထားကာနေကြသည်ဟု ဆိုသည်။

အဂတိလိုက်စားသည့် တချို့သော ဝန်ထမ်းများကြောင့် တရားရေးမဏ္ဍိုင်သည် ချည့်နဲ့လျက်ရှိသည်။

အမှန်စင်စစ်မှာမူ ထိုသို့ လူမဆန်သောသူများကို စံပြ ပြစ်ဒဏ်များပေးသင့်သည်။

အမှန်စင်စစ်မှာမူ ထိရောက်သော အရေးယူပြစ်ဒဏ်ချမှတ်ခြင်းမျိုးမရှိသေးသရွေ့ ကာလပတ်လုံး ရာဇဝတ်ကောင်များသည် အကြမ်းဖက်မှုများကို လက်ရဲဇက်ရဲ ကျူးလွန်နေကြဦးမည်သာဖြစ်သည်။ အရေးကြီးဆုံးအချက်သည် အမှန်တကယ် ပြစ်မှုကျူးလွန်သူကိုသာ ပြစ်ဒဏ်ချမှတ် ပေးနိုင်ရေးဖြစ်သည်။ ထိုသို့မဟုတ်လျှင် ရာဇဝတ်ကောင်သည် ဥပဒေပြင်ပတွင်အလားတူပြစ်မှုမျိုးကို ဆက်လက်ကျူးလွန်နေဦးမည်ဖြစ်သည်။

ပြဟ္မစိုရ်တရားထွန်းကားသော မြန်မာနိုင်ငံတွင် အမျိုးသမီးများ၊ အထူးသဖြင့် အရွယ်မရောက်သေးသည့် ကလေးငယ်များကို အကြမ်းဖက်၊ မုဒိမ်းကျင့်၊ သတ်ဖြတ်သည့်သတင်းများကို ကြားသိလာရသည့်အခါ မိဘတစ်ဦးအနေဖြင့် များစွာတုန်လှုပ် ချောက်ချားမိပါသည်။ ထိုအကြမ်းဖက်သမားများ၊ မုဒိမ်းကောင်များကို ပြင်းပြင်းထန်ထန်အရေးယူဆောင်ရွက်ပေးရန် လမ်းပေါ်ထွက် ဆန္ဒထုတ်ဖော်တောင်းဆိုလာကြသည်။ ဖြစ်သင့်ပါသည်။ အမျိုးသမီးများဘဝ လုံခြုံရေးသည် အားလုံးတွင် တာဝန်ရှိနေသည် မဟုတ်ပါလား။

**မိဘများ၏ တာဝန်**

မိဘများသည် သမီးမိန်းကလေးများ၊ အထူးသဖြင့် အရွယ်မရောက်သည့် ကလေးများကို တစ်ဦးတည်း မထားသင့်ပေ။ စားနေကျ ကြောင်ဖားများသည် အလစ်ချောင်းလျက်ရှိကြသည်။ အသက်ကြီးသည့် အဘိုးကြီးများကိုလည်း ယုံကြည်၍မရပေ။ သူစိမ်းယောက်ျားအားလုံးကို စိတ်မချရပေ။ မိမိသမီးမိန်းကလေးများကို မည်သည့်သူစိမ်းယောက်ျားနှင့်မျှ အတူလွှတ်မထားသင့်ပေ။ ကျောင်း၊ ကျူရှင်၊ သင်တန်းများ စေလွှတ်ရာတွင် မိန်းကလေးအဖော်များနှင့်သာ စေလွှတ်သင့်ပါသည်။ တတ်နိုင်ပါက ကိုယ်တိုင်ကြိုပို့ လုပ်ပေးသင့်ပေသည်။

တချို့သော သက်ငယ်မုဒိမ်းမှုများသည် မိဘများ၏ တာဝန်လစ်ဟင်းမှုကြောင့် ဖြစ်ရခြင်းဖြစ်သည်။ သာဓကအနေဖြင့် ဖခင်ဖြစ်သူများက ကလေးငယ်များကို ညကြီးမိုးချုပ်အချိန်တွင် အရက်၊ ဆေးလိပ် ဝယ်ခိုင်းလေ့ရှိကြသည်။ တချို့သော မိဘများသည် ကလေးတစ်ယောက်တည်း အိမ်တွင်ထားခဲ့လေ့ရှိတတ်သည်။ အကြံအစည်ရှိသော မုဒိမ်းကောင်များသည် မိဘများနှင့် အခြားသူများ အလစ်ကို ချောင်းနေလေ့ရှိကြသည်။ မည်သို့ပင်ဆိုစေကာမူ ကလေးငယ်များကို တစ်ဦးတည်းထားခြင်းသည် ရာဇဝတ်မှုကို ဖိတ်ခေါ်နေခြင်းပင်ဖြစ်သည်။

**သတိထားစေချင်**

အမျိုးသမီးများ၊ အထူးသဖြင့် ကလေးငယ်များအပေါ် အကြမ်းဖက်မှုများ ထူပြောလာသည့်အချိန်တွင် မြန်မာ အမျိုးသမီးငယ်များအနေဖြင့် သွားသတိ၊ လာသတိရှိသင့်သည်။ ညဘက်တွင် အလုပ်ကိစ္စဖြင့် အပြင်ကိုသွားရမည်ဆိုလျှင် တတ်နိုင်ပါက အဖော်ခေါ်သွား သင့်ပါသည်။ ဝတ်စားဆင်ယင်ရာတွင်လည်း လုံလုံခြုံခြုံရှိသော အဝတ်အစားများကို ဝတ်ဆင်သင့်ပေသည်။ အတို၊ အပြတ်၊ အကွဲ၊ အဟိုက် အဝတ်အစားများသည် ရာဇဝတ်မှုကို ဖိတ်ခေါ်သလို ဖြစ်နေတတ်ပါသည်။ လျှပ်ပေါ်လော်လည်သော အဝတ်အစားများကို ဝတ်ဆင်ထားမည်ဆိုလျှင် ညဉ့်ငှက်များနှင့် အထင်လွဲခံရတတ်ပါသည်။

**ပူးပေါင်းဆောင်ရွက်မှုလို**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ဖွဲ့စည်းထားသောအင်အားနှင့် အသုံးပြုနေရသော အထောက်အကူပြုပစ္စည်းများ အနေအထားအရ လူဦးရေ ၅၃ သန်းကျော်ကို လုံခြုံမှု အပြည့်အဝ ပေးနိုင်မည်မဟုတ်ချေ။ ဆိုရလျှင် ပရဟိတအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားများ များစွာလိုအပ်နေပါသေးသည်။ တာဝန်ရှိသော ပြည်သူများသာရှိနေမည်ဆိုလျှင် ရာဇဝတ်မှုများ၊ အထူးသဖြင့် သက်ငယ်မုဒိမ်းမှုများကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဟုထင်မိပါသည်။

ခြုံ၍တင်ပြရလျှင် မြန်မာနိုင်ငံတွင် သက်ငယ်မုဒိမ်းမှုများ၊ ကလေးငယ်များအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်သည့် သတင်းများကို မကြာခဏကြားသိလာရသည်။ ထို့ကြောင့် မိဘများသည် သမီးငယ်လေးများအတွက် စိုးရိမ်ပူပန်လာရသည်။ အထူးသဖြင့် သမီးငယ်လေးများကို တစ်ဦးတည်းထားရန် မသင့်တော့ပေ။ ထို့အပြင် အမျိုးသမီးငယ်များသည်လည်း ညဘက်တွင် အပြင်သို့ထွက်ရန်ပင် စိုးရိမ်ပူပန်လာကြသည်။ မိဘများကလည်း အလုပ်ကိစ္စဖြင့်ဖြင့် အပြင်ရောက်နေသော သမီးမိန်းကလေးများ အိမ်ပြန်နောက်ကြလျှင် ရင်တမမဖြင့် စိုးရိမ်ပူပန်နေကြရသည်။ တချို့သော မုဒိမ်းကောင်များသည် ကာမကို အတင်းအဓမ္မရယူကြသည့်အပြင် အသက်ကိုပင် သတ်ဖြတ်ခဲ့ကြသည်။ လူမဆန်သော လုပ်ရပ်များပင်ဖြစ်သည်။ ထိုသို့ လူမဆန်သူများကို တရားဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူပြီး ပြစ်ဒဏ်များ ချမှတ်သင့်ပါသည်။ မည်သို့ပင်ဆိုစေကာမူ မိဘများအနေဖြင့် မိမိ၏ သမီးမိန်းကလေးများ၊ အထူးသဖြင့် ကလေးငယ်များကို ပိုမိုဂရုစိုက်နိုင်ကြပါစေ။ ။

## ကောလာဟလများအကြားက ဟောလီဝုဒ်ကြယ်ပွင့်များ

**ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလီဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေအထဲက စိတ်ဝင်စားစရာအကောင်းဆုံး သတင်းတွေကို ရွေးချယ်ဖော်ပြလိုက်ပါတယ်။**

အေးပြည့်
စုစည်းသည်



# တေလာဆွစ်နဲ့ ကာလီကလော့စ်ရဲ့ ဇာတ်လမ်းကို စိတ်ဝင်စားနေတဲ့ ဂျနီဖာလောရန့်စ်

ဟောလီဝုဒ်ရဲ့ နာမည်ကျော် မင်းသမီးတစ်ဦးဖြစ်တဲ့ ဂျနီဖာလောရန့်စ်က ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ အခင်ဆုံးသူငယ်ချင်းတစ်ဦးဖြစ်တဲ့ မော်ဒယ်လ် ကာလီကလော့စ်အနေနဲ့ တေလာဆွစ်နဲ့ ဆက်ဆံရေး အဆင်မပြေဖြစ်ကာ စကားပြောဆိုခြင်းတောင်မရှိတဲ့ ကတ်တီပါရီနဲ့ တွဲဖက်ကာ ညစာအတူစားခဲ့ကြတဲ့ဖြစ်ရပ်အပေါ် သူလည်း စိတ်ဝင်စားနေကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။ ဒီလို ကတ်တီပါရီနဲ့ ကာလီကလော့စ်တို့ ညစာအတူစားခဲ့ကြပြီးနောက် ဟောလီဝုဒ်မီဒီယာတွေက ကာလီကလော့စ်အနေနဲ့ ခင်မင်ခဲ့ရတဲ့ သူငယ်ချင်းဟောင်း တေလာဆွစ်ရဲ့ဘက်ကနေ ကတ်တီပါရီဘက်ကို ကူးပြောင်းသွားပြီဖြစ်ကြောင်း ဝေဖန်ရေးသားမှုတွေ ရှိခဲ့ရာ ဒီဇာတ်လမ်းရဲ့ ဖြစ်ပျက်ခဲ့ပုံအစုံစုံကို ဂျနီဖာလောရန့်စ်က စိတ်ဝင်စားမိကြောင်း ပြောကြားခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက နယူးယော့စ်တိုင်းသတင်းစာမှာ ဖော်ပြချက်အရ လတ်တလောမှာ အသက်(၂၇)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျနီဖာလောရန့်စ်က တေလာဆွစ်နဲ့ ကာလီကလော့စ်တို့အကြားက အဖြစ်အပျက်ကို သူလည်း စိတ်ဝင်စားကြောင်း၊ လူတိုင်းလည်း စပ်စုတဲ့စိတ်နဲ့ သိချင်ကြမှာဖြစ်ကြောင်း ပြောကြားခဲ့တာဖြစ်တယ်လို့ ဖော်ပြခဲ့တာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၇ ရက်မှာတော့ ကာလီကလော့စ်ဟာ အခြားသောမိတ်ဆွေတွေနဲ့အတူ ကတ်တီပါရီနဲ့ လော့စ်အန်ဂျလိစ်က စားသောက်ဆိုင်တစ်ဆိုင်မှာ ညစာအတူစားခဲ့ကြတာကိုတွေ့ရပါတယ်။ ဒီလိုညစာစားပြီးနောက် အပေါ်ထပ်ဝရံတာမှာ လမ်းလျှောက်လာကြတဲ့ ကတ်တီပါရီနဲ့ ကာလီကလော့စ် အပါအဝင် အခြားသောသူတွေကို မီဒီယာတွေက ဓာတ်ပုံရိုက်ယူခဲ့ကြပါတယ်။ ယင်းဓာတ်ပုံတွေဟာ လတ်တလောမှာတော့ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့နေပြီး မီဒီယာစာမျက်နှာတွေပေါ်မှာလည်း နေရာယူထားတာကို တွေ့ရပါတယ်။

တေလာဆွစ်နဲ့ ကာလီကလော့စ်တို့ရဲ့ ဆက်ဆံရေးပြောင်းလဲသွားပြီလားဆိုတဲ့ဝေဖန်သံတွေဟာ ယခုလို မော်ဒယ်လ်အနေနဲ့ ကတ်တီပါရီနဲ့တွဲကာ မီဒီယာစာမျက်နှာပေါ်ရောက်လာကမှ ပထမဆုံးအကြိမ်တော့ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့နှစ်အတွင်းက ထွက်ရှိခဲ့တဲ့ တေလာဆွစ်ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Reputation"မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Look What You Made Me Do"ရဲ့ တေးဗီဒီယို စတင်ထုတ်လွှင့်ချိန်ကလည်း ပေါ်ထွက်ခဲ့ပါသေးတယ်။ ယင်းတေးဗီဒီယိုမှာတော့ တေလာဆွစ်က သူ့ကို ပရိသတ်အထူးအားပေးနှစ်သက်ခဲ့တဲ့ "You Belong With Me" တေးသီချင်းဗီဒီယိုက ပုံစံအတိုင်း ပြန်လည်ဝတ်ဆင်ရိုက်ကူးခဲ့တဲ့ အခန်းပါဝင်ပါတယ်။

ယခင်က တေလာဆွစ်က သူ့ရဲ့အကျႌပေါ်မှာ သူခင်မင်ရတဲ့ သူငယ်ချင်းတွေရဲ့အမည်ကို ရေးသားကာ ဝတ်ဆင် ရိုက်ကူးခဲ့တာဖြစ်ပြီး "Look What You Made Me Do" တေးဗီဒီယိုမှာ ဝတ်ဆင်ခဲ့တဲ့ တေလာဆွစ်ရဲ့ အကျႌပေါ်မှာတော့ တစ်ချိန်က ပါဝင်ခဲ့တဲ့ သူ့ရဲ့ သူငယ်ချင်း ကာလီကလော့စ်ရဲ့အမည်ဟာ ပါဝင်ခဲ့ခြင်းမရှိတော့တာကို ပရိသတ်တွေက သတိပြုမိခဲ့ကြပါတယ်။ ဒါကြောင့် ယင်းတေးဗီဒီယိုပေါ်ထွက်ချိန်မှာ အသက်(၂၅)နှစ်အရွယ် မော်ဒယ်လ် ကာလီကလော့စ်ဟာ တေလာဆွစ်ရဲ့ အရင်းနှီးဆုံးစာရင်းမှာ မပါဝင်တော့ကြောင်း ဝေဖန်သံတွေ ကျယ်လောင်ခဲ့ပါတယ်။

# ပြန်လည်လက်တွဲနေပြီလို့ သတင်းတွေထွက်လာတဲ့ ကတ်တီပါရီနဲ့ အော်လန်ဒိုဘလွန်း

တစ်ချိန်က ဟောလီဝုဒ်ရဲ့ ကျော်ကြားတဲ့ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား အော်လန်ဒိုဘလွန်းနဲ့ ပေ့ါပ်တေးသံရှင် ကတ်တီပါရီတို့ဟာ ပြီးခဲ့တဲ့နှစ်အတွင်း လမ်းခွဲခဲ့ကြတာဖြစ်ပါတယ်။ ဒီလို နှစ်ဦးသဘောတူ လမ်းခွဲလိုက်ကြတဲ့ ကြယ်ပွင့်တွေဟာ လတ်တလောမှာတော့ ပြန်လည်လက်တွဲခဲ့ပြီဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ ဒီလိုသတင်းတွေ ထွက်လာပြီးနောက်ပိုင်းမှာလည်း သူတို့နှစ်ဦးဟာ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ တစ်ဦးကို တစ်ဦး ရည်ရွယ်ထားတယ်လို့ ယူဆရတဲ့စာသားတွေကို ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာ ပေ့ါပ်ကြယ်ပွင့် ကတ်တီပါရီဟာ မောင်ဖြစ်သူရဲ့မင်္ဂလာပွဲကို တက်ရောက်ခဲ့ပါတယ်။ အဆိုပါအခမ်းအနားမှာ သတို့သမီးပစ်လိုက်တဲ့ မင်္ဂလာပန်းစည်းကို ကတ်တီပါရီက ဖမ်းယူရရှိခဲ့ပြီး ဒီအဖြစ်အပျက်တွေကို ကတ်တီပါရီက သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဗီဒီယိုဖိုင်တစ်ခုနဲ့ ဖော်ပြခဲ့ပါတယ်။ အောက်မှာတော့ ကတ်တီပါရီက သူဟာ ပန်းစည်းကို ဖမ်းမိခဲ့ပေမယ့် အချစ်က အဝေးကို ပြေးထွက်သွားခဲ့ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ ဒီစာသားတွေဟာ အော်လန်ဒိုဘလွန်းကို ရည်ရွယ်ကြောင်း အများက ဝေဖန်ခဲ့ကြပါတယ်။

ချစ်သူတွေအဖြစ် မခွဲအတူတွေ့ခဲ့ရပြီးနောက် များပြားလွန်းတဲ့ အနုပညာလှုပ်ရှားမှုတွေနဲ့ တစ်ဦးကိုတစ်ဦး အချိန်မပေးနိုင်ဖြစ်ကာ လမ်းခွဲလိုက်ကြတဲ့ ကြယ်ပွင့်စုံတွဲဟာ လမ်းခွဲပြီးနောက် ၁၁ လခန့်အကြာမှာတော့ ပြန်လည်တွေ့ဆုံကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဒီလိုပြန်လည်တွေ့ဆုံနေကြောင်းကိုတော့ ပေ့ါပ်ကြယ်ပွင့်နဲ့ ရင်းနှီးတဲ့သတင်းရင်းမြစ်တစ်ဦးက ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ အဆိုပါသတင်းရင်းမြစ်ရဲ့ ပြောကြားချက်အရ ကတ်တီပါရီဟာ အော်လန်ဒိုဘလွန်းနဲ့ လမ်းခွဲပြီးနောက် သူနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို မေ့ပစ်ဖို့ ကြိုးစားခဲ့ပေမယ့် သူ့ရဲ့သတင်းကို အမြဲနားစွင့်နေခဲ့မိကြောင်း၊ သံယောဇဉ်လည်း ဖြတ်လို့မရဖြစ်နေတာကြောင့် နောက်ပိုင်းမှာ နှစ်ဦးသားပြန်လည်ဆက်သွယ်ခဲ့တာဖြစ်ကြောင်းနဲ့ ဒီတစ်ကြိမ်မှာတော့ သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးနဲ့ပတ်သက်ပြီး လျှို့ဝှက်ကာ တိတ်တဆိတ်လက်တွဲလိုတာဖြစ်ကြောင်းလည်း သိရပါတယ်။

"Roar"တေးသီချင်းရဲ့ တေးသံရှင် ကတ်တီပါရီနဲ့ "Pirates of the Caribbean: Dead Men Tell No Tales" ရုပ်ရှင်ရဲ့ ဇာတ်ဆောင်မင်းသား အော်လန်ဒိုဘလွန်းတို့ဟာ ၂၀၁၆ ခုနှစ်အတွင်းမှာ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ စတင်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ရဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲအပြီးမှာ ကျင်းပခဲ့တဲ့ ပါတီမှာ သူတို့နှစ်ဦးဟာ ရင်းနှီးလွန်းတဲ့ဟန်ပေါ်နေတာကြောင့် ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေ စတင်ဖြစ်ပေါ်စေခဲ့ပြီး နောက်ပိုင်းမှာတော့ နှစ်ဦးသား အတူတွဲကာ တွေ့ခဲ့ရပါတော့တယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် မတ်လအတွင်းမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ကြတာပါ။ ဒါပေမယ့် လမ်းခွဲလိုက်ပြီးဖြစ်တဲ့ သူတို့နှစ်ဦးဟာ အဆက်အသွယ်ပြတ်တောက်သွားခဲ့ခြင်းမရှိဘဲ လတ်တလောမှာတော့ နောက်တစ်ကြိမ်ပြန်လည်လက်တွဲကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့တာလည်း ဖြစ်ပါတယ်။



# အချစ်ကရှုပ်ထွေးတယ်လို့ ထင်မိကြောင်း ရောဘတ်ပတ်တီဆန် ဖွင့်ဟ



သွေးစုပ်ဖုတ်ကောင်တွေအကြောင်း ရိုက်ကူးထားတဲ့ ဟောလီဝုဒ်ရဲ့ ကျော်ကြားတဲ့ဇာတ်လမ်းတွဲ "Twilight"မှာ အဓိကသရုပ်ဆောင်တွေအဖြစ် ပါဝင်ခဲ့ကြရင်း ချစ်သူတွေဖြစ်ခဲ့ကြတဲ့ ကြယ်ပွင့်စုံတွဲ ရောဘတ်ပတ်တီဆန်နဲ့ ခရစ်စတင်းစတူးဝပ်တို့ဟာ နှစ်နဲ့ချီကာ လက်တွဲခဲ့ကြပြီးနောက် လမ်းခွဲခဲ့ကြပါတယ်။ လမ်းခွဲပြီးနောက်မှာလည်း အချစ်သစ်တွေနဲ့ ကိုယ်စီခရီးဆက်ခဲ့ကြပေမယ့် လတ်တလောမှာတော့ သူတို့နှစ်ဦးကို လော့စ်အန်ဂျလိစ်က ဘားတစ်ခုမှာ အတူတွဲတွေ့ခဲ့ရကြောင်း ကောလာဟလတွေ စတင်ပေါ်ထွက်လာခဲ့ပါတယ်။ ဒီလိုသတင်းတွေ ထွက်လာခဲ့ပြီးနောက်မှာတော့ ရောဘတ်ပတ်တီဆန်က သူ့အနေနဲ့ ခရစ်စတင်းစတူးဝပ်နဲ့ လက်တွဲခဲ့ပြီးနောက် အချစ်ဟာ ရှုပ်ထွေးကြောင်း နားလည်သဘောပေါက်လာတယ်လို့ လတ်တလောမှာ ရင်ဖွင့်လာကြောင်း ဟောလီဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၆ ရက်မှာတော့ ရောဘတ်ပတ်တီဆန်ကို ဗရိုင်ရက်တီက သူ့ရဲ့ရုပ်ရှင်သစ်နဲ့ပတ်သက်ပြီး တွေ့ဆုံမေးမြန်းခဲ့တာဖြစ်ပါတယ်။ ရောဘတ်ရဲ့ ရုပ်ရှင်သစ် "Damsel"ဟာ အချစ်၊ ဟာသနဲ့ စွန့်စားခန်းတွေ ပါဝင်နေတဲ့ရုပ်ရှင်ဖြစ်ပြီး ဒီလိုတွေ့ဆုံစဉ်မှာတော့ ရောဘတ်ဟာ ရုပ်ရှင်နဲ့ ပတ်သက်ပြီး မီဒီယာတွေကို သူဖွင့်ဟခဲ့တဲ့ အချစ်အကြောင်းကိုပါ တစ်ပါတည်း ရင်ဖွင့်လာတာ ဖြစ်ပါတယ်။ ဒီလို ထုတ်ဖော်ပြောကြားခဲ့ရာမှာတော့ ရောဘတ်က သူ့ရဲ့ပုဂ္ဂိုလ်ရေးခံစားချက်အရ အချစ်ဟာ အလွန်ကို ရှုပ်ထွေးတယ်လို့ ခံစားရကြောင်း ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ရောဘတ်ပတ်တီဆန်နဲ့ ခရစ်စတင်းစတူးဝပ်တို့ဟာ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ လေးနှစ်နီးပါး ချစ်သူတွေအဖြစ် တွဲခဲ့ကြသူတွေပါ။ ဒါပေမယ့် သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးကို ပြတ်တောက်သွားစေတာကတော့ ခရစ်တင်းဟာ သူခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ထားတဲ့ ရုပ်ရှင် "Snow White and the Huntsman"ရဲ့ ဒါရိုက်တာ ရုပ့်ါထ်ဆန်ဒါနဲ့ တွဲခဲ့တာကြောင့် ဖြစ်ပါတယ်။

# တနင်္သာရီတံတားသစ်တည်ဆောက်နေမှု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

**တနင်္သာရီ ဖေဖော်ဝါရီ ၁၈**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ဝန်ကြီးများ၊ တနင်္သာရီ မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီက ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေး အဖွဲ့(၄)မှ တာဝန်ယူ၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည့် တနင်္သာရီတံတားသစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တနင်္သာရီတံတားစီမံကိန်း အဖွဲ့(၄)ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာ၌ တံတားတည်ဆောက်ရေးအဖွဲ့(၄)မှ စီမံကိန်းတာဝန်ခံ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မျိုးထွန်းက တနင်္သာရီတံတားသစ်ဆောက်လုပ်မည့် အစီအမံများနှင့်လက်ရှိဆောင်ရွက်နေမှုများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက တံတားအရည်အသွေး ကောင်းမွန်ရေး၊ ကြံ့ခိုင်မှုရှိရေးနှင့် သတ်မှတ်ကာလ ပြီးစီးနိုင်ရေး လမ်းညွှန်မှာကြားသည်။

အဆိုပါတံတားတည်ဆောက်ခြင်းကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏(၂၀၁၇-၂၀၁၈)ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်သန်း ၆၀၂၀ ဖြင့်သံမဏိသံပေါင်တံတား ဖြစ်ပြီး တံတားအရှည်မှာ ချဉ်းကပ်လမ်းအပါအဝင် ၁၄၄၃ ပေ၊ တံတားအကျယ် ၃၄ ပေ ၆ လက်မ၊ ချဉ်းကပ်တံတားမှာ R.C/O.CGkrder & R.C Concrete၊ မြစ်ရေကင်းလွတ်အမြင့်မှာ ၁၉ ပေ ၆ လက်မ၊ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ လူသွားလမ်းအကျယ်မှာ သုံးပေစီဖြစ်ပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ ၇၅ တန်အထိ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်၍ တံတားတည်ဆောက်ရေးအဖွဲ့(၄)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မျိုးထွန်းမှ စီမံကိန်းတာဝန်ခံအဖြစ်တာဝန်ယူဆောင်ရွက်ကာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းအောင်က အနီးကပ်ကြီးကြပ်၍ တည်ဆောက်လျက်ရှိကြောင်းနှင့် ပြည်သူများအသုံးပြုနိုင်မည့် ခန့်မှန်းရက်မှာ ၃၁ - ၃ - ၂၀၂၀ ဖြစ်ကြောင်း အဆိုပါတံတားတည်ဆောက်ရေးအဖွဲ့(၄)ထံမှ သိရသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးအား ဒေသခံများက လျှပ်စစ်မီတာခဈေးနှုန်းမြင့်တက်နေမှုနှင့် မြို့တွင်းစည်ပင်သာယာလမ်းများအတွင်း လမ်းတိုးချဲ့ရာတွင် လျှပ်စစ်ဓာတ်တိုင်များ လမ်းအတွင်းသို့ရောက်ရှိနေမှုများနှင့်ပတ်သက်၍တင်ပြမှုများကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**



# နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း တိုးတက်စေရေး မြဝတီမြို့၌ စက်ဘီးစီးပွဲတော် စည်ကားစွာကျင်းပ

**မြဝတီ ဖေဖော်ဝါရီ ၁၈**
မြန်မာ-ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို အခွန့်ရှည်တည်တံ့ခိုင်မြဲစေရန်၊ နှစ်နိုင်ငံ ပြည်သူများ၊ ကျောင်းသားလူငယ်များ အချင်းချင်း ပေါင်းသင်းဆက်ဆံတတ်ပြီး တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှုစိတ်ဓာတ်များရှိလာစေရန်၊ အခက်အခဲများကို အတူတကွပေါင်းစပ်ညှိနှိုင်းဆောင်ရွက်တတ်စေရန်နှင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပိုမိုတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် (၁၉) ကြိမ်မြောက် မြန်မာ-ထိုင်းချစ်ကြည်ရေး စက်ဘီးစီး ပွဲတော် ဖွင့်ပွဲအခမ်းအနားကို မြဝတီမြို့ အမှတ်(၁) ချစ်ကြည်ရေး တံတားပေါ်တွင် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၇ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် နှစ်နိုင်ငံတာဝန်ရှိသူများသည် ချစ်ကြည်ရေးတံတားပေါ်မှ စက်ဘီးစီးနင်းပြီး ချစ်ကြည်ရေးတံတားထိပ်မှ စက်ဘီးစီးနင်းသူများအား ကြည့်ရှုအားပေးခဲ့သည်။ စက်ဘီးစီးနင်းသူများသည် ချစ်ကြည်ရေးတံတားမှ မြို့အဝင်ဆိုင်းဘုတ်အထိ၊ ထိုမှတစ်ဆင့် မဟာကနကရွှေစေတီသို့ ပျော်ရွှင်စွာ စီးနင်းပြီး စက်ဘီးစီးနင်းသူများအား ကံစမ်းမဲများဖောက်ခြင်း၊ ပဒေသာအကများဖြင့် ဖျော်ဖြေပေးခဲ့ကြသည်။

အဆိုပါ စက်ဘီးစီးနင်းပွဲတော်ကို မြဝတီခရိုင်ကုန်သည်ကြီးများအသင်းနှင့် ထိုင်းနိုင်ငံကုန်သည်ကြီးများအသင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ထိုင်းနိုင်ငံမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူ စက်ဘီးစီးနင်းသူ ၁၂၀၀၊ မြဝတီမြို့မှ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ ၄၅၀ စုစုပေါင်း စက်ဘီးစီးနင်းသူဦးရေ ၁၆၅၀ ဖြင့် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်နှင့် ဌာနဆိုင်ရာများ၊ ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ တာ့(ခ်)ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာစုံချိုင်းနှင့် ထိုင်းနိုင်ငံမှ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ဝိုင်းမော်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကချင်ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၈**
ကချင်ပြည်နယ် မြစ်ကြီးနားနည်းပညာတက္ကသိုလ် ကျောင်းဝင်းအတွင်း လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် ဝိုင်းမော်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားနည်းပညာတက္ကသိုလ်၌ ကျောင်းအုပ်ဆရာကြီး ဒေါက်တာမြတ်သူ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး ကျောင်းအုပ်ကြီးက ပညာသင်ကြားနိုင်မှုအခြေအနေများ၊ ကျောင်းဝင်းအတွင်း တိုးချဲ့ကျောင်းဆောင်များ ဆောင်ရွက်နိုင်သည့် အခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းဝင်းဧရိယာအား ကွင်းဆင်းတိုင်းတာစိစစ်၍ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရေးနှင့် ကျောင်းဝင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် ကြိုတင်ကာကွယ်ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ယင်းနောက် ဝိုင်းမော်မြို့နယ် မုတ်ကြိုတ်ကျေးရွာရှိကချင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းဝင်းအတွင်း (၃၈) ကြိမ်မြောက် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC)၏ သင်းလုံးကျွတ်အစည်းအဝေး ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီနိုင်ရေးအတွက် KBC ဥက္ကဋ္ဌနှင့် အစည်းအဝေးဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်းလုံးကျွတ် အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ အစည်းအဝေးပွဲကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားသည့် ဧည့်သည်အိပ်ဆောင်များ၊ စားသောက်ဆိုင်ခန်းများနှင့် အစည်းအဝေးခန်းမ ဆောင်ဆောက်လုပ်နေမှုကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဝိုင်းမော်မြို့ရပ်ကွက်(၃)၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောက်လုပ်လျက်ရှိသည့် အရှည်ပေ ၅၀၊ အကျယ်ပေ ၂၀ ရှိ သံကူကွန်ကရစ် ဂမန်ဆုံချောင်းကူးတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



ဒေါပုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးမြင့်အောင်၊ စခန်းမှူး ဒုရဲမှူး ထွန်းထွန်းနိုင်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီက ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် ပေ ၈၀ လမ်းပေါ်၌ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေးတို့ကို ပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဒေါပုံထင်ကျော်**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး

**လှည်းကူး ဖေဖော်ဝါရီ ၁၈**
လှည်းကူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သောင်းငွေ၊ ဒါးပိန်နယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးသက်ထွန်း၊ အမှတ် (၆၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်သိန်းသန်းထိုက်တို့သည် လှည်းကူးမြို့နယ် ဒါးပိန်တောင်ကျေးရွာအုပ်စုရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ဒါးပိန်တောင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် ကျေးရွာနေပြည်သူ ၇၅ ဦးခန့်အား ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၅ နာရီက မှုခင်းပညာပေးဟော ပြောခြင်း၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

# လူထုဗဟိုပြုစီမံကိန်းဖြင့်ဆောင်ရွက်ပြီးစီးသွားသည့် တံတားနှင့်ကွန်ကရစ်လမ်းဖွင့်

**မိုးကောင်း ဖေဖော်ဝါရီ ၁၈**
မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်း ဒုတိယနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသွားသည့် တံတားနှင့် ကွန်ကရစ်လမ်းများ ဖွင့်လှစ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်၁၀နာရီက ကုန်းတန်းကြီး ကျေးရွာအုပ်စု လေသာကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်း ဒုတိယနှစ်စက်ဝန်းတွင် လေသာကုန်းကျေးရွာ၌ စီမံကိန်းငွေကျပ်သိန်း ၁၄၀ အကုန်အကျခံ၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ စတင်ကာ ကျေးရွာတွင်းအရှည် ပေ ၅၅၀ ရှိ ကွန်ကရစ်လမ်းခင်းခြင်းနှင့် Box Culvert တံတားငယ်လေးစင်းတို့ကို ခင်းကျင်းနိုင်ခဲ့ကာ မိုးကောင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းဖြင့် လမ်းတံတားများ ပြင်ဆင်ဖြည့်ဆည်းပေးခြင်း၊ သောက်သုံးရေသန့်ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။ အခမ်းအနားသို့ ကျေးရွာနေပြည်သူအင်အား ၁၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**

# ပင်လယ်ငါးထက်များလာမယ့် ပလတ်စတစ်

■ စောမိုးမြင့်(သတ္တုတွင်း)



“မိနစ်တိုင်းမှာ ပလတ်စတစ် အမှိုက်ကား တစ်စီးစာဟာ ချောင်းတွေ၊ မြစ်တွေကတစ်ဆင့် ပင်လယ်သမုဒ္ဒရာထဲ စွန့်ပစ်ခံနေကြရပါတယ်၊ ဒီမိနစ်တိုင်း ကားတစ်စီးရဲ့ ပမာဏဟာ တစ်နှစ်ကို ရှစ်ဘီလီယံတန်နဲ့ ညီမျှပြီး ပလတ်စတစ်အမှိုက်ရဲ့ ၉၀ ရာခိုင်နှုန်းဟာ ကမ္ဘာ့အထင်ကရ မြစ်ကြီး ၁၀ စင်းက မျောပါလာပါတယ်၊ မြစ်ကမ်းများ တစ်လျှောက် လူဦးရေ ထူထပ်စွာ နေထိုင်ကြခြင်းဟာ ဒီအမှိုက်တွေ ဖြစ်ပေါ်လာရခြင်းရဲ့ အဓိကအကြောင်းရင်းဖြစ်ပါတယ်”လို့ ဂျာမနီနိုင်ငံ Helmholtz Centre သဘာဝပတ်ဝန်းကျင် သုတေသနဌာနက Herr Christian Schmidt က VOA ဌာနနဲ့ ဆွေးနွေးခန်းတစ်ခုမှာ ပြောခဲ့ပါတယ်။ ဒီမြစ်ကြီး ၁၀ စင်းကတော့ အာဖရိကတိုက်က အထင်ကရဖြစ်တဲ့ နိုင်းလ်(Nile)နဲ့ နီဂါ (Niger)မြစ်နှစ်စင်းဖြစ်ပြီး ကျန်တဲ့ ရှစ်စင်းကတော့ အာရှတိုက် အိန္ဒိယက ဂင်္ဂါမြစ် (Garges)၊ အိန္ဒုမြစ်(Indus)၊ တရုတ်ပြည်က မြစ်ဝါမြစ်(Yellow)၊ ယန်ဇီမြစ်(Yangtze) နဲ့ အမူးမြစ်(Amur)တို့ပဲ ဖြစ်ကြပါတယ်။ အခုဖော်ပြတဲ့ ပလတ်စတစ်အမှိုက်တွေဟာ မြစ်ရေတွေနဲ့ မျောပါလာတာတွေသာဖြစ်ပြီး မြစ်အသီးသီးရဲ့ ရေဝေရေလဲတွေ၊ ရေတိမ်ဒေသတွေမှာ ဘယ်လောက်ကျန်ခဲ့တယ်ဆိုတာကို ဘယ်သူမှ ခန့်မှန်းလို့မရပါဘူး။

ကမ္ဘာ့ဒေသအသီးသီးက တိုးတက်ဖွံ့ဖြိုးလာတာနဲ့အမျှ ပလတ်စတစ်လို စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဟာလည်း အရေးပါလာကြောင်း ဒီစွန့်ပစ် ပလတ်စတစ်တွေက မီးမောင်းထိုးပြနေပါတယ်။ ဒီပြဿနာတွေကို ဖွံ့ဖြိုးစနိုင်ငံတွေမှာ ကြုံတွေ့ရသလို အဘက်ဘက်က တိုးတက်နေတဲ့ ဂျာမနီလို နိုင်ငံတွေမှာလည်း လိုအပ်ချက်ရှိနေဆဲပါပဲ။ ပင်လယ်သမုဒ္ဒရာတွေထဲ တိုးပွားလာတဲ့ ပလတ်စတစ်စွန့်ပစ်မှုဟာ ရေနေသတ္တဝါတွေရဲ့ ဂေဟစနစ်နဲ့ အသက်ရှင်နေထိုင်မှုကို တစ်နေ့ထက်တစ်နေ့ ခြိမ်းခြောက်လာပါတယ်။ အထူးသဖြင့် ကော့စမစ်တစ်လို အလှကုန်ထဲပါတဲ့ မိုက်ခရိုပလတ်စတစ်တွေကို စားသုံးမိတဲ့ လူတွေရဲ့ ပင်လယ်စာတွေထဲမှာ ဒီသေးငယ်တဲ့ ပလတ်စတစ် အစပေါင်း တစ်သောင်းခန့် တွေ့ရှိတယ်လို့ ဘယ်လ်ဂျီယံက Ghent တက္ကသိုလ်ရဲ့ သုတေသနထဲမှာ ဖော်ပြထားပါတယ်။

ယနေ့ ကမ္ဘာအနှံ့သုံးစွဲနေတဲ့ ပလတ်စတစ်ရဲ့ ငါးရာခိုင်နှုန်းကိုသာ ပြန်သုံးနိုင်ပါသေးတယ်။ ၂၀၁၅ ခုနှစ်မှာ သုံးစွဲခဲ့တဲ့ ပလတ်စတစ်ရဲ့ ပမာဏခန့်မှန်းတန်ချိန် ၃၂၂ သန်း ရှိပြီး လာမယ့် ၂၀၅၀ ပြည့်နှစ်မှာ ငါးဆ တိုးလာလိမ့်မယ်လို့ သုတေသီ Herr Schmidt က ခန့်မှန်းထားပြီး ပလတ်စတစ် သန့်ရှင်းရေးကို စမ်းသပ်တွေ့ရှိလာလိမ့်မယ်လို့ မျှော်လင့်ကြောင်း ပြောကြားခဲ့ပါတယ်။

ကမ္ဘာ့သမုဒ္ဒရာတွေရဲ့ ရေပြင်အနှံ့မှာ ဒီပလတ်စတစ်အမှိုက်တွေဟာ ပျံ့နှံ့လွင့်မျောနေပြီး ပစိဖိတ်သမုဒ္ဒရာအလယ်မှာ ဧရာမ ကျွန်းမျောကြီး ဖြစ်နေပါတယ်။ သမုဒ္ဒရာရေလှိုင်းက အရှိန်ပြင်းပြင်းနဲ့ ရိုက်ခတ်လိုက်ရင် ဒီကျွန်းမျောရဲ့ အစိတ်အပိုင်းအချို့ဟာ ပင်လယ်

**❝ တကယ်လို့ ဒီပလတ်စတစ်အမှိုက်တွေကို စုစည်းလို့ရရင် ကမ္ဘာ့သမုဒ္ဒရာတွေနဲ့ ကုန်းပိုင်းမြေကို ပိုင်းခြားနိုင်မယ့် တံတိုင်းရှည်ကြီးတစ်ခု တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ လက်ရှိ ထုတ်လုပ်သုံးစွဲတဲ့နှုန်းအတိုင်း ဆက်လက်ထုတ်လုပ်သုံးစွဲနေမယ်ဆိုရင် လာမယ့် ၂၀၅၀ ခုနှစ်မှာ ပင်လယ်သမုဒ္ဒရာအတွင်းမှာရှိတဲ့ ငါးတန်ချိန် ပမာဏထက် ပလတ်စတစ်အမှိုက်ရဲ့ပမာဏဟာ ကျော်လွန်သွားနိုင်တယ်လို့ သုတေသီများက သုံးသပ်ထားပါတယ်။**

ရေလှိုင်းနဲ့ အဝေးကို လွင့်မျောသွားပြီး လူအများ အပန်းဖြေတဲ့ ပင်လယ်ကမ်းခြေတွေနဲ့ သမုဒ္ဒရာထဲ ထီးထီးတည်ရှိနေတဲ့ ကုန်းတွေပေါ် ရောက်ရှိသွားကြလို့ ဒီပလတ်စတစ်အမှိုက်တွေကို စီမံချက်နဲ့ အခါအားလျော်စွာ ရှင်းလင်းနေကြရပါတယ်။ ပင်လယ်ထဲ မျောနေတဲ့ ပလတ်စတစ်အမှိုက်တွေကို အစာအမှတ်နဲ့ စားမိတဲ့ ကမ္ဘာ့ပင်လယ်လိပ်ကောင်ရေ တစ်ဝက်ကျော်နဲ့ ပင်လယ်ပျော်ငှက် တော်တော်များများရဲ့ အစာအိမ်ထဲ ရောက်ရှိသွားပါတယ်။

တကယ်လို့ ဒီပလတ်စတစ်အမှိုက်တွေကို စုစည်းလို့ရရင် ကမ္ဘာ့သမုဒ္ဒရာတွေနဲ့ ကုန်းပိုင်းမြေကို ပိုင်းခြားနိုင်မယ့် တံတိုင်းရှည်ကြီးတစ်ခု တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ လက်ရှိ ထုတ်လုပ်သုံးစွဲတဲ့နှုန်းအတိုင်း ဆက်လက်ထုတ်လုပ်သုံးစွဲနေမယ်ဆိုရင် လာမယ့် ၂၀၅၀ ပြည့်နှစ်မှာ ပင်လယ်သမုဒ္ဒရာအတွင်းမှာရှိတဲ့ ငါးတန်ချိန် ပမာဏထက် ပလတ်စတစ်အမှိုက်ရဲ့ ပမာဏဟာ ကျော်လွန်သွားနိုင်တယ်လို့ သုတေသီများက သုံးသပ်ထားပါတယ်။ သုတေသီတွေရဲ့ သုံးသပ်ချက်အရ ကမ္ဘာတစ်ဝန်း ပလတ်စတစ်သုံးစွဲမှုဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ အထက် အဆ ၂၀ တိုးမြင့်လာခဲ့ပြီး လာမယ့် ၂၀၅၀ ပြည့်နှစ်မှာ ၂၀၁၄ ခုနှစ်ထက် သုံးဆ တိုးမြင့်လာနိုင်ကြောင်း ဖော်ပြထားပါတယ်။ ဒါ့ကြောင့်မို့ ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ် (United Natians Environment programme)ကို တက်ရောက်ခဲ့တဲ့ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံက ပလတ်စတစ်လျှော့သုံးရေး၊ ပင်လယ်သမုဒ္ဒရာတွေထဲ ပလတ်စတစ်စွန့်ပစ်မှုကို တားဆီးရေး သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါတယ်။

နိုင်ငံပေါင်း ၂၀၀ မြောက်တဲ့ နိုင်ငံအနေနဲ့ လက်မှတ်ရေးထိုးခဲ့တဲ့ ဗြိတိန်နိုင်ငံအနေနဲ့ ပလတ်စတစ်လျှော့ချသုံးစွဲရေးကို ရည်ရွယ်ပြီး ပလတ်စတစ်အိတ်သုံးစွဲမှုအပေါ် အခွန်ငွေ ငါးပဲနို စတင်ကောက်ခံနေပါပြီ။ အလားတူပဲ ပလတ်စတစ်ထုတ်လုပ်တဲ့ ကော်စေ့ထုတ်လုပ်မှုကိုလည်း ကန့်သတ်ထားပါတယ်။ ဝန်ကြီးချုပ် ထရီဇာမေကလည်း နိုင်ငံခြားမှ ဝင်လာမယ့် ထောက်ပံ့ငွေတွေကို ပလတ်စတစ်ကြောင့် ဖြစ်ပေါ်လာတဲ့ ညစ်ညမ်းမှုတွေကို လျှော့ပါးရေးစီမံကိန်းတွေမှာ သုံးစွဲဖို့ တိုက်တွန်းထားပါတယ်။ ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ်မှ လက်မှတ်ရေးထိုးထားကြတဲ့ နိုင်ငံပေါင်း ၂၀၀ က ပလတ်စတစ်အမှိုက်တွေကို သိမ်းဆည်းနိုင်သမျှ သိမ်းဆည်းဖို့၊ ပြန်သုံးလုပ်ဖို့၊ တစ်ကြိမ်ထက်မက ပြန်သုံးနိုင်မယ့် ပလတ်စတစ်မှအပ ထုပ်ပိုးပစ္စည်းတွေ စမ်းသပ်သုံးစွဲဖို့နဲ့ ပလတ်စတစ်အမှိုက်တွေကို ပင်လယ်သမုဒ္ဒရာထဲ မဝင်ရောက်နိုင်ဖို့ အစီအမံတွေကို စတင်လုပ်ကိုင်နေကြပါပြီ။

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော် ရန်ကုန်မြို့အပါအဝင် မြို့တွေမှာ ရေမြောင်းထဲ စွန့်ပစ်ကြတဲ့ ပလတ်စတစ်အမှိုက်တွေကြောင့် ရေမြောင်းတွေပိတ်ဆို့ပြီး ရေကြီးရေလျှံမှုတွေနဲ့ ကြုံတွေ့နေရတာကို အစိုးရအနေနဲ့ နည်းလမ်းပေါင်းစုံနဲ့ ဖြေရှင်းဆောင်ရွက်နေတာကို သတင်း၊ မီဒီယာတွေမှာ ဖတ်ရှုကြည့်မြင်သိရှိရပါတယ်။ ပရဟိတအဖွဲ့အစည်းတွေကလည်း စေတနာထားပြီး ပလတ်စတစ်အမှိုက်တွေ ကောက်နေတာကိုလည်း နေ့စဉ် တွေ့မြင်ရပါတယ်။ ဒါပေမယ့် ဒီပလတ်စတစ် အမှိုက်တွေဟာ လျော့ပါးသွားခြင်းမရှိတဲ့ စွန့်ပစ်မြဲတိုင်း စွန့်ပစ်နေတာကို တွေ့ရှိနေရပါတယ်။ ကမ္ဘာတစ်ဝန်း ပလတ်စတစ်အမှိုက် လျှော့ပါးကင်းစင်ရေး ဆောင်ရွက်နေချိန်မှာ မြန်မာနိုင်ငံအနေနဲ့ အစိုးရ၊ ပြည်သူ၊ ပရဟိတအဖွဲ့အစည်းများ တက်ညီလက်ညီ ပူးပေါင်းပါဝင်နိုင်ဖို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# မြန်မာနိုင်ငံ၏ ပထမဦးဆုံး မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းပြီးစီးပါက အိမ်ထောင်စုပေါင်း ၂၁၀၀၀၀ ကို လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာနိုင်ငံတွင် ပထမဦးဆုံး စတင်အကောင်အထည်ဖော် တည်ဆောက်သည့် မင်းဘူး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း (၁၇၀ မဂ္ဂါဝပ်)ပြီးစီးပါက အိမ်ထောင်စုပေါင်း ၂၁၀၀၀၀ ကို လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရပြီး စီမံကိန်းတစ်ခုလုံးကို ၂၀၂၁ ခုနှစ်တွင် ပြီးစီးရန် လျာထားကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ဓာတ်အားပေးစက်ရုံ စီမံကိန်း စတင်အကောင်အထည်ဖော် တည်ဆောက်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပခဲ့ပြီး စီမံကိန်းကို အဆင့် လေးဆင့်ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းပြီးစီးပါက မကွေးတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အား သုံးစွဲသူများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး သုံးစွဲ၍ ပိုလျှံသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော် ဓာတ်အားစနစ်မှတစ်ဆင့် အခြားဓာတ်အား မရရှိသေးသည့် ဒေသများသို့ ပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်း ပထမအဆင့်မှ တတိယအဆင့်အထိ မဂ္ဂါဝပ် ၄၀ စီ အဆင့်ဆင့် တည်ဆောက်သွားမည်ဖြစ်ပြီး စတုတ္ထအဆင့်တွင် မဂ္ဂါဝပ် ၅၀ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်း တည်ဆောက်နေမှုနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ အုပ်ချုပ်မှုလက်အောက်ရှိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက “စီမံကိန်းတစ်ခုလုံးကို ၂၀၂၁ ခုနှစ်မှာ ပြီးစီးဖို့ လျာထားပါတယ်၊ စီမံကိန်း ပထမအဆင့် မဂ္ဂါဝပ် ၄၀ ကို ၂၀၁၈ ခုနှစ်မှာ ပြီးစီးအောင်၊ စီမံကိန်း ဒုတိယ



၁၁ ကေဗွီလိုင်းနှင့် သုည ဒသမ ၄ ကေဗွီလိုင်း တည်ဆောက်ထားမှုကို တွေ့ရစဉ်။

အဆင့် မဂ္ဂါဝပ် ၄၀ ကို ၂၀၁၉ ခုနှစ်မှာ ပြီးစီးအောင်၊ စီမံကိန်း တတိယအဆင့် မဂ္ဂါဝပ် ၄၀ ကို ၂၀၂၀ ခုနှစ်မှာ ပြီးစီးအောင်၊ စီမံကိန်း စတုတ္ထအဆင့် မဂ္ဂါဝပ် ၅၀ ကို ၂၀၂၁ ခုနှစ်မှာ ပြီးစီးအောင် တည်ဆောက်သွားဖို့ အသီးသီး လျာထားပါတယ်။

“စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်နေမှုနဲ့ ပတ်သက်တဲ့ စီမံကိန်းမြေနေရာ ရှင်းလင်းခြင်း၊ စီမံကိန်းအဝင်လမ်း ဖောက်လုပ်ခြင်း၊ ထွက်ရှိလာတဲ့ ဓာတ်အားတွေ ပို့လွှတ်မယ့် ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ၁ ဒသမ ၃ မိုင် တည်ဆောက်ခြင်း၊ စီမံကိန်းလုပ်ငန်းသုံး ဓာတ်အားရယူရန်အတွက် ၁၁ ကေဗွီလိုင်း ၁၅ ဒသမ ၅ မိုင်နှင့် သုည ဒသမ ၄ ကေဗွီလိုင်း သုံးမိုင် တည်ဆောက်ခြင်း၊ စက်ရုံအတွက် လိုအပ်တဲ့ရေရရှိဖို့ Underground Tube Well သုံးခု တူးဖော်ခြင်း စတဲ့လုပ်ငန်းတွေ အားလုံး ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါတယ်၊ စီမံကိန်း ပထမအဆင့် မဂ္ဂါဝပ် ၄၀ တည်ဆောက်ဖို့ လိုအပ်တဲ့ မြေသားပြုပြင်ခြင်းနဲ့ Solar Panel ၁၅၉၄၈၀ ကို လုပ်ငန်းခွင်သို့ ရောက်ရှိနေရာချထားပြီးတော့ ကျန်ရှိတဲ့ စီမံကိန်း ပထမအဆင့် တည်ဆောက်ရေးလုပ်ငန်းတွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်”ဟု ပြောကြားသည်။

**ရှင်မင်း**

**UNIQUE** TRAVELS & TOURS CO., LTD.

# UNIQUE STAR TRAVELS & TOURS CO., LTD.

သင်္ကြန် ခရီးစဉ်များ

Hanoi - Halong Bay ($ 350)
Mar: 1, 2, 10, 23, 24

Bangkok - Pattaya ($ 350)
Mar: 1, 10, 23, 24

BaNa Hill - Halong Bay ($ 550)
Mar: 2, 10, 23, 24

Phuket / ChinMai - Bangkok ($ 550)
Mar: 2, 10, 23, 24

Hochiminh - Nhatrang - Dalat
Mar: 10, 24 ($ 399)

Singapore
Mar: 2, 10, 23 ($ 599)

Vietnam - Cambodia
Mar: 2, 24 ($ 650)

Bali / Bali - Borobudur
Mar: 24 ($ 699 / 899)

Bangkok - Pattaya (5 Days)
Apr: 11, 12, 13, 14 ($ 450)

Phuket / ChinMai - Bangkok (5 Days)
Apr: 11, 12, 13, 14 ($ 850 / 750)

Hanoi - Halong (4 Days)
Apr:10, 12, 14, 17 ($ 550)

BaNa Hill - Halong (5 Days)
Apr:10, 12, 14 ($ 750)

Vietnam - Cambodia (6 Days)
Apr: 10, 13 ($ 850)

Nhatrang - Dalat (5 Days)
Apr: 10, 13 ($ 550)

Singapore (4 Days)
Apr: 10, 11, 14 ($ 750)

Singapore - Bali (7 Days)
Apr: 10, 14 ($ 1350)

Europe (9 C) (14 Days)
Apr: 9, 12 ($ 3600)

America (14 Days)
Apr: 7, 9, 10 ($ 3600)

Europe (4 C) (10 Days)
Apr: 11 ($ 2900)

Japan (9 Days)
Apr: 10, 11, 13, 14 ($ 2700)

Korea (9 Days)
Apr: 10 ($ 1650)

Beijing - HongKong (10 Days)
Apr: 10 ($ 1900)

Sin - Malay (7 Days)
Apr: 10, 13, 14 ($ 1200)

Bali - Borobudur (6 Days)
Apr: 10, 13, 14 ($ 1150)

70/A, Kabaaye Pagoda Rd, Bahan Tsp.Ph: 09 540 1568, 09 540 1569, 09 514 8079, 09 200 6409. Facebook: Unique Star Travels and Tours. Viber: 09 760 858585 / 766 858585

# ဂန္ဓဝင်ရွှေပုဂံ Travel & Tours

"သင်္ကြန်ခရီးစဉ်များ"

| | | |
|---|---|---|
| ဗန်ကောက် | (၅/၆) ရက် | USD 680 |
| ဖူးခက် | (၂/၃) ရက် | USD 680 |
| စင်ကာပူ | (၃/၄) ရက် | USD 850 |
| စင်ကာပူ + မလေးရှား | (၆/၇) ရက် | USD 1350 |
| ဘာလီ | (၅/၆) ရက် | USD 1000 |
| ဘာလီ+ဗောရောဗုဒ္ဓ | (၅/၆) ရက် | USD 1400 |
| စင်ကာပူ+ဘာလီ | (၆/၇) ရက် | USD 1450 |
| ကမ္ဘောဒီးယား | (၃/၄) ရက် | USD 550 |
| ကတ်ချမီးယား+မွန်ဘိုင်း | (၈/၉) ရက် | USD 1590 |
| ဗုဒ္ဓဂယာ (ရိုးရိုး) | (၁၄/၁၅)ရက် | ၁၂ သိန်း |
| ဗုဒ္ဓဂယာ (ဟိုတယ်) | (၇/၈) ရက် | USD 1100 |
| သီရိလင်္ကာ | (၆/၇) ရက် | USD 1350 |
| ထိုင်ဝမ် | (၅/၆) ရက် | USD 1400 |
| စီအမ် + ချန်ဒူး+Mt.Emei+Leshan | (၆/၇) ရက် | USD 1800 |
| ဟောင်ကောင် + ကွမ်ကျိုး + မကာအို | (၅/၆) ရက် | USD 1600 |
| ပီကင်း + ရှန်ဟိုင်း + ဟန်ကျိုး+စူးကျိုး | (၆/၇) ရက် | USD 1590 |
| ပီကင်း+ရှန်ဟိုင်း+ဟောင်ကောင် | (၇/၈) ရက် | USD 1980 |
| ကိုရီးယား | (၆/၇) ရက် | USD 2000 |
| ဂျပန် | (၇/၈) ရက် | USD 2750 |
| ဂျပန်(ဟော့ကိုင်းဒိုးအပါအဝင်) | (၇/၈) ရက် | USD 3200 |
| ရုရှား | (၇/၈) ရက် | USD 2900 |
| ဂရိ + ဆန်တိုရိနီကျွန်း | (၉/၁၀) ရက် | USD 3800 |
| ဒူဘိုင်း+အဘူဒါဘီ + အယ်အိန်း | (၅/၆) ရက် | USD 1900 |
| စပိန် + ပေါ်တူဂီ | (၁၀/၁၁) ရက် | USD 3950 |
| ဥရောပ (၃) နိုင်ငံ | (၉/၁၀) ရက် | USD 3500 |
| ဥရောပ (၅) နိုင်ငံ | (၁၁/၁၂) ရက် | USD 3900 |
| ဥရောပ (၇) နိုင်ငံ | (၁၅/၁၆) ရက် | USD 4600 |
| အရှေ့ဥရောပ (၅) နိုင်ငံ | (၁၀/၁၁) ရက် | USD 3700 |
| အရှေ့ဥရောပ (၆) နိုင်ငံ | (၁၃/၁၄) ရက် | USD 4200 |
| စကင်းနေဗီးယား (၄) နိုင်ငံ | (၉/၁၀) ရက် | USD 3900 |
| စကင်းနေဗီးယား (၅) နိုင်ငံ | (၁၁/၁၂) ရက် | USD 4600 |
| အင်္ဂလန် + ဥရောပ | (၁၄/၁၅) ရက် | USD 4900 |
| အင်္ဂလန်+စကော့တလန်+ဝေးလ်ပြည်နယ် | (၁၀/၁၁) ရက် | USD 3800 |
| အမေရိကန် (East+West) | (၁၂/၁၃) ရက် | USD 4000 |
| အမေရိကန် (East+West+Hawaii) | (၁၅/၁၆) ရက် | USD 5700 |

ဩစတြေးလျ (၆/၇) ရက် USD 2900 / ဩစတြေးလျ (၈/၉) ရက် USD 3700

(Ygn Office) : No. 67, Baho Road, Sanchaung Township, Yangon.
Ph: 01 - 500191,519292,510218,510491,519360
(MDY Office): 38 Rd, Bet, 78 x 79 Street, Mandalay.
Ph: 09 - 31693339, 09-73013856
Hot Line: 09- 790901466
Facebook : Gandawun Shwe Bagan Travel & Tours
Website : www.gandawunshwebagan.com

Amazing Yangon Travels & Tour

| | |
|---|---|
| ပုပ္ပါး-ပုပ္ပါး-ရွှေဆံတော်စေတီ (၃ည/၄ရက်) | ၁၀၀,၀၀၀ ကျပ် |
| ထားဝယ်-ရှင်ကိုးရှင်-မောင်းမကန် (၄ည/၅ရက်) | ၁၄၀,၀၀၀ ကျပ် |
| ငပလီ (၂ည/၃ရက်) | ၁၀၅,၀၀၀ ကျပ် |

စာရင်းပိတ်ပြီ
Feb-28 / March-9/16/23/30
09 777892622, 09777892626, 09 795209138

သင်္ကြန်သူ 09 4210 14940 09 4210 68050

- ငါးရန်ကျွန်း သီးသန့် Feb 28 65000/90000/-
- ထားဝယ်-ရှင်ကိုးရှင်-မောင်းမကန် Feb 28 120000/-
- ထားဝယ်-ရှင်ကိုးရှင်-မြိတ်ကျွန်းစု Feb 28 220000/-

CAR RENTAL ခရီးစဉ် အမျိုးမျိုးအတွက် ကားမျိုးစုံ ငှားရမ်းသည်။

Mighty Days Travel

စိတ်လှုပ်ရှားဖွယ်ရာ မြန်မာနှစ်သစ်ကူးသင်္ကြန် ပြည်ပခရီးစဉ်များ

| | | | |
|---|---|---|---|
| 11~19 Apr. 2018 | ရုရှား (မော်စကို - စိန့်ပီတာစဘတ်) | ၈ ညအိပ်/၉ရက် ခရီးစဉ် | USD 2750 |
| 12~18 Apr. 2018 | ထိုင်ဝမ် (တိုင်ပေ - ကောင်းရှုံ - ကျားရီ - ထိုင်ချုံး) | ၆ ညအိပ်/ ၇ရက်ခရီးစဉ် | USD 1325 |
| 13~17 Apr. 2018 | ကမ္ဘောဒီးယား (ဖနွမ်းပင် - ဆီရမ်ရိပ်) | ၄ ညအိပ်/၅ ရက် ခရီးစဉ် | USD 530 |
| 14~19 Apr. 2018 | ဗီယက်နမ်မြောက်ပိုင်း (ဟနွိုင်း - ဟလောင်း - ဒါနန်း) | ၅ ညအိပ်/၆ ရက် ခရီးစဉ် | USD 780 |
| 14~21 Apr. 2018 | ဂျပန် (တိုကျို-ဖူဂျီ-အိုဆာကာ) | ၇ ညအိပ်/၈ ရက် ခရီးစဉ် | USD 2570 |

ရန်ကုန်ရုံး
www.facebook.com/mightydaystravel
မန္တလေးရုံး

"အမြန်ရောင်းမည်" (ပွဲစားမလို)

| | | | |
|---|---|---|---|
| ၁။(၁၀)မိုင်၊လေဆိပ်လမ်းမ | (75x150) | မြေ | 1Sqft-1.6L |
| ၂။ဗဟန်း၊တက္ကသိုလ်ရိပ်မွန် | (60x62) | 2RC | 11000L |
| ၃။သာကေတ၊စက်မှုဇုန် | (100x150) | မြေ၊∠ခြံ | 8900L |
| ၄။မရမ်းကုန်း၊အေဝမ်း | (60x50) | 2RC,သစ် | 7500L |
| ၅။သုဝဏ္ဏ၊ကျွန်းရွှေမြိုင် | (70x74) | 2BN | 6900L |
| ၆။သူရိန်ရိပ်မွန်အိမ်ရာ | (50x70) | မြေ | 5500L |
| ၇။ရကာ၊မိုးကောင်းလမ်းနီး | (49x43) | မြေ | 3000L |
| ၈။လှိုင်၊ဗဟိုလမ်းမ | (40x23) | မြေ | 2300L |

01 510600, 095040160, 095173690, 095185534

ဦးဇော်ဇော်မော် B.A (English),Dip; in E.L.T.M

ဆရာဇော် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

ဘော်ဒါ (၉တန်း၊၁၀တန်း) လစဉ် ၂ သိန်း ၅သောင်းကျပ်

ကျောင်းဝင်ကြေး - ၅ သောင်း ကျပ် မတ်လ ၁ ရက်နေ့ စ မည်။

အမှတ်(၅၃၈)၊ ခိုင်သဇင်လမ်း၊ ပုလဲ(၃)၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။
ဖုန်း-၀၉၇၉၅၀၆၀၆၉၅၊ ၀၉၇၉၉၆၀၄၆၄၈။

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်

ဂုဏ်ထူး ဦးအောင်ခိုင်

March April May

Grammar & Essay Class
သဒ္ဒါ + စာစီစာကုံး သင်တန်း

မြို့လယ် ၂၇၂ ပန်းဆိုးတန်း 01 252 919 | သုဝဏ္ဏ ပညာနန်းတော် 09 798 44 33 20




telenor
ကမ္ဘာ့စံချိန်သစ်
တင်ပြီ။
GUINNESS WORLD RECORDS
RECORD HOLDER
"တယ်လီနောမြန်မာနှင့်အတူပြည်သူအများပူးပေါင်း၍ လူဦးရေအများဆုံးဖြင့်
နိုင်ငံမြေပုံဖော်ပြီးဂင်းနစ်ကမ္ဘာ့စံချိန်သစ်တင်ကာ ပေါင်းစည်းခိုင်မာမှုကို
ပြည်ထောင်စုနေ့တွင် ဖော်ကျူးနိုင်သည့်အတွက် မြန်မာနိုင်ငံသူ/သားများနှင့်တကွ
ဝမ်းသာဂုဏ်ယူမိပါသည်။"
Largest human image of a country/continent
(achieved 12th February 2018), Magway, Myanmar

'ရလဒ်' ကောင်းဖို့ 'ကျောင်းကောင်း' ရွေးပါ

သဉ္ဇာသန္တာနီ တည်ထောင်သည့်
ပေါ်ဆန်းမွှေး ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ကျောင်း ၁
မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀

မင်္ဂလာ ပေါ်ဆန်းမွှေး ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ကျောင်း ၂
အမှတ် (၁၅၉/၁၆၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း ၀၉ ၄၀၀ ၉၈ ၈၉ ၂၀ - ၂၅

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ


မြန်မာတစ်ပြည်လုံး TOP TEN (အဋ္ဌမဆင့်)
ဆုရ ၁၂၄၂
မောင်ခန့်စင်ထက်
(၂၀၁၅)


မြန်မာတစ်ပြည်လုံး TOP TEN (တတိယဆင့်)
ဆုရ ၁၀၄၅
မစောကေခိုင်ဦး
(၂၀၁၆)

[ရမှတ်ပေါင်း (၅၆၁)၊ သင်္ချာ ရမှတ် (၁၀၀)]

ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။
၁၀ တန်း(မတ် ၁၄)၊ ၉ တန်း(ဧပြီ ၂၆)၊ ၈၊ ၇၊ ၆၊ ၅ တန်း (မေ ၃)၊ မူလတန်း(မေ ၂၉) စမည်။ ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။

အဆင့်မြင့် ဘော်ဒါ
KG မှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီ ၂၆ ကျောင်းသူ၊ ဧပြီ ၂၈ ကျောင်းသား ဘော်ဒါ စ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊

FORWARD အဆင့်မြင့် စာသင်ဝိုင်း
၁၀ တန်း၊ ၉ တန်း၊ ၈ တန်း(ဘာသာစုံ)
၁၀ တန်း [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့်ရှိသည်။
၁၀ တန်း(မတ် ၁၄)၊ ၉ တန်း(ဧပြီ ၂၆)၊ ၈ တန်း(ဧပြီ ၂၈)စ,မည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊

ကျောင်း(သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 01 397939

STANDARD ECO ZONE
your affordable quality
SG Seong Gong Eco laminate floor
New Designs

ဝက်ရုံတိုက်ရိုက် အထူးဈေးနှုန်း
12 mm-၁ ကျင်း
134,000 Ks
(ပစ္စည်း+လက်ခ အပြီးအစီး)
New!
အမှတ် ( 198/1 )၊ သံသုမာလမ်း၊ 14/3 ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်။
→ အခန်း ( 1/135 )၊ တောင်ဘက်ဘက်ဝန်း၊ UAB ဘဏ်ခွဲဘေး၊ ဇော်ဘွားကြီးကုန်း၊ အင်းစိန်။
→ အမှတ်( B1-012 )၊ ပညာ၊ ဒလလမ်း၊ ယုဇန ပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။
အရည်အသွေးနှင့် ဈေးနှုန်းမျိုးစုံစွာ ဝယ်ယူနိုင်သည်
Hotline: 09 4555 444 30, 09 4555 444 03

စိုးဇင်စာပေ၏ စာအုပ်အမှတ် (၂၈)


ဒေါက်တာ စိုးလွင်
စွဲလမ်းခြင်းမှ လွန်မြောက်
ငြိမ်းအေးခြင်းသို့
ရောက်စေသတည်း
ထွက်ပြီ
Tel:
01 228297,
09 5049783,
09 450040767

FAME LADYMAX™
Breast Beauty Cream
ရင်သားပြည့်ဖြိုး အလှတိုးစေရန်...


အမြို့မြို့အနယ်နယ်ရှိ
City Care ဆိုင်တိုင်းတွင်
ဝယ်ယူရရှိနိုင်ပါသည်။
Myanmar FDA Notification No: MN17068182
Ph: 09-965 559 860, 09 731 422 16

ကားငှား မျိုးစုံ
Alphard, Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၉/၃၃/၄၅ယောက်စီးများကို ခရီးစဉ်အမျိုးမျိုး အတွက် ယာဉ်ပိုင်ရှင်များ ကိုယ်တိုင်ရှိသာ သေသာဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။
Ph: 09795549249, 095418126
09-795546884

JES Driver Academy
စနေ/တနင်္ဂနွေအထူးသင်တန်း
JES Driver Academy မှ စနေ/တနင်္ဂနွေအထူးသင်တန်းကို(၂၄ - ၂ -၂၀၁၈)စနေနေ့တွင်စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးအပ် ပါသည်။
ဆက်သွယ်ရန်- အမှတ်(၆)၊ ပထမထပ်၊(၁၂)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
09 797815723, 09 32173735, 09 428581144
09 263145979, 09 767272088, 09 780636377
www.facebook.com/jesdriveracademy

အရောင်း မြေ အရောင်း
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ မြောက်ပိုင်း
တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
Ph:09 404663906
09-763584856

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီးဘလိပ်တံခါးဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ပဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁-)အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ပဟန်းမြို့နယ်။
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ပညာဒလလမ်း။
Ph: 09-5425251, 09-73225484
အရောင်းခန်းမ(၃) - အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663

YANGON BUSINESS ACADEMY (YBA)
Applied Business Management Skill
General Management Skill
Course Content
- Introduction to Management
- Planning
- Communication
- Task Management
- Organization Structure
- Reporting

"အာမခံချက်"
လုပ်ငန်းခွင်တွင် ချက်ချင်းလက်တွေ့ အသုံးချနိုင် စေရမည်။
သင်တန်းကာလအတွင်း နှစ်သက်မှုမရှိပါက လွှတ်လပ်စွာရပ်နားခွင့်ရှိပြီး
100% Refund ပြန်ပေးမည်။

| | |
|---|---|
| စတင်မည့်ရက် | 25 Feb 2018 |
| နေ့ရက် | Sat, Sun |
| အချိန် | 2:30 PM to 5:30 PM |
| ကာလ | 24 Hours (1 month) |
| သင်တန်းကြေး | 80,000 Kyat |

သင်တန်းသား ၃၅ ဦးသာ လက်ခံပါမည်။
ပထမဦးဆုံး ကြိုတင် စာရင်းပေးသွင်းသူ (၅) ဦးအား သင်တန်းကြေးအခမဲ့ပေးအပ်ပါမည်။
Block C, Level 9, Room-901, Dagon Centre (1), Bargayar Road, San Chaung Township, Yangon, Myanmar.
Tel: +959 457 200 400, +959 457 200 500, +959 457 200 600
www.facebook.com/YBAEDUCATION

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဆရာကြီး ဦးစံတင်**

**မဟာသဒ္ဓမ္မဇောတိကဓဇ**

**ကထိက(ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်**
**တွဲဖက်ပါမောက္ခ (ငြိမ်း)၊ ပိဋကတ်ဆိုင်ရာ မြန်မာစာဌာန**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)**

**အသက် (၈၉) နှစ်**

ကျေးဇူးရှင်ဆရာကြီး ဦးစံတင်သည် ၁၆-၂-၂၀၁၈ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မြန်မာစာမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဆရာကြီး ဦးစံတင်**

**မဟာသဒ္ဓမ္မဇောတိကဓဇ**

**ကထိက(ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်**
**တွဲဖက်ပါမောက္ခ (ငြိမ်း)၊ ပိဋကတ်ဆိုင်ရာ မြန်မာစာဌာန**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)**

**အသက် (၈၉) နှစ်**

စစ်တက္ကသိုလ်၊ မြန်မာစာဌာန(၁၉၅၈-၆၀)တွင် စာပေပညာ သင်ကြားပေးခဲ့သော ကျေးဇူးရှင်ဆရာကြီး ဦးစံတင်သည် ၁၆-၂-၂၀၁၈ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် စစ်တက္ကသိုလ်ကျောင်းသား ဟောင်းတပည့်များမှ မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရ ပါသည်။

**ချယ်ရီရိပ်ဖောင်ဒေးရှင်း**

## အထူးသတိရဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီး သန်းအုန်း(ငြိမ်း)**

**အသက် (၇၃) နှစ်**

**DSA (10)**

အမှတ်(၁၀၂)၊ ခြေမြန်တပ်ရင်းတွင် ရဲဘော်-ရဲဘက်၊ တိုက်ဖော်၊ တိုက်ဖက်၊ စိတ်တူကိုယ်တူဖြင့် ညီအစ်ကိုအရင်းတမျှ ဆယ်စုနှစ်တစ်စု တိုင်အောင် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း၊ ပဲခူးရိုးမဒေသတွေမှာ နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည့်ရန်စွယ် တွေကို အတူချိုးနှိမ်ခဲ့တဲ့ ကိုသန်းအုန်းတစ်ယောက် ကွယ်လွန်ခဲ့တာ ၁၉-၂-၂၀၁၈ မှာ တစ်လပြည့်ခဲ့ပြီလေ မေ့မရနိုင်အောင် လွမ်းမောနေဆဲ ဖြစ်ကြောင်း အလွမ်းစကား ပြောကြားမှုကို မြင့်မြတ်သောဘုံဘဝမှ ကြားသိပါစေ၊ ပြုသမျှ ကုသိုလ်အစုစုကို အမျှအတမ်း ပေးဝေပါတယ် သာဓုခေါ်ဆိုနိုင်ပါစေ။

**တိုက်ဖော်တစု**
- **29 သူရဆွေဝင်း၊**
- **40 ကျော်ကျော်သန်း၊**
- **47 လှမြင့်၊**
- **53 ဘိုရွှေ၊**
- **102 မှအရာရှိ စစ်သည် (ငြိမ်း)များ**

## ကူးစက်ရောဂါများအား လက်ဆေးခြင်းဖြင့် ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်ချက်

လူတိုင်းအစားအစာနှင့် အရာဝတ္ထုများကို မိမိလက်ဖြင့် နေ့စဉ်ကိုင်တွယ် စားသောက်အသုံးပြုသောကြောင့် လူတို့၏ လက်တွင် ရောဂါပိုးများနှင့် အညစ်အကြေးများ နေ့စဉ်ကပ်ငြိနေနိုင် ပါသည်။ ထိုသို့ ရောဂါပိုးများ ကပ်ငြိနေသောကြောင့် အောက် ဖော်ပြပါ ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

- ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အသည်း ရောင် အသားဝါရောဂါ
- ပိုလီယိုရောဂါ
- သန်ကောင်ကြောင့်ဖြစ်ပွားသော ရောဂါများ
- အရေပြားသန့်ရှင်းမှုမရှိသောကြောင့် ဝဲ၊ ဒက်၊ ယားနာ၊ ပြည်တည်နာများဖြစ်ပွားပြီး အခြားသူသို့ ကူးစက်လွယ်ခြင်း၊ ပျောက်ကင်းရန် အချိန်ကြာမြင့်ခြင်း။

**ကာကွယ်ရန်နည်းလမ်းများ**

၁။ အလွယ်ကူဆုံးနှင့် စ ရိတ်အသက်သာဆုံး နည်းလမ်းမှာ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း ဖြစ်သည်။

၂။ အစားအစာမကိုင်တွယ်မီ၊ အစာမစားမီ၊ အိမ်သာတက်ပြီးတိုင်း၊ ကလေးအညစ်အကြေး ကိုင်တွယ်ပြီးတိုင်း၊ အမှိုက်သရိုက် ကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက်တိရစ္ဆာန်၊ အိမ်မွေးတိရစ္ဆာန်များ ကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက်၊ အသားငါး၊ ဥများကိုင်တွယ် ပြီးတိုင်း၊ လူနာများကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကို ဆပ်ပြာနှင့် စနစ်တကျစင်ကြယ်အောင် ဆေးကြောရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ လူတိုင်းမိမိလက်ကိုဆပ်ပြာနှင့် စင်ကြယ်အောင် စနစ်တကျဆေးကြောရန်နှင့် သူတစ်ပါးကိုလည်း လက်ကိုစင်ကြယ် အောင် စနစ်တကျဆေးကြောကြရန် သတိပေးခြင်းဖြင့် ပြည်သူ လူထုအတွင်း ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည် ဖြစ်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ဦးစံတင်(ထားဝယ်) (မဟာသဒ္ဓမ္မဇောတိကဓဇ)

**ကထိက(ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်တွဲဖက်ပါမောက္ခ(ငြိမ်း)၊**
**ပိဋကတ်ဆိုင်ရာ မြန်မာစာဌာန**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)**

**အသက် (၈၉)နှစ်**

ထားဝယ်မြို့နေ ဦးလူညို-ဒေါ်ပိုတို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့ နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ မအူပင်လမ်း၊ အမှတ်(၁၈)နေ ဦးကောင်း မြတ်သူ(ဆရာကောင်း)-ဒေါ်ဝေဝေထွန်း၊ ဦးဖုန်းမြတ်သူ-ဒေါ်စန်းစန်းဌေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်သူရစိုး(ခေတ္တ-ဂျပန်)၊ မောင်အောင်ဇာနည်ကောင်း (G.X.C-T.T.C)၊ မအိအိလွင်(OIAC)တို့၏အဘိုး၊ [ဒေါ်သန်းခင် (စာကြည့် တိုက်မှူး-ငြိမ်း၊ သမိုင်းကော်မရှင်)]၏ခင်ပွန်း ဦးစံတင်သည် ၁၆-၂-၂၀၁၈ (သောကြာနေ့) ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဝင်းကြွယ်(ခ)ဦးလှဝင်း (လက်ပံတန်းမြို့)

**အသက် (၈၀)**

**ဌာနခွဲစာရေး(ငြိမ်း)၊ ရုပ်ရှင်လုပ်ငန်းစု၊ လက်ပံတန်းမြို့**
**ဥက္ကဋ္ဌ၊ မြင့်မို(ရ်)ဟိန်းငွေစုငွေချေးသမဝါယမအသင်း၊ လက်ပံတန်းမြို့**

လက်ပံတန်းမြို့နေ (ဦးဝါနန်း-ဒေါ်ကြည်ကြည်)တို့၏ ချစ်လှစွာသောသား၊ [ဦးမြင့်ကြွယ်(ခ)မောင်မြင့်ကြွယ်(ပြန်ကြားရေးဝန်ကြီးဌာန-ငြိမ်း)-ဒေါ်တင် တင်လှ(ခ)ဒေစီမောင်]၊ ဒေါ်ခင်ခင် (ထ/ပြ-ငြိမ်း)-ဦးထွန်းသန်း (ညွှန်မှူး၊ သစ်တောဦးစီးဌာန-ငြိမ်း)တို့၏ညီ/မောင်၊ ဦးတင့်လွင်(ဥက္ကဋ္ဌ၊ ရွှေဘုန်းပွင့် စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့-ပုဇွန်တောင်)-[ဒေါ်မြင့်မြင့်ကြည် (စား/ထွေ-ငြိမ်း)]၊ ဒေါ်လှလှကြွယ်-ဦးကိုဇင်၊ ဒေါ်သန်းသန်းညွန့် (ဒုတိယ ညွှန်ကြားရေးမှူး-ငြိမ်း၊ မွေး/ရေဝန်ကြီးဌာန)၊ (ဒေါ်စန်းစန်းနု)၊ ဒေါ်သင်းသင်းစု တို့၏ ချစ်လှစွာသောအစ်ကို၊ [ဒေါ်ကြည်ကြည်(မူ/အုပ်-ငြိမ်း)]၏ချစ်လှစွာသော ခင်ပွန်း၊ ဦးကျော်မိုးအောင် (ဦး/ရှိ၊ ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်သန်းသန်းအေး (မစာပေါ်)၊ (အာကာဦး)၊ ဦးဇော်မိုးအောင်(မီးရထားစာတိုက်၊ လက်ပံတန်းမြို့)- ဒေါ်စန်းစန်းအေးတို့၏ ချစ်လှစွာသောဖခင်၊ အာကာကျော် (Sky Net)၊ စွမ်းထက်နိုင်၊ ပြည့်စုံကြွယ်တို့၏ချစ်လှစွာသောအဘိုး၊ တူ/တူမ ၁၁ ယောက် တို့၏ ချစ်လှစွာသော ဘကြီး/ဦးလေး ဦးဝင်းကြွယ်သည် ၁၈-၂-၂၀၁၈ ရက် ညနေ ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၈(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် လက်ပံတန်းနေအိမ်မှ အရှေ့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးကြည်ခင်(ခ)အန်ဝမ်လီ(ခ)ဦးပရီ

**(ပွင့်ဦးမုန့်ဆိုင်)**

**အသက် (၆၉) နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၅)လမ်း၊ အမှတ် (၅၆)နေ (ဦးအောင် ရွှေထွန်း-ဒေါ်ကြည်)တို့၏သား၊ (ကြူကျန့်စိန်-တန်ကွိတ်ဝှာ)တို့၏ သားသမက်၊ ဒေါ်စီစီ(ခ)ကြူလိုင်ဟိ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းမြင့်-ဒေါ်အေမီတင် တို့၏ ညီ/မောင်၊ ဒေါ်ဖြူဖြူ ဒေါ်အောင်ဝင်းဝင်းတို့၏အစ်ကို၊ ကိုစန်းယုထွန်း၊ ကိုအောင်ကျော်ထွန်း- မဇာခြည်တိုး၊ ဒေါက်တာကျော်သူထွန်း၊ ကိုသာထူးအောင် တို့၏ မွေးသဖခင်၊ ကိုဇော်မင်းထွဋ်-မစန္ဒာကျော်၊ မခင်သန္တာထွန်း၊ ကိုတိုနီ- မခင်ဥမ္မာသိန်း၊ ကိုငွေလှိုင်ဝင်း၊ ဒေါက်တာတေဇာထွန်းမြင့်တို့၏ ဦးလေးသည် ၁၅-၂-၂၀၁၈ (ကြာသပတေးနေ့) ည ၆း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၈(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်း အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးဘမော် [တွဲဖက်ပါမောက္ခ-ငြိမ်း]

**အသက် (၈၄) နှစ်**

မန္တလေးတက္ကသိုလ်၊ ဘူမိဗေဒဌာန၊ တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ပုံတောင် ပရိုင်းမိတ်ပညာရှင်၊ မကွေးဥပစာကောလိပ် ဘူမိဗေဒဌာနတွင် ၁၉၆၄ မှ ၁၉၆၇ ထိ တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး ဦးဘမော်သည် (၁၈-၂-၂၀၁၈)နေ့ တွင် ဗန်းမော်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစု နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မကွေးတက္ကသိုလ်၊ ဘူမိဗေဒမိသားစု**

## စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခြင်း

**ပိုးသတ်ဆေးဖြန်းသည့်အခါ-**
- အဝတ်အစားကို လုံခြုံစွာဝတ်ဆင်ပါ။
- ဦးထုပ်၊ လက်အိတ်၊ နှာခေါင်းစည်း၊ လည်ရှည်ဖိနပ်၊ တစ်ကိုယ် ရေသုံးကာကွယ်ရေးဝတ်စုံများကို ဝတ်ဆင်ပြီးမှ ဆေးဖြန်းပါ။
- လေတင်အရပ်မှနေ၍ ဆေးမဖျန်းရ။
- ဆေးဖျန်းစဉ် အစားအသောက် မစားရ၊ ကွမ်းမစားရ၊ ဆေးလိပ် မသောက်ရ။
- ဆေးဖျန်းခေါင်းပိတ်နေပါက ပါးစပ်ဖြင့် မမှုတ်ရ။

**ပိုးသတ်ဆေးဖျန်းပြီးလျှင်-**
- မျက်နှာနှင့်လက်များကို ဆပ်ပြာနှင့်စင်ကြယ်စွာ ဆေးကြောပါ။ ရေချိုးပါ။
- တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများကို လျှော်ဖွတ်ပါ။
- ပိုးသတ်ဆေးများကို ကလေးများ လက်လှမ်းမမီသော နေရာတွင် သော့ခတ်သိမ်းထားပါ။
- ပိုးသတ်ဆေးဘူးခွံဟောင်းများကို အစားအသောက်မထည့်ရ၊ ဆီပုံး၊ ဆန်ပုံးအဖြစ် မသုံးရ။
- အစားအစာများနှင့် ပိုးသတ်ဆေးကို အတူရောနှောမထားရ။

ပိုးသတ်ဆေးအဆိပ်သင့်လျှင် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းသွားပါ။ ပိုးသတ်ဆေးဘူးကိုပါ ဆေးရုံသို့ ယူဆောင်သွားပါ။ ရုတ်တရက် ပိုးသတ်ဆေးအဆိပ်သင့်လျှင် ချက်ချင်း အသက်သေဆုံး နိုင်ပါသည်။ ခန္ဓာကိုယ်ထဲသို့ နည်းနည်းချင်းနှင့် နှစ်ရှည်လများ ဝင်ပါက သားလျှောခြင်း၊ မျိုးဆက်ပွားကျန်းမာရေးထိခိုက်ခြင်း၊ ကင်ဆာရောဂါ ဖြစ်ပွားခြင်းအထိဖြစ်နိုင်သည်။

သို့ဖြစ်ပါ၍ ပိုးသတ်ဆေးအဆိပ်သင့်ပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းသွားရောက်၍ ကုသမှုခံယူကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကျင်မောင် (၈၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ်(၁၁၄)နေ (ဦးစန်းနွယ်-ဒေါ်စိန်ညွန့်)တို့၏သား၊ (ဦးချစ်စိန်-ဒေါ်သန်းရင်)တို့၏သားသမက်၊ ဒေါ်တင်ငြိမ်း၏ ခင်ပွန်း၊ ဦးမြင့်ဦး-ဒေါ်ညိုညိုသန်း၊ ဦးရန်နိုင်လွင် - ဒေါ်စန်းစန်းဝင်း၊ ဦးအောင်လွင် - ဒေါ်သန်းသန်းစိုး၊ ဦးအောင်ကျော်ဦး-ဒေါ်သင်းသင်းဝါ တို့၏ဖခင်၊ မခင်ချောစုသန့်၊ ကိုထူး ထူးအောင်-မအေးချမ်းမွန်၊ မမေသူခိုင်၊ မအေးမြတ်မွန်၊ မောင်မြတ်နိုင်၊ မစုဝေ ထွန်း၊ မသက်ယွန်းလဲ့တို့၏ အဘိုး၊ မောင်အောင်ခန့်မြတ်၏ ဘိုးဘိုးသည် ၁၈-၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂၀-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု

## ဦးလှ(ဖျာပုံ-ဆင်ဖြူကျွန်း)

**အသက် (၇၈)နှစ်**

**မြန်မာ့စိုက်ပျိုးရေးဘဏ် မန်နေဂျာ(ငြိမ်း)**

ဖျာပုံမြို့နေ (ဦးထွန်းမောင်-ဒေါ်ငြိမ်းတင်)တို့၏သား၊ ဆင်ဖြူကျွန်းမြို့နေ ဒေါ်နှင်းဝေ(ခ)ဒေါ်ခင်အေး (အထပြ-ငြိမ်း)၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးမင်းမော်သန်း(ဒုတိယအင်ဂျင်နီယာမှူးကြီး-ဗိသုကာမြို့ပြနှင့် အိမ်ရာဦးစီးဌာန)-ဒေါ်ခင်စန္ဒာ၊ ဦးကျော်သူရ-ဒေါ်ခင်သူဇာတို့၏ ဖခင်၊ ကိုရဲရင့် အောင်-မနန်းတင်တင်ဌေး၊ မသင်းစန္ဒီကျော်တို့၏အဘိုးသည် ၁၈-၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၃း၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီးသွေးရောဂါဌာန၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်း ကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူ အားရည်စူး၍ ၂၄-၂-၂၀၁၈ (စနေနေ့) နံနက်တွင် (၁)ရပ်ကွက်၊ ကမာရွတ် မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း၊ ဇရပ်၊ ရေတွင်း ဒါယကာကြီး**

## ဦးမြင့်သန်း အသက်(၆၀)

**Bosun, JSM International Ltd**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ တိုက်ကြီးကျေးရွာနေ (ဦးသာခင်-ဒေါ်သန်းကြည်)တို့၏သား၊ (ဦးကြင်ရွှေ)-ဒေါ်ထွေးရီတို့၏ သား သမက်၊ ဦးမြင့်သိန်း-ဒေါ်မေသစ္စာခင် တို့၏ညီ၊ ဦးခင်မောင်သန်း (စက်မှု ဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်ဝေ (နယ်စပ် ရေးရာဝန်ကြီးဌာန)တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်း လွန်းမြောက်ရပ်ကွက်၊ သရဝဏ်ရိပ်သာ (၂)လမ်း၊ အမှတ်(၂၅)နေ ဒေါ်တင် တင်စိုး၏ခင်ပွန်း၊ ကိုညဏ်မြင့်မင်း- မအိမ့်မှိုခင်၊ မောင်အေးငြိမ်းမင်း၊ မနှင်း နွယ်သင်းတို့၏ဖခင်၊ မရှင်းမွန်သန့်၏ အဘိုးသည် ၁၈-၂-၂၀၁၈ (တနင်္ဂနွေ နေ့) နံနက် ၆နာရီတွင် အာရှတော်ဝင် ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀- ၂-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီ တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဒေါ်မို့မို့လွင်(ခ)ဆဖူရာဘီ

**အသက် (၅၆) နှစ်**

**ကထိက(ငြိမ်း)၊ အင်္ဂလိပ်စာဌာန၊ မော်လမြိုင်တက္ကသိုလ်**

မော်လမြိုင်မြို့၊ အောက်လမ်းမကြီး၊ အမှတ်(၂၆၉-A)နေ (ဦးအေးလွင်)- ဒေါ်ခင်သန်းမြင့်တို့၏သမီးကြီး၊ ဒေါ်ချိုချိုလွင် (အထက-၆၊ မော်လမြိုင်)၊ ဒေါ်ဥမ္မာလွင်၊ ဦးအောင်လွင်-ဒေါက်တာ မေခင်သိန်း(ပါမောက္ခ၊နနလ-ဆေး-၂)၊ ဒေါ်မာလာလွင်တို့၏အစ်မကြီး၊ မောင် ဖြိုးအောင်လွင်၏အဒေါ် ဒေါ်မို့မို့လွင် (ခ)ဆဖူရာဘီသည် ၁၇-၂-၂၀၁၈ ရက် ညနေ ၅း၅၅ နာရီတွင် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၄၅)၊ (၅၂)လမ်းနေအိမ်၌ အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၈-၂- ၂၀၁၈ ရက် ဇဟိုရ်နမတ်ဇ်အပြီး ရေဝေးကဘာရ်စတန်၌ ဒါဖွာနာပြီးစီးပါ ကြောင်း။ ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## မူလဓမ္မာစရိယ ဘဒ္ဒန္တတေဇ

**သိက္ခာတော် (၇၂) ဝါ၊ သက်တော် (၉၄) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ကျောက်ရေတွင်း စိတ္တသုခ လမ်းရှိ စိတ္တသုခပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေး မူလ တန်းကျောင်း၏ဦးစီးပဓာန နာယကဆရာတော်ဖြစ်တော်မူသော မူလဓမ္မာစရိယ ဘဒ္ဒန္တတေဇ မဟာထေရ်သည် ၁၇-၂-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၅-၂-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် စိတ္တသုခကျောင်းမှ ရေဝေးသုသာန်သို့ သာဓုကီဠနသဘင် ဆင်ယင် ကျင်းပမည်ဖြစ်ပါ၍ တပည့်သံဃာတော်များနှင့် ရပ်ဝေးရပ်နီးရှိ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောင်းမှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ဈာပနဖြစ်မြောက်ရေးကော်မတီ

## ဦးမျိုးညွန့်

**အသက် (၈၀)**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံး**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (ခ/၅၇၈)နေ (ဦးသိန်း-ဒေါ်နှင်းမြ)တို့၏ သား၊ ဒေါ်ခင်ဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၂-၂၀၁၈ ရက် နံနက် ၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၈ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူ အားရည်စူး၍ ၂၄-၂-၂၀၁၈ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ**

## ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း)

**အသက် (၆၇) နှစ်**

**OTS 50th, RIT 74th Batch**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် (၈/ခ)နေ (ဦးအုန်းမောင်-ဒေါ်ငွေမှုင်)တို့၏ သားကြီး၊ ဒေါ်စန်းစန်းဝေ၏ ချစ်လှစွာသောခင်ပွန်း၊ (အောင်တေဇာမြင့်)၊ မေကြည်ပြာလှမြင့်၊ Dr. ကျော်ဇေယျာမြင့်-မပန်းအိထွေးတို့၏ ချစ်လှစွာသောဖခင်၊ မအိမ့်မဒီမွေး၏ ချစ်လှစွာသောအဘိုးသည် ၁၈-၂-၂၀၁၈ ရက် မွန်းလွဲ ၁၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးလှဟန်

**Gold Winner Association Company Limited ဒါရိုက်တာ**

**အသက် (၅၃) နှစ်**

ကျောက်ပန်းတောင်းမြို့နယ်၊ ရေဆုံးကျေးရွာနေ (ဦးဘရန်း-ဒေါ်စောခင်)တို့၏သား၊ ဦးဘဝမ်း(အင်ဂျင်နီယာမှူးကြီး-ငြိမ်း)-(ဒေါ်ခင်နှင်းရီ) တို့၏ ညီ/မောင်၊ ဦးအောင်မင်း(မြို့နယ်ကျန်းမာရေးမှူး-ငြိမ်း)-(ဒေါ်စန်းစန်း) တို့၏မောင်၊ (ဦးဝင်းမြင့်)-ဒေါ်နုနုတင်တို့၏ညီ၊ (ဦးမြင့်လွင်)-ဒေါ်ခင်နွဲ့ရီတို့၏ မောင်၊ ဦးကျော်စိုး-ဒေါ်မို့မို့လွင် (Gold Winner Association Company Limited)တို့၏ညီ၊ ဒေါ်သင်းသင်းနွယ်၏အစ်ကို ဦးလှဟန်သည် ၁၇-၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၈ ရက်တွင် တိုက် (N-4/6)၊ ပိတောက်မြိုင်လမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏသို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်အောင်(လှိုင်ကောလိပ် မြန်မာစာ)

**အသက် (၄၇) နှစ်**

**အထက(၁) တာမွေကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်(ရွာမ)ရပ်ကွက်၊ ဗဟိုရ်လမ်း၊ အမှတ်(၃၀)၊ ပ-လွှာနေ ဦးစောဝင်း(ဒု-ညွှန်ချုပ်၊ ငြိမ်း၊ အမှတ်-၁ အခြေခံပညာ ဦးစီးဌာန၊ အောက်မြန်မာပြည်၊ ရန်ကုန်မြို့)၊ ဒေါ်မြအေး(အထက်တန်းပြဆရာမ- ငြိမ်း၊ ထ/၃ တာမွေ၊ ထ-၁ ရန်ကင်း၊ ရန်ကုန်မြို့)တို့၏ ချစ်လှစွာသောသားကြီး၊ ဒေါ်တင်ဦး(ဒေါ်ဘုတ်)၏တူ၊ မအေးသီတာ(YTU၊ ခေတ္တ-စင်ကာပူ)၏အစ်ကို၊ မလဝန်းမေ၊ မပေရယ်မေတို့၏ ချစ်လှစွာသောဖခင် ဦးအောင်အောင်သည် ၁၇-၂-၂၀၁၈ (စနေနေ့) နံနက် ၁ နာရီတွင် ဦးနှောက်နှင့်အာရုံကြောဆေးရုံ ကြီး၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သန်းရင်(အင်ပင်သာ)

**အသက် (၈၂) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာ လမ်း၊ အမှတ်(၉-ဂ)နေ (ဦးထွန်းမောင်- ဒေါ်တင်)တို့၏ သမီးထွေး၊ (ဒေါ်သန်း ညွန့်)၊ (ဦးလှထွန်း-ဒေါ်သန်းမြ)တို့၏ ညီမ၊ (ဦးထွန်းရင်)၏ဇနီး၊ ဦးသန်း အောင်-ဒေါ်ဝေဝေမြင့်(အုပ်ချုပ်ရေး မှူး)၊ ဒေါ်သင်းသင်းအေး(NTT DATA Myanmar)၊ ဦးအောင်အောင်ခိုင် (TOTAL E & P Myanmar)-ဒေါ်ဇင် မာစိုးတို့၏မွေးသမိခင်၊ မဆုဝေအောင်၊ မောင်စည်သူဇင်၊ မသက်မျုးသျှင်တို့၏ အဘွား ဒေါ်သန်းရင်သည် ၁၇-၂- ၂၀၁၈ (စနေနေ့) ည ၁၁း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွား ပါသဖြင့် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည် စူး၍ ၂၃-၂-၂၀၁၈ (သောကြာနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။] ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးဝင်းမောင်(ငြိမ်း)

**ကြည်း-၁၁၉၃၉၊ OTS-42**

**နိုင်ငံတော်သမ္မတရုံး**

**အသက် (၇၉) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဖြန့်ကြီး အုန်းပင်စုကျေးရွာနေ (ဦးကြိုင်-ဒေါ်သောင်း)တို့၏ သား၊ ရန်ကုန်တိုင်း ဒေသကြီး၊ ကော့မှူးမြို့နယ်၊ နတ်စင် ကုန်းကျေးရွာနေ (ဦးစံရှင်-ဒေါ်ငွေခဲ) တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက် ဒဂုံမြို့သစ်၊ (၃၁)ရပ်ကွက်၊ ဇေယျာဒီပ (၂)လမ်း၊ အမှတ်(၁၆၀)နေ ဒေါ်ခင် အေး(န. ယ. ကရုံး)၏ခင်ပွန်း၊ (ဦးမြင့်- ဒေါ်ညို)တို့၏ အစ်ကို၊ ဦးနိုင်ဝင်း (MTM Co., Ltd)၊ ဦးကျော်မင်းညို (Sea Pal Co., Ltd)၊ ဒေါ်သက်မွန်ဝင်း (Unilever Myanmar Services Ltd) တို့၏မွေးသဖခင် ဗိုလ်မှူးဝင်းမောင် (ငြိမ်း)သည် ၁၇-၂-၂၀၁၈ (စနေနေ့) ည ၇း၃၀နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်း အား အသိပေးအကြောင်းကြားအပ်ပါ သည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# “မြန်မာဓာတ်ပုံဆရာများ”အမည်ရှိ ဓာတ်ပုံပြပွဲ ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ပြသ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ကိုလိုနီခေတ်ဓာတ်ပုံများ အပါအဝင် မြန်မာနိုင်ငံသား ဓာတ်ပုံဆရာများ ရိုက်ကူးခဲ့သော ဓာတ်ပုံများကို “မြန်မာဓာတ်ပုံဆရာများ” အမည်ဖြင့် ယနေ့ နံနက်ပိုင်းမှစတင်၍ မတ် ၁၁ ရက်အထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အတွင်းဝန်များရုံး၌ ဓာတ်ပုံပြပွဲ ပြသလျက်ရှိသည်။

အဆိုပါပွဲကို ဂျာမန်ဘာသာစကားနှင့် ယဉ်ကျေးမှုဌာန (GOETHE INSTITUT) က ကြီးမှူး၍ ဂျာမနီနိုင်ငံသား Lukas Birk က ၎င်း စုဆောင်းထားသော ဓာတ်ပုံမော်ကွန်းများမှ ရွေးချယ်၍ ကိုလိုနီခေတ်မှ ယနေ့ခေတ်အထိ မြန်မာ့ဓာတ်ပုံသမိုင်းကို ပုံဖော်တင်ဆက်ထားခြင်းဖြစ်သည်။ အဆိုပါ ဓာတ်ပုံပြပွဲသည် ယခုနှစ်တွင် ကျင်းပနေသည့် ရန်ကုန်ဓာတ်ပုံပွဲတော်တွင် ပါဝင်သည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

ယနေ့ပြပွဲနှင့် ပတ်သက်၍ ဓာတ်ပုံများကို စုဆောင်းခဲ့သူ ဂျာမနီ နိုင်ငံသား Lukas Birk က “မြန်မာနိုင်ငံမှာရှိတဲ့ ဓာတ်ပုံဆရာတွေနဲ့ပတ်သက်ပြီး သမိုင်းကြောင်းတွေ သီးသန့်စုဆောင်းထားတာမျိုး မတွေ့ရသေးပါဘူး၊ မြန်မာ့သမိုင်းကြောင်းမှာရှိခဲ့တဲ့ ဓာတ်ပုံဆရာတွေက ပျောက်လုနီးပါးဖြစ်နေပါတယ်၊ အဲဒါကြောင့် သမိုင်းဓာတ်ပုံတွေကို ပြန်လည်စုဆောင်းပြီး အခုလို ပြသတာဖြစ်ပါတယ်၊ စုဆောင်းထားတာ အားလုံးပေါင်း တစ်ထောင်ကျော်လောက်ရှိပါတယ်၊ အခုပြသထားတာက လေးရာကျော်လောက်ရှိပါတယ်၊ အဲဒီအထဲမှာ သတင်းစာရှင်းလင်းပွဲက ပုံမျိုးမဟုတ်ဘဲ အလှဓာတ်ပုံတွေ၊ ဗိုလ်ချုပ်တို့ အစည်းအဝေးထိုင်နေတဲ့ ပုံမျိုးတွေ တော်တော်များများကို ကျွန်တော်အကြိုက်တွေ့ပါတယ်၊ အဲဒီလို ပုံမျိုးတွေကိုပဲ ပြသထားတာပါ၊ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့အတွက် နောက်ပိုင်းမှာလည်း ဓာတ်ပုံတွေကို ဆက်လက်စုဆောင်းသွားပြီး ဒီထက်ပိုပြည့်စုံတဲ့ ပွဲမျိုးလုပ်ချင်ပါတယ်” ဟု ပြောသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**




# ဝမ်းတွင်းမြို့နယ်၌ ရေပိုက်သွယ်တန်းရန်အတွက် မြေလိုင်းကျင်းတူးရာမှ ငွေဒင်္ဂါးပြားများ တွေ့ရှိ

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၈**

ဝမ်းတွင်းမြို့နယ် တမာကုန်းကျေးရွာအုပ်စု မင်းကုန်းကျေးရွာ၌ ရေပိုက်သွယ်တန်းရန်အတွက် မြေလိုင်းကျင်းတူးရာမှ ငွေဒင်္ဂါးပြားများတွေ့ရှိခဲ့ကြောင်း သိရသည်။

မင်းကုန်းကျေးရွာနေ ဦးတိုင်းကျော်၏ လယ်ကွင်း၌ မြို့နယ်ကြက်ခြေနီအသင်းမှ သောက်သုံးရေရရှိရေးအတွက် ဖေဖော်ဝါရီ ၁၄ ရက်က အဝီစိတွင်းတူးပြီး ရေပိုက်လိုင်းသွယ်တန်းရန် အနက်တစ်ပေခွဲခန့် မြေလိုင်းကျင်းတူးရာမှ ရှေးဟောင်းငွေဒင်္ဂါးပြားများအား စတင်တွေ့ရှိခဲ့သည်။

ထို့နောက် ဒင်္ဂါးပြားများအား ဆက်လက်ရှာဖွေခဲ့ရာ မင်းကုန်းကျေးရွာနေ ဦးတိုးမောင်က ဒင်္ဂါးပြား(ကြီး/သေး)ရောရာ ၁၉ ပြား၊ ညိမ်းစိုးထွန်းက ဒင်္ဂါးပြား(ကြီး/သေး)ရောရာ ၁၂၀၊ ဒေါ်ချယ်ရီက ဒင်္ဂါးပြား(ကြီး/သေး) ၇၅ ပြား၊ ဦးအောင်စိုးက ဒင်္ဂါးပြား(ကြီး/သေး)ရောရာ ၄ပြား၊ ဒေါ်ကြည်အေးက ဒင်္ဂါးပြား(ကြီး/သေး) ၄ပြား စုစုပေါင်း ၂၂၄ ပြားတွေ့ရှိခဲ့ပြီး ဒင်္ဂါးပြားအသေးမှာ အချင်းနှစ်စင်တီမီတာခွဲခန့်၊ အလေးချိန် တစ်ကျပ်သားခန့်နှင့် ဒင်္ဂါပြားအကြီးမှာ အချင်းသုံး စင်တီမီတာခွဲခန့်၊ အလေးချိန် သုံးမတ်သားခန့်ရှိကြောင်း သိရသည်။

အဆိုပါ ဒင်္ဂါးပြားများကို ရှေးဟောင်းသုတေသနဌာနသို့ ဆက်သွယ်အကြောင်းကြား၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း နိုင်ပွဲဆက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

၂၀၁၈ ဘောလုံးရာသီ MPT MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၆)ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ပုသိမ်နှင့် ရန်ကုန်မြို့တို့၌ ကျင်းပသည်။

**ပုသိမ်ကွင်း**

ရှမ်းယူနိုက်တက် - တစ်ဂိုး
ဧရာဝတီ - ဂိုးမရှိ

ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း၌ ကစားရသော်လည်း ယခင်ပွဲများထက် ကစားပုံပိုကောင်းခဲ့ပြီး တိုက်စစ်မှူး **စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ✻**






# နိုင်ငံတကာနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးသွင်းကုန်/ပို့ကုန်စနစ် ပီပြင်လာဖို့လိုအပ်နေပြီ

■ဒေါက်တာသိမ်းဌေး

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအကြား၌ စိုက်ပျိုးရေးကို အခြေခံပြီး အခြားကဏ္ဍများ တိုးတက်ဖွံ့ဖြိုးရေးကို ရည်မှန်းချက်တစ်ရပ် ချမှတ်လျက် ဆောင်ရွက်နေသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ရှေးခေတ်အဆက်ဆက်မှသည် ယခုထိတိုင် စိုက်ပျိုးရေးကုန်ထုတ်မှုအပေါ် အခြေတည်သော စီးပွားရေးလုပ်ငန်းကပင် ဆက်လက်နေရာယူနေရဆဲ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (GDP) တွင်လည်း စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုသည် ၂၀ ဒသမ ၁ ရာခိုင်နှုန်း နေရာယူထားသည်ကို တွေ့ရပြီး တန်ဖိုးအနေဖြင့် ကျပ်ဘီလီယံ (၁၁၃၅၇. ၄၁၃)ရှိသည်ကို တွေ့ရပါသည်။ မြေယာအသုံးချမှုတွင်လည်း စုစုပေါင်း မြေယာအသုံးချမှု၏ ၁၇ ဒသမ ၇ ရာခိုင်နှုန်းကို အသားတင်စိုက်ဧရိယာအဖြစ် တွေ့ရှိရပြီး ဧရိယာအနေဖြင့် ဟက်တာ ပေါင်း ၁၂ သန်းခန့်ရှိသည်ကို တွေ့ရှိနိုင်ပါသည်။ စိုက်ပျိုးထုတ်လုပ်သော သီးနှံများအနေဖြင့်လည်း အမယ်စုံလှပေသည်။ နှံစားသီးနှံ (စပါး၊ ဂျုံ၊ ပြောင်း)၊ ပဲမျိုးစုံ (မတ်ပဲ၊ ပဲတီစိမ်း၊ ပဲပုတ်၊ စွန်တာနီ/ပြာ၊ ကုလားပဲ၊ ပဲစင်းငုံ)၊ ဆီထွက်သီးနှံ (နှမ်း၊ မြေပဲ၊ နေကြာ)၊ စက်မှုကုန်ကြမ်းသီးနှံ (ကြံ၊ ဝါ၊ ရာဘာ၊ ဆီအုန်း၊ ကော်ဖီ)၊ မီးဖိုချောင်သီးနှံ (ကြက်သွန်နီ/ဖြူ အာလူး)တို့ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ပြည်ပပို့ကုန်အဖြစ် ဆန်၊ ပဲမျိုးစုံ၊ နှမ်း၊ မြေပဲ၊ ရာဘာ တို့ကို အဓိကပို့ကုန်အဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် စီးပွားရေးဦးတည်ချက်များတွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဓိကသော့ချက် ခြောက်ချက်ပါ အချက်တစ်ချက်ဖြစ်သည့် "စီးပွားရေးတွက်ခြေကိုက်မှုရှိပြီး ခိုင်မာသောဈေးကွက်ရရှိရန် ဆောင်ရွက်နိုင်ရေး"ကို ဖော်ဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ စတင်စိုက်ပျိုးသည်မှ နောက်ဆုံးစားသုံးသူ လယ်ဝယ်ရောက်ရှိသည်အထိ တိကျမှန်ကန်သော လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရေး၊ အထောက်အထား မှတ်တမ်းမှတ်ရာများထားရှိရေး စသည်တို့သည် ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်အောင်ဆောင်ရွက်ရာ၌ အဓိကကျသော လုပ်ငန်းရပ်များ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ တစ်ချိန်တည်းမှာပင် ပို့ကုန်/သွင်းကုန်ကဏ္ဍသည်လည်း တိုးတက်ဖွံ့ဖြိုးလာနေပြီဖြစ်ရာ အခြားနိုင်ငံများနှင့် ကုန်သွယ်မှုနယ်ပယ်၌ မြန်မာနိုင်ငံအနေဖြင့် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နေရပြီ ဖြစ်ပါသည်။

ထို့အပြင် ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြား တိုးလာနေသည်နှင့်အမျှ ကမ္ဘာတဝန်း၌လည်း စိုက်ပျိုးရေးထွက်ကုန်များအပေါ် မှီခိုအားထားမှုသည် ပိုမိုကျယ်ပြန့်လာနေပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်း (WTO)အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ WTO က ချမှတ်ထားသည့် အစားအစာနှင့် အပင်ကျန်းမာရေးဆိုင်ရာ နည်းလမ်းများကို တိတိကျကျ သေသေချာချာ လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းတွင် ပါဝင်ဆောင်ရွက်လာနိုင်ရန်မှာလည်း WTO-SPS မှ သတ်မှတ်ထားသည့် လူ၊ တိရစ္ဆာန်နှင့် အပင်တို့၏ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် သက်ဆိုင်ရာအဖွဲ့အစည်းတို့၏ ဦးဆောင်မှုအောက်တွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ ဖော်ပြပါအချက်အလက်များသည် မြန်မာနိုင်ငံနှင့် နိုင်ငံတကာတို့၏ ကုန်သွယ်ရေးကဏ္ဍ၌ စိုက်ပျိုးရေးထွက်ကုန်များအား ရောင်းဝယ်ဖောက်ကားခြင်း၏ အရေးပါလာမှုကို မီးမောင်းထိုးပြလျက်ရှိပေသည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံ၌ ရှိပြီးဖြစ်သော တည်ဆဲဥပဒေ၊ လုပ်ထုံး လုပ်နည်းများအပြင် ပြင်ဆင်ရန်နှင့် အသစ်ပြဋ္ဌာန်းရန် လိုအပ်မည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း ပြုစုပြဋ္ဌာန်း ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးရေးကဏ္ဍနှင့် သက်ဆိုင်သော ဥပဒေများဖြစ်သည့် မြေသြဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေ၊ မျိုးစေ့ဥပဒေ၊ အပင်ပိုးမွှားရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေး ဥပဒေများကို လက်ရှိ ခေတ်ကာလလိုအပ်ချက်နှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ပြုစုရေးဆွဲပြဋ္ဌာန်းလျက်ရှိပေရာ နိုင်ငံတကာ စံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

ဤဥပဒေများသည် မြန်မာနိုင်ငံတစ်ခုတည်း၌သာ ပြဋ္ဌာန်းခြင်းမဟုတ်ပါဘဲ နိုင်ငံတကာတွင် ဆောင်ရွက်ခဲ့သော၊ ဆောင်ရွက်ဆဲဖြစ်သော ဥပဒေသများပင်ဖြစ်ပါသည်။ ဤဥပဒေများသည် မြန်မာနိုင်ငံနှင့် အခြားနိုင်ငံခြားတိုင်းပြည်များတို့၏ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်ရေး၌ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချောချောမွေ့မွေ့ ရောင်းဝယ်ဖောက်ကားနိုင်ရေးကို လွန်စွာ အထောက်အကူပြုမည်ဖြစ်ပြီး ပြည်တွင်းမှ စိုက်ပျိုးသူတောင်သူများ၏ စိုက်ပျိုးကုန်ထုတ်လုပ်ရေး လုပ်ငန်းစဉ်များကို များစွာအထောက်အကူဖြစ်စေပြီး အကျိုးပြုစေသည့်ဥပဒေ၊ လုပ်ထုံး လုပ်နည်းများ ဖြစ်ကြပါသည်။

ဖော်ပြပါ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုဆိုင်ရာ ဥပဒေများအနက် ရွေးထုတ်လျက် အထူးတင်ပြလိုသော ဥပဒေမှာ (Plant Pest Quarantine Law) ခေါ် အပင်ပိုးမွှားရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေးဥပဒေပင် ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ဤဥပဒေအရ ကာကွယ်ဆောင်ရွက်ရသော အကြောင်းရင်းများမှာ ကျယ်ပြန့်ပြီး စိုက်ပျိုးရေးကဏ္ဍကြီးတစ်ခုလုံးကို ဆိုးမွေ၊ ကောင်းမွေ ကြီးမားစွာ ဖြစ်ပေါ်စေနိုင်သောကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရှေးယခင်က ခိုင်မာသော သီးနှံပိုးမွှားရောဂါကာကွယ်ရေးဆိုင်ရာ ဥပဒေမရှိခဲ့သည့်အလျောက် အပင်နှင့် အပင်ထွက်ပစ္စည်းများကို နိုင်ငံ၏ လိုအပ်ချက်အရ တင်သွင်းခဲ့ရာတွင် ရရှိခဲ့သော ဆိုးမွေများကို အနည်းငယ်ဖော်ပြလိုပါသည်-

- ၁၉၆၀ ပြည့်လွန်နှစ်များက မြန်မာနိုင်ငံ သကြားစက်များအတွက် ကုန်ကြမ်းရရှိရန် ကြံမျိုးများ တင်သွင်းရာမှ ကြံအူနီရောဂါ ပျံ့နှံ့ကျရောက်ခဲ့ပြီး ကြံအထွက်ကို ၃၀-၅၀ ရာခိုင်နှုန်းအထိ ကျဆင်းစေခဲ့ကာ သကြားအထွက်ကို ထိခိုက်ခဲ့ခြင်း၊

လက်ရှိကာလတွင် မြန်မာနိုင်ငံ၌ ရှိပြီးဖြစ်သော တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပြင် ပြင်ဆင်ရန်နှင့် အသစ်ပြဋ္ဌာန်းရန် လိုအပ်မည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း ပြုစုပြဋ္ဌာန်း ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးရေးကဏ္ဍနှင့် သက်ဆိုင်သော ဥပဒေများဖြစ်သည့် မြေသြဇာ ဥပဒေ၊ ပိုးသတ်ဆေးဥပဒေ၊ မျိုးစေ့ဥပဒေ၊ အပင် ပိုးမွှားရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေး ဥပဒေများကို လက်ရှိ ခေတ်ကာလလိုအပ်ချက်နှင့် လိုက်လျော ညီထွေဖြစ်အောင် ပြင်ဆင်ပြုစုရေးဆွဲပြဋ္ဌာန်းလျက် ရှိပေရာ နိုင်ငံတကာ စံနှုန်းများနှင့်အညီ လိုက်နာ ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

- ၁၉၆၇ ခုနှစ်ဝန်းကျင်၌ ပါကစ္စတန်မှ မက်ဆီပက် ဂျုံမျိုးစေ့တင်သွင်းရာမှ မြန်မာနိုင်ငံ၌ မရှိခဲ့ဘူးသည့် မက်ဆီပက်ပေါင်းမျိုးများကြောင့် ဂျုံအထွက်ကို ၁၀-၃၀ ရာခိုင်နှုန်း ထိခိုက်ခဲ့ခြင်း၊
- ၁၉၇၀ ပြည့်နှစ်မတိုင်မီ မြေပဲမျိုးစေ့များ တင်သွင်းရာမှ မြန်မာနိုင်ငံတွင် မရှိသေးသော မြေပဲသံချေး (Red Rust) ရောဂါ ပျံ့နှံ့ကူးစက်ပြီး မြေပဲအထွက် ၅၀-၇၀ ရာခိုင်နှုန်း ထိခိုက်ခဲ့ခြင်း၊
- ၁၉၈၀ ပြည့်လွန်နှစ်များက မြန်မာနိုင်ငံသို့ တင်သွင်းခဲ့သော စပါးမျိုးစေ့များမှ စပါးရွက်ဖျားဖြူ (White tip disease) နီမတုတ်ပါရှိလာပြီး ဖျက်ဆီးရာမှ စပါးအထွက် ၇၀ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ခြင်း၊
- ၁၉၉၀-၁၉၉၁ ခုနှစ်တွင် ထိုင်းနိုင်ငံ ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ တင်သွင်းသည့် မတ်ပဲအစိမ်းမျိုးအား ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် စမ်းသပ်စိုက်ပျိုးရန် နမူနာပေး၍ စစ်ဆေးခဲ့ရာ မီးသွေးပုတ်ရောဂါ (Charcoal Rot Disease) ဖြစ်ပေါ်စေသော မှိုတွေ့ရှိရ၍ တင်သွင်းခွင့်မပြုဘဲ ငြင်းပယ်ခဲ့ရခြင်း၊
- ၁၉၉၃-၁၉၉၄ ခုနှစ်တွင် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့သော ငရုတ်မျိုး (Golden Heat 456) တွင် ပါလာခဲ့သော မှဲ့ပျောက်စွန်းရောဂါ (Anthracnose)၊ ကိုင်းဖျားခြောက် (Die back) မှိုရောဂါကြောင့် လုံးဝမရိတ်သိမ်းလိုက်ရသည်အထိ ဆုံးရှုံးခဲ့ရခြင်းကြောင့် F1 စပ်မျိုး တင်သွင်းမှုကို ရပ်ဆိုင်းခဲ့ရခြင်း၊
- ၁၉၉၅ ခုနှစ်ဝန်းကျင်၌ ရှမ်းပြည်မြောက်ပိုင်း မူဆယ်၊ နမ့်ခမ်းမြို့နယ်များမှ တောင်သူများ စားသုံးရန် တရုတ်နိုင်ငံမှ တင်သွင်းလာခဲ့သော ရွှေခရု (Golden Apple Snail)သည် မျိုးပွားနှုန်းမြန်ပြီး ကျန်တိုင်းနှင့် ပြည်နယ်များရှိ စပါးစိုက်ခင်းများသို့ ပျံ့နှံ့ဖျက်ဆီးခဲ့သဖြင့် ပျက်စီးမှုများစွာရှိခဲ့ခြင်း၊

ဖော်ပြပါ သာဓကများကြောင့် မြန်မာနိုင်ငံအတွင်းသို့ အလားတူ သီးနှံဖျက်ပိုးမွှား၊ ရောဂါ၊ ပေါင်းမြက် အစရှိသည့်တို့ ထပ်မံဝင်ရောက်မလာစေရန် ဖော်ပြပါ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထားလိုက်နာ စစ်ဆေးဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

အဆိုပါ လုပ်ငန်းရပ်များကို မြန်မာနိုင်ငံ တစ်ခုတည်းကသာ ဆောင်ရွက်နေခြင်း မဟုတ်ပါဘဲ စိုက်ပျိုးရေးလုပ်ငန်းများရှိသည့် နိုင်ငံတိုင်းကလည်း ၎င်းတို့၏ နိုင်ငံအတွင်းသို့ အပင်ပိုးမွှား၊ ရောဂါ၊ ပေါင်းမြက်အသစ်များကို မဝင်ရောက်လာနိုင်စေရန် အထူးစစ်ဆေး ကြပ်မတ်ဆောင်ရွက်နေသည်မှာလည်း သိသာထင်ရှားလှပါသည်။ အထူးသဖြင့် ဂျပန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် သြစတေးလျနိုင်ငံတို့သည် အပင်နှင့် အပင်ထွက်ပစ္စည်းများ ယင်းတို့၏နိုင်ငံအတွင်း ဝင်လာခဲ့ပါက အထူးအရေးကြီး လုပ်ငန်းတစ်ရပ်အနေဖြင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်ကို အထင်အရှားတွေ့နိုင်ပါသည်။

မကြာမီ အချိန်ကာလများတွင် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ (Asean Free Trade Area- AFTA) ဖြစ်ပေါ်လာစေရန် ဦးတည်ဆောင်ရွက်နေကြပြီဖြစ်ရာ အာဆီယံနိုင်ငံအချင်းချင်း ကုန်သွယ်မှုပြုရာ၌ လည်းကောင်း၊ ပြင်ပကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်ရာတွင် လည်းကောင်း၊ မိမိတို့နိုင်ငံမှ တင်ပို့သော ကုန်ပစ္စည်းများအတွက် အရည်အသွေးကောင်း ကုန်ပစ္စည်းများဖြစ်စေရန် အထူးကြိုးပမ်းရန် လိုအပ်ပါမည်။ ထို့အတူ မိမိတို့နိုင်ငံအတွင်းသို့ တင်သွင်းလာသည့် အပင်နှင့် အပင်ထွက်ပစ္စည်းများအတွက်လည်း သီးနှံပိုးမွှား၊ ရောဂါ၊ ပေါင်းမြက်များ ပြန့်ပွားနိုင်မှုရှုထောင့်မှနေ၍ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ပြဋ္ဌာန်းထားသောဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ နိုင်ငံတကာနှင့်တန်းတူ လိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

ယနေ့မြန်မာနိုင်ငံသည်လည်း ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာလျက်ရှိရာ လယ်ယာကုန်ထုတ်လုပ်မှုများမှ သွင်းကုန်/ပို့ကုန်လုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍမှ ပိုမိုတိုးတက် ပါဝင်ဆောင်ရွက်လျက်ရှိသည်နှင့်အညီ အပင်နှင့် အပင်ထွက်ပစ္စည်းများ ပိုမိုတင်သွင်းလာနိုင်မည့် အလားအလာများလည်း ရှိလာနေပြီဖြစ်သဖြင့် တင်သွင်းလာမည့် အပင်နှင့် အပင်ထွက်ပစ္စည်းများနှင့်အတူ ဆိုးရွားစွာ ကျရောက်ဖျက်ဆီးတတ်သည့် သီးနှံဖျက်ပိုးမွှား၊ ရောဂါ၊ ပေါင်းမြက် စသည်တို့ မြန်မာနိုင်ငံအတွင်း ဝင်ရောက်မလာစေရေးကို ယခုအချိန်မှစ၍ အလေးထား လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

အထက်ဖော်ပြပါ သီးနှံပိုးမွှားပြန့်ပွားမှု ထိန်းချုပ်သော လုပ်ငန်းစဉ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ကျွမ်းကျင်ပညာရှင်များနှင့် ဝန်ထမ်းများက အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

- ပြည်ပပို့ကုန် အပင်နှင့် အပင်ထွက်နမူနာများကို ပိုးမွှားကင်းရှင်းမှုရှိ၊ မရှိ စစ်ဆေးခြင်း၊ ပိုးမွှားရောဂါ ကင်းရှင်းကြောင်းလက်မှတ် ထုတ်ပေးခြင်း၊
- ပြည်ပမှ တင်သွင်းမည့် အပင်နှင့် အပင်ထွက်ပစ္စည်းများအား တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်များ ထုတ်ပေးခြင်း၊
- ပြည်ပမှ တင်သွင်းမည့် အပင်နှင့် အပင်ထွက်ပစ္စည်းများအား ဓာတ်ခွဲခန်း၌ ပိုးမွှား၊ ရောဂါ၊ ဓာတ်ကြွင်းပါဝင်မှုရှိ၊ မရှိ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

သီးနှံကာကွယ်ရေးဌာနခွဲအနေဖြင့် ယခုအခါ မြန်မာနိုင်ငံမှ အပင်နှင့် အပင်ထွက်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ခြင်းနှင့် တင်သွင်းခြင်းတို့အတွက် လိုအပ်သည့် ပိုးမွှားကင်းရှင်းကြောင်းလက်မှတ်နှင့် တင်သွင်းခွင့် ထောက်ခံချက်လက်မှတ်တို့ကို ကမ္ဘာ့ကုန်သွယ်ရေးတွင် သတ်မှတ်ထားသည့် (ISPMS: International Standard for Phytosanitary Measures) နှင့်အညီ ဆောင်ရွက်ပေးရပါသည်။

ဤလုပ်ငန်းများသည် မြန်မာနိုင်ငံနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့၊ တင်သွင်း ရောင်းချသော နိုင်ငံများအကြား ရေရှည်ကုန်သွယ်မှုကောင်းများ ရရှိရန်နှင့် ဈေးကွက်ရေရှည်တည်တံ့ခိုင်မြဲရန် အရေးကြီးလိုအပ်ချက်ဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား တရားဝင် ဆန်တင်ပို့ရောင်းချရာတွင် လိုအပ်သော ကြီးကြပ်စစ်ဆေးမှုများကို နှစ်ဖက်တာဝန်ရှိ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကုန်ပစ္စည်းအရည်အသွေးကြီးကြပ်စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်မှုအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (AQSIQ: Administration of Quality Supervision, Inspection and Quarantine) အကြား သဘောတူစာချုပ်အရ တရုတ်နိုင်ငံ၏ ထိန်းချုပ်ဖျက်ပိုးဖြစ်သော ကာပရာကျိုင်း၊ ကျိုင်းနီ၊ ပဲစေ့ထိုးပိုးနှင့် ဘားမြက်၊ ဇာမဏီမြက်၊ ပြောင်းစားဘီလူးပေါင်း၊ ဂွန်ဆင်မြက်၊ ကိုင်းတို့၏ အစေ့များမပါရှိရေး စစ်ဆေးပြီး ကျေနပ်မှသာ လက်ခံမည်ဖြစ်ရာ ရေရှည်တရုတ်နိုင်ငံနှင့် ဆန်ရောင်းဝယ်ရေးမှာ မည်မျှအရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း သိသာထင်ရှားလှပါသည်။

အလားတူပင် ဥရောပသမဂ္ဂ (EU) နိုင်ငံများသို့ ပဲပင်ပေါက်ဖောက်ရန်တင်ပို့မည့် ပဲတီစိမ်းနှင့် အခြားအညှောင့်ဖောက်ပဲမျိုးများ၌လည်း ပိုးမွှားကင်းရှင်းရေးအတွက် လိုအပ်သည့် အဆင့်အလိုက် သန့်စင်ခြင်း၊ စစ်ဆေးခြင်း စသည့် လုပ်ငန်းစဉ်များသည် နောင်ရေရှည်တည်တံ့နိုင်မည့် ဈေးကွက်ကို ထိန်းသိမ်းနိုင်မည့် အရေးကြီးလုပ်ငန်းများ ဖြစ်နေပေသည်။

ယခုလက်ရှိ အပင်နှင့် အပင်ထွက်ပစ္စည်းများကို တရုတ်၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်၊ သြစတေးလျ၊ နယူးဇီလန်နှင့် ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့ရာတွင် စနစ်တကျစစ်ဆေး၍ ပိုးမွှားရောဂါကင်းရှင်းကြောင်း လက်မှတ်များ ထုတ်ပေးလျက်ရှိသကဲ့သို့ တင်သွင်းခွင့် ထောက်ခံချက်လက်မှတ်များကို သြစတေးလျ၊ နယူးဇီလန်၊ ကနေဒါ၊ ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ အမေရိကန် အစရှိသည့် နိုင်ငံများမှ တင်သွင်းလာသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပြောင်း၊ စားတော်ပဲ၊ ဂျုံနှင့်

**အချပ်ပိုစာမျက်နှာ ၉ သို့** ☆

## အင်းဝဗားကရာကျောင်းတော်ကြီးသည် မြန်မာတို့၏ ဗိသုကာလက်ရာအဆင့်အတန်းကို ပြသနေ

**မန္တလေး ဖေဖော်ဝါရီ ၁၈**

အင်းဝ ဗားကရာကျောင်းတော်ကြီးသို့လာရောက်လေ့လာကြသည့် နိုင်ငံတကာခရီးသွားများက မြန်မာတို့၏ ဗိသုကာလက်ရာ အဆင့်အတန်းမြင့်မားကြောင်းကို အင်းဝဗားကရာကျောင်းတော်ကြီးက သက်သေပြလျက်ရှိကြောင်း ပြောဆိုကြသည်။

မြန်မာနိုင်ငံသို့ လာရောက်ကြသည့် နိုင်ငံတကာ ခရီးသွားများသည် မန္တလေးမြို့ရှိ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသများသို့ အများဆုံး သွားရောက် လည်ပတ်လျက်ရှိပြီး ၎င်းတို့၏ လေ့လာတွေ့ရှိချက်များကို ယခုလို သုံးသပ်ပြောကြားခဲ့သည်။

"အင်းဝမြို့နဲ့ ဗားကရာကျောင်းကြီးကို တွဲဖက်မြင်ရတာ ရှေးက နန်းမြို့တော်တစ်ခုကို ရောက်သွားသလို ခံစားရတယ်၊ ဗားကရာကျောင်းတော်ကြီးမှာ ထည့်သွင်းရေးဆွဲထားတဲ့ နယားရုပ်၊ ဂဠုန်ရုပ်အစရှိတဲ့ ပန်းပုလက်ရာတွေက နိုင်ငံတိုင်းမှာ တွေ့ရခဲတဲ့ အလွန်မြင့်မားတဲ့ ဗိသုကာအနုပညာလက်ရာတွေ ဖြစ်တယ်ဆိုတာကို ဒီကျောင်းတော်ကြီးက သက်သေပြနေပါတယ်၊ ပျက်စီးပျောက်ကွယ်မှုမရှိစေဖို့ စနစ်တကျ ထိန်းသိမ်းသင့်ပါတယ်"ဟု ဂျာမနီနိုင်ငံသား ခရီးသွားတစ်ဦးက ပြောသည်။



မန္တလေးမြို့သို့ ရောက်ရှိလာကြသည့် နိုင်ငံတကာခရီးသွား အများစုသည် မင်းကွန်း၊ အင်းဝ၊ ကုသိုလ်တော်၊ မန္တလေးတောင်နှင့် ဦးပိန်တံတားကြီးသို့ အဓိကသွားရောက်လေ့လာကြပြီး လေ့လာတွေ့ရှိချက်များကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးလေ့ရှိကြောင်း ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

**သီပေါ ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ရှိ မိုင်းမောဝ်ဧကရီစာအုပ်တိုက်မှ စာအုပ်များကို သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်နှင့် ကျေးလက်စာကြည့်တိုက်များအတွက်လည်းကောင်း၊ လားရှိုးမြို့ အမှတ် (၉) ရပ်ကွက်ရှိ ပြည်လုံးချမ်းသာစာကြည့်တိုက်အတွက်လည်းကောင်း ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က သီပေါမြို့နယ် စာရေးဆရာအသင်းရုံးတွင် ပြုလုပ်သည်။

ရှေးဦးစွာ သီပေါမြို့နယ် စာရေးဆရာ အသင်းဥက္ကဋ္ဌ ဦးလှမောင်လတ်(သီပေါကိုလတ်)က စာအုပ်များလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းမောဝ်ဧကရီစာအုပ်တိုက်မှ စီစဉ်ဖြန့်ချိသော ပါရမီခရီးလမ်းမှ မိုင်းဖုန်းဆရာတော်၊ မိုင်းမောဝ်ဧကရီစောမွန်လှ၊ တုံစင့်ဘိုးဘိုးကြီးနှင့်ကိုးမြို့ရှင်၊ ပုလဲယဉ်နန်းစာအုပ်များကို မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နီလာစိုးနှင့် လားရှိုးမြို့နယ်စာရေးဆရာအသင်းအမှုဆောင် ဦးသောင်းလွင်(နေမျိုးနွယ်-လားရှိုး)တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကိုနေ(သီပေါ)**

## ကျေးရွာမီးလင်းရေးအတွက် ဆိုလာပြားများ လှူဒါန်း

**လဲချား ဖေဖော်ဝါရီ ၁၈**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၃ ဒသမ ၈၆၃၈၂၀၀ သန်းဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိုင်းကိုင်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးက ကြီးမှူး၍ ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ်ရှိ ကျေးရွာများသို့ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မိုင်းကိုင်မြို့ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့က ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများကို လဲချားမြို့နယ်ရှိ ပုံနေကျေးရွာအုပ်စု ဝမ်ပုံကျေးရွာအတွက် ၇၄ စုံနှင့် တပ်မောက်ကျေးရွာအုပ်စု ကွန်ဟုန်းကျေးရွာအတွက် ၆၈ စုံ စုစုပေါင်း ၁၄၂ စုံအား ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ပြီး တင်ဒါအောင်ကုမ္ပဏီဖြစ်သည့် မဏိသုခကုမ္ပဏီက ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျေးရွာများသို့ သွားရောက်၍ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**ကေသီ(ပြန်/ဆက်)**



**ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် သံသုမာလမ်းနှင့် လွတ်လပ်ရေး လမ်းထောင့်တွင် ဖေဖော်ဝါရီ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် သဃ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုဦးနှင့် တပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူမှောင်ခိုကူးမှုဆိုင်ရာ အသိပညာပေး လုပ်ငန်းဆောင်ရွက်စဉ်။** ကြေးမုံ

### ☆ အချပ်ပိုစာမျက်နှာ ဆ မှ

စိုက်ပျိုးရန် မျိုးစေ့၊ ပင်ပိုင်းမျိုးပွားမည့် အစိတ်အပိုင်းများအတွက် ပိုးမွှားနှင့်ရောဂါများ စစ်ဆေးလျက် ပစ္စည်းထုတ်ယူရန် သဘောတူညီချက် (Agree to release) ထုတ်ပေးနေသည်ဟု သိရှိရပါသည်။ နိုင်ငံ၏ လိုအပ်ချက်အရ မျိုးစေ့များကို တင်သွင်းခြင်းကိစ္စတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များစွာ ရှိနေသည်ကို သတိပြုရန် လိုအပ်ပါသည်။

အထူးသဖြင့် နိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်ရန် ရည်ရွယ်ချက်ဖြင့် အပင်မျိုးသစ်များ၊ မျိုးစေ့၊ မျိုးကိုင်းများ တင်သွင်းရာတွင် အန္တရာယ်ရှိသည့် သီးနှံဖျက်ပိုးမွှား၊ ရောဂါ၊ ပေါင်းမြက်များ အဆိုပါ မျိုးစေ့များနှင့်အတူ ဝင်ရောက်မလာရေးကို ဥပဒေကြောင်းအရ ကာကွယ်ထိန်းချုပ်ရမည် ဖြစ်ပါသည်။ မည်သည့်ရည်ရွယ်ချက်ဖြင့် တင်သွင်းစေကာမူ အပင်ပိုးမွှားရောဂါ ပြန့်ပွားမှု ထိန်းချုပ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးမှုကို ခံယူစေပြီးမှသာလျှင် တင်သွင်းရန် ခွင့်ပြုရမည် ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် စစ်ဆေးသော လုပ်ငန်းစဉ်များကို နိုင်ငံတကာနည်းတူ ရန်ကုန်နှင့် မန္တလေးမြို့များရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များအပြင် နယ်စပ်ဝင်ပေါက် စစ်ဆေးရေးစခန်းများဖြစ်သည့် မူဆယ်၊ တာချီလိတ်၊ လွယ်ဂျယ်၊ ရိခေါဒါ၊ မြဝတီ၊ တမူး၊ ကော့သောင်း၊ မောင်တော၊ ကန်ပိုက်တီး၊ မယ်စဲ့တို့၌လည်း ပြည်ပမှ ဝင်ရောက်လာသော အပင်နှင့် အပင်ထွက်ပစ္စည်းများတွင် ပိုးမွှား၊ ရောဂါ၊ ပေါင်းမြက်များ ပါဝင်မှုရှိမရှိ စစ်ဆေးပြီး သီးနှံပိုးမွှားရောဂါ ပြန့်ပွားမှုထိန်းချုပ်သော လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြပါသည်။

ဤနေရာ၌ အလျဉ်းသင့်၍ ဤလုပ်ငန်းစဉ်၏ အရေးပါမှုကို အနည်းငယ် ဖော်ပြလိုပါသည်။ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများတွင် ပါဝင်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ မကြာမတင် ကာလများ၌ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုစနစ် အကောင်အထည်ဖော်ကြရမည် ဖြစ်ရာ ကုန်သွယ်ဖက်နိုင်ငံအချို့မှ ၎င်းတို့၏ နိုင်ငံများသို့ အပင်နှင့် အပင်ထွက်ပစ္စည်းများ တင်ပို့ရာတွင် အမျိုးသား သီးနှံကာကွယ်ရေးအဖွဲ့အစည်းမှ ဆောင်ရွက်ပေးရမည့် မတင်ပို့မီ ကြိုတင်ပေးပို့ရမည့် လိုအပ်ချက်များကို တောင်းဆိုအကြောင်းကြားလာသည်များ ရှိလာပြီဖြစ်ပါသည်။ ဗဟုသုတအလို့ငှာ ဖော်ပြရပါလျှင်-

- အာဆီယံဒေသအတွင်း သရက်၊ ဒူးရင်း၊ ပြောင်းဖူးနှင့် ကော်ဖီစေ့များ တင်ပို့ရာတွင် လိုက်နာဆောင်ရွက်ရမည့် ပိုးမွှား၊ ရောဂါ စစ်ဆေးမှုဆိုင်ရာ သတ်မှတ်ချက်များ၊
- မက္ကစီကိုနိုင်ငံသို့ သခွား၊ ခရမ်းချဉ်မျိုးစေ့များ တင်သွင်းရာ၌ လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များ၊
- အိန္ဒိယနိုင်ငံသို့ နှမ်းစေ့များ တင်သွင်းရာ၌ လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များ၊
- မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ မြေပဲဆံများ တင်ပို့ရာ၌ အဖလာတော့ဆင်(Aflatoxin) မှိုဆိပ်ကင်းရှင်းကြောင်း တာဝန်ယူရမည့် သတ်မှတ်ချက်များ၊
- မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ အုန်းသီး၊ ပြောင်းဖူးစေ့၊ ငရုတ်၊ ရာဘာ၊ ဆေးရွက်ကြီးနှင့် ဆန်လုံးညိုတင်ပို့ရာတွင် လိုက်နာဆောင်ရွက်ပေးရမည့် သတ်မှတ်ချက်များ၊
- အင်ဒိုနီးရှားနိုင်ငံမှ စိုက်ပျိုးရန် မျိုးစေ့၊ ပင်ပိုင်းမျိုးပွားမည့် အစိတ်အပိုင်းများအတွက် လိုအပ်ချက်၊ အချို့သော သီးနှံများအတွက် ဓာတ်ကြွင်းသတ်မှတ်ချက်များ၊
- မြန်မာနိုင်ငံမှ ဥရောပသမဂ္ဂ (EU) နိုင်ငံများသို့ ပဲပင်ပေါက်ဖောက်ရန် ပဲတီစိမ်းတင်ပို့ရာ၌ အီးယူဥပဒေအရ သတ်မှတ်သည့် GAP ( Good Agriculture Practices) နှင့် GHP (Good Hygiene Practices)နည်းစနစ်များနှင့် ကိုက်ညီသောကုန်ပစ္စည်းများကိုသာ ထောက်ခံချက်ထုတ်ပေးရန် တောင်းဆိုလာခဲ့ကြပါသည်။

နိုင်ငံတကာတွင် လယ်ယာ၊ သစ်တောထွက်ကုန်များကို ရောင်းဝယ်ဖောက်ကားကြရာ၌ ဝယ်ယူသော နိုင်ငံများကလည်း ၎င်းတို့၏နိုင်ငံအတွင်းသို့ ဆိုးရွားသော ပိုးမွှား၊ ရောဂါ၊ ပေါင်းမြက်မှအစ ဝင်ရောက်လာမည်ကို စိုးရိမ်သည့် အားလျော်စွာ စစ်ဆေးမှုဆိုင်ရာ ကန့်သတ်ချက်များ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်လျက် စစ်ဆေးဝယ်ယူလျက်ရှိသည်ကို ယနေ့လက်တွေ့တွေ့မြင်နေရပြီး ဖြစ်ပါသည်။ အလားတူပင် ရောင်းချသောနိုင်ငံများကလည်း ၎င်းတို့ရောင်းချသော လယ်ယာ၊ သစ်တောထွက်ပစ္စည်းများ၏ ရေရှည်ဈေးကွက်တည်မြဲရေးအတွက်လည်းကောင်း၊ ကုန်သွယ်မှုအခွန့်ရှည်ရေးတို့အတွက် မတင်ပို့မီ စည်းမျဉ်း စည်းကမ်း ဥပဒေများအရသော်လည်းကောင်း၊ တစ်ဘက်ဝယ်ယူသော နိုင်ငံ၏တောင်းဆိုချက်များနှင့် ကိုက်ညီသော စစ်ဆေးချက်များအရ တိတိကျကျ လိုက်နာစစ်ဆေးပေးရန် လိုအပ်ကြောင်း၊ ကုန်ပစ္စည်းတင်ပို့ရောင်းချသူများကလည်း နားလည်သဘောပေါက်ပြီး လိုက်နာဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ရေရှည်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းများ၌ ဖြတ်လမ်းနည်းမရှိကြောင်းကို ရေရှည်အကျိုးကို မျှော်ကိုး၍ အကြံပြုအပ်ပါသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ မလေးရှား၊ လာအို စသည့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော နိုင်ငံများအနေဖြင့်လည်း လယ်ယာထွက်ကုန်၊ သစ်တောထွက်ပစ္စည်းစသည်တို့ နယ်စပ်ဝင်ပေါက်များမှ အလွယ်တကူ ဝင်ရောက်လာနိုင်ကြရာ နယ်စပ်စစ်ဆေးရေးစခန်းများကိုလည်း တိုးချဲ့၍ ဖွင့်လှစ်ရန်နှင့် လိုအပ်သောဝန်ထမ်းများကိုလည်း သင်တန်းပေး တိုးချဲ့ခန့်ထားရန် လိုအပ်လာမည်ဖြစ်ပေသည်။

ဤဆောင်းပါးရေးသူအနေဖြင့် အဓိကထောက်ပြလိုသည့်အကြောင်းအရာများမှာ-

- လယ်ယာထွက်ကုန်၊ အပင်နှင့် အပင်ထွက်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများကို ဤနိုင်ငံအတွင်းသို့ တင်သွင်းသည်ဖြစ်စေ၊ ပြည်ပသို့ တင်ပို့သည်ဖြစ်စေ လိုအပ်သည့်စစ်ဆေးမှုများကို ဤနိုင်ငံအနေနှင့် စနစ်တကျ စစ်ဆေးလက်ခံသကဲ့သို့၊ တင်ပို့သော နိုင်ငံမှလက်ခံ၊ ကျေနပ်နိုင်မည့် စစ်ဆေးချက်ကို ခံယူနိုင်အောင် သေသေချာချာ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။
- ပို့ကုန်/သွင်းကုန်များကို ဥပဒေကြောင်းအရ စိစစ်ကြပ်မတ်နိုင်ရန်အတွက် နယ်စပ်ဝင်ပေါက် စစ်ဆေးရေးစခန်းများနှင့် ရန်ကုန်၊ မန္တလေးမြို့များရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ဆက်စပ်လျက်ရှိသည့် ဌာနဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို လက်ရှိထက် တိုးမြှင့်ရန် လိုအပ်ပါသည်။
- ဤအချက်သည် မြန်မာနိုင်ငံနှင့် ကုန်သွယ်ဖက်နိုင်ငံများအကြား ရေရှည်နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် လုပ်ငန်းရပ်ဖြစ်ပါသည်။ ဤအချက် အရေးကြီးကြောင်း ဥပမာဖော်ပြရလျှင် အမေရိကန်ပြည်ထောင်စုကဲ့သို့ ဖွံ့ဖြိုးပြီး နိုင်ငံ၌ပင်လျှင် ပြည်နယ်တစ်ခုနှင့်တစ်ခုအကြား အပင်နှင့် အပင်ထွက်ပစ္စည်းစစ်ဆေးမှုများ စနစ်တကျခံယူပြီး ပိုးမွှားရောဂါ ကင်းရှင်းမှသာ လက်မှတ်ထုတ်ပေးပြီး သယ်ယူခွင့်ပြုသည်မှာ ယနေ့လက်တွေ့ပင် ဖြစ်ပါသည်။
- စိုက်ပျိုးရေးထုတ်ကုန်များအတွက် ပို့ကုန်/သွင်းကုန်စနစ် အောင်မြင်စေရေးမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတစ်ခုတည်းကသာ ဆောင်ရွက်၍ မရနိုင်ဘဲ ဆက်စပ်ဝန်ကြီးဌာနများဖြစ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့အပြင် လုပ်ငန်းသဘောသဘာဝအရ ဆက်စပ်ပတ်သက်မှုရှိသည့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ပို့ကုန်/သွင်းကုန် လုပ်ကိုင်သူပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်လိုအပ်ပါသည်။
- မြန်မာနိုင်ငံ၏ ပို့ကုန်/သွင်းကုန်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒ၊ မဟာဗျူဟာများကို အခြေခံလျက် အကျိုးသက်ဆိုင်သူ၊ ဆက်စပ်ပတ်သက်သူများအားလုံးမှ ပြဋ္ဌာန်းထားသောဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သေချာစွာ နားလည်သဘောပေါက်ပြီး အားလုံးပါဝင်ရေးဆွဲထားသည့် နိုင်ငံအတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေမည့် "ပို့ကုန်/သွင်းကုန်စနစ်"တစ်ခုကို ချမှတ်လျက် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။
- ပို့ကုန်/သွင်းကုန် စနစ်အတွင်းရှိ အကျိုးသက်ဆိုင်သူ၊ ဆက်စပ်ပတ်သက်သူများအားလုံးမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာပြီး ပါဝင်ဆောင်ရွက်လာခြင်းသည် အနာဂတ်ကာလ ကောင်းကျိုးများကို ဖြစ်ထွန်းလာစေမည်ဖြစ်သည့်အတွက် ရေရှည်အတွက် စဉ်းစားသုံးသပ်ကာ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုချင်းမှ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် အားလုံးညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာသည်နှင့်အမျှ ဤဖော်ပြပါလုပ်ငန်းရပ်ကြီးသည် ပိုမိုအရေးကြီးလာသည်ဖြစ်ပြီး နိုင်ငံတကာ လယ်ယာထွက်ကုန် ကုန်သွယ်မှုဖွံ့ဖြိုးရေးကို တိုက်ရိုက်အကျိုးပြုမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။